ငြိမ်းချမ်းရေး

နှင့်

သိန်းဖေမြင့်

အန္တရာယ်

လက်ရွေးစဉ်

၅

ဗမာစာမျိုးသွီး စာပေဖြန့်ချီရေး

လမ်းစဉ်သတင်းစာ အယ်ဒီတာအဖွဲ့မှ ပြုစုသည်

လမ်းစဉ်သတင်းစာ အယ်ဒီတာအဖွဲ့မှ ပြုစုသော

ငြိမ်းချမ်းရေး

နှင့်

သိန်းဖေမြင့် အန္တရာယ်

လက်စွဲစဉ်

၄

အဖိုး-တကျပ်။

၁၉၆၃-ခုနှစ်

လမ်းစဉ် အယ်ဒီတာအဖွဲ့မှ ပြုစုသည်။

အုပ်ရေ ၂၅၀၀။

ထုတ်ဝေသူ ဦးစောလွင်(မှတ်ပုံတင် အမှတ် ၀၅၇၈)။

ပုံနှိပ်သူ ဗမာ အမျိုးသမီး ပုံနှိပ် တိုက်၊ အမှတ်-၉၉ မန္တလေးလမ်း၊ ကန်တော်ကလေးရန်ကုန်မြို့ (၀၄၈၈)တွင် ရိုက်နှိပ်သည်။

ညွှန်းအုပ်ကွင်း-

(၁) ငြိမ်းချမ်းရေးအဖျက်သမား သိန်းဖေမြင့်အလိုမရှိ။

(၂) ကွန်မြူနစ်ပါတီနှင့် သိန်းဖေမြင့်။

(၃) နိုင်ငံရေးမျက်လှည့်ဆရာကြီး သိန်းဖေမြင့်။

သိန်းဖေမြင့်နှင့်ပတ်သက်၍ ဦးနု၏မှတ်ချက် ၂-ခု။
တသီးပုဂ္ဂလကွန်မြူနစ်ကြီးလော-
ကွန်မြူနစ်ဆန့်ကျင်ရေးသမားလော-
အကြွင်းမဲ့ သို့ညွှတ်ရေးသမားလော- အခွဲဝါဒလော-
ပြည်သူ့ဘက်သားလော- ရန်သူဘက်သားလော-
အခြေခံဇစ်မြစ်နှင့် ပြောင်းလဲမှု။
သိန်းဖေမြင့်၏ နိုင်ငံရေးအယူအမြင်။
ငြိမ်းချမ်းရေးသမားလော-ငြိမ်းချမ်းရေး အဖျက်သမားလော

(၄) ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစုံနှင့် သိန်းဖေမြင့်။

ပြည်သူ့သို့ညွှတ်ရေးပါတီနှင့် သိန်းဖေမြင့်။
ပြည်သူ့ရဲဘော်ပါတီနှင့် သိန်းဖေမြင့်။
တော်လှန်ရေးကောင်စီနှင့် သိန်းဖေမြင့်။
အပြုံးထဲက အမုန်းဆရာကြီး သိန်းဖေမြင့်။
မုန်ယိုနေသောမင်းစီးဆင်ကြီး သိန်းဖေမြင့်

(၅) သိန်းဖေမြင့်၏ နိုင်ငံတကာ့ရေးရာအမြင်များ။

အမှာ။

"ဘားဒေါ်၏ နားရွက်အုပ် ဆံထုံးသည်မြန်မာအမျိုးသမီးများ၏ ခေါင်း၌ ခေတ်စားနေသကဲ့သို့၊ ဦးသိန်းဖေမြင့်တိုက်ပုံသည် ခေတ်စားနေ၏"ဟူ၍ ဦးသိန်းဖေမြင့်လိုလားသူအချို့က ရေးသားပြောဆိုနေကြ၏။

အမှန်အားဖြင့်၊ ဦးသိန်းဖေမြင့် တိုက်ပုံသည် ဖက်ရှင်မဟုတ်ဘဲ၊ သူ၏ ပြည်သူ့ဆန့်ကျင်ရေး ငြိမ်းချမ်းရေးအဖျက်လုပ်ငန်းက သူ့အားပြန်လည်၍ တန်ပြန်ရိုက်ခတ်နေခြင်း (ဝါ) ပြည်သူ့ပုဆိုးက ဒက်ခတ်နေခြင်းသာဖြစ်ပေသည်။

ယနေ့မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေး အဖျက်ရန်သူများသည် နယ်ချဲ့ သမားများ၊ နယ်ချဲ့ ပက်ပါးစေ ပြည်တွင်း ဖေါက်ပြန်ရေးသမားများ စသည်ဖြင့် အဖက်ဖက်မှ ဝိုင်းရံချောင်းမြောင်းလုပ်ကြံလျက် ရှိနေကြ၏။

ထိုငြိမ်းချမ်းရေး အဖျက်ရန်သူများစာရင်းတွင် ဦးသိန်းဖေမြင့်တဦးလည်း အပါအဝင်ဖြစ်နေ၏။

နယ်ချဲ့နှင့်ပြည်တွင်း တည်မြဲဖဆပလ စသော ဖေါက်ပြန်ရေးသမားများမှာ ပြည်သူတရပ်လုံးက ထောဝစဉ်အလစ်မပေးဘဲ ဦးတည်ကိုက်ခိုက်လာခဲ့သော ရန်သူများဖြစ်၍ ပြည်သူ့မြင်ကွင်း၌ ရှင်းလင်းပြတ်သားပြီးဖြစ်သော်လည်း ဦးသိန်းဖေမြင့်မှာကား လက်ဝဲအရေခြုံ နိုင်ငံရေး မျက်လှည့်သမား ဖြစ်ခဲ့သောကြောင့် အချို့သောပြည်သူလူထု အစိတ်အပိုင်းအတွင်း၌ မရှင်းလင်း မပြတ်သားဘဲ မှုန်ဝါးရှုပ်ထွေးစေနိုင်ခဲ့ပေသည်။

ထို့ပြင်၊ ဦးသိန်းဖေမြင့်သည် လိုင်စင်ရ စာရေးဆရာတဦးနှင့် အခွင့်ထူးခံ သတင်းစာဆရာတဦးလည်း ဖြစ်နေပြန်သောကြောင့် သူ၏ ဖေါက်ပြန်ရေး ဩဇာများကို ပြည်သူလူထုအတွင်း၌ လွတ်လပ်စွာရေးသားဖြန့်ချိနိုင်ခွင့် ရှိနေခဲ့ပေသည်။

ဦးသိန်းဖေမြင့်အား ကြာကြာဝါး၍ ခါးမှန်းသိလာခဲ့သော ပါတီ အဖွဲ့အစည်းတိုင်းက ဝိုင်းပယ်မောင်းထုတ်လျက်ရှိနေသော်လည်း၊ သူ၏ဘာဝမှန်အဖြေအမြစ်ကို စံနစ်တကျ မသိရှိသေးသည့် အချို့သော ပြည်သူ့ အစိတ်အပိုင်းများအတွင်း၌ အသက်ဝင်နေသော သိန်းဖေမြင့်ဝါဒသည် အသွင်တမျိုးဖြင့် တိုးဝင်အားယူကာ ပြန်လည်နလံထလာနိုင်ပေသေးသည်။

ထို့ကြောင့်လမ်းစဉ် အယ်ဒီတာအဖွဲ့သည်သိန်းဖေမြင့်ကိုယ်၎င်း၊ သိန်းဖေမြင့်ဝါဒကို၎င်း စံနစ်တကျ စစ်တမ်းထုတ်ကာ ပြည်သူ တရပ်လုံးလေ့လာသိရှိနိုင်စေရန်အတွက် "ငြိမ်းချမ်းရေးနှင့် သိန်းဖေမြင့်အန္တရာယ်" ဟူသော ဤစာအုပ်ကို ရေးသားထုတ်ဝေလိုက်ရပေသည်။

မာ့က်စ်ဝါဒအရေခြုံ ပြန်စည်ပြင်ဆင်ရေးဝါဒနှင့်လက်ဝဲအရေခြုံ စနစ်ရှင်ကိုယ်စားလှယ် နိုင်ငံရေးသမားများကျဆုံးရမည်။

နေ့စွဲ၊ ၁၅-၈-၆၂။ လမ်းစဉ်အယ်ဒီတာအဖွဲ့။

(၁)

ငြိမ်းချမ်းရေး အဖျက်သမား သိန်းဖေမြင့် အလိုမရှိ

မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏ ၆-လပတ်ညီလာခံမှ အထက်ပါ ပဲ့တင်သံအသည် တခဲနက်ပေါ်ထွက်၍လာခဲ့လေသည်။ ပြည်လုံးအနှံ့ လျှံတက်၍လည်း သွားခဲ့လေသည်။

သို့သော် ပေါ်ကြီးဖြစ်နေသော ဦးသိန်းဖေမြင့်၏ သတင်းသည် ရှီး လွန်းနေပြီဖြစ်၍ ပြည်သူတရပ်လုံးအဖို့ သတင်းဦး သတင်းထူး တပုဒ်ကား မဟုတ်တော့ပါပေ။

"ငြိမ်းချမ်းရေးကို သစ္စာဖေါက်သည်ဆိုခြင်းကိုလက်မခံနိုင်ကြောင်း။ တွေ့ဆုံဆွေးနွေးရေးဖြစ်တိုင်းလည်း ငြိမ်းချမ်းရေးမရနိုင်ကြောင်း။ တွေ့ဆုံဆွေးနွေးရေးဆိုသည်မှာ ငြိမ်းချမ်းရေး လုပ်ရာ၌ နည်းတနည်းသာ ဖြစ်ကြောင်း။ ပိုမိုလွတ်လပ်စွာ ရေးသားနိုင်ရန်နှင့် မလိုလားသူများ ဆန္ဒကို လိုက်လျောသော အားဖြင့် ဥက္ကဋ္ဌအဖြစ်မှ နှုတ်ထွက် လိုက်ကြောင်း"ဖြင့်၊ ဦးသိန်းဖေမြင့်က ကျေညာခဲ့၏။

ဇူလိုင်လ ၂၈-ရက်နေ့က ကျင်းပသော မြန်မာနိုင်ငံ စာရေးဆရာအသင်း ၆-လပတ်သင်းလုံးကျွတ်အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးသိန်းဖေမြင့်အပေါ် အယုံအကြည်မရှိကြောင်း အဆိုတခုတင်သွင်းခဲ့ရာ အဆိုကို မဲမခွဲမီမှာပင် ဦးသိန်းဖေမြင့်က အထက်ပါအတိုင်း ကျေညာရင်း နှုတ်ထွက်ခဲ့ပေသည်။

တွေ့ဆုံဆွေးနွေးရေး ဆိုသည်မှာ ငြိမ်းချမ်းရေး လုပ်ရာ၌ နည်းတနည်းသာဖြစ်ပေသည်။ နည်းပရိယာယ်နှင့် ဆိုင်သော သဘော တရား အရ ဤသို့ဆိုခြင်းသည် မှန်ပေသည်။

ငြိမ်းချမ်းရေး ရအောင် လုပ်ရာတွင် တွေ့ဆုံ ဆွေးနွေး သည့်နည်း၊ အပြုတ်တိုက်သည့်နည်းဟူ၍ အဓိကအားဖြင့် ၂-နည်းရှိပေသည်။ ဤနည်း ၂-နည်းသည် သဘောတရားနှင့်ဆိုင်ပေသည်။ သို့သော်ဤ ဂဘောတရားကို

ကျင့်သုံးရာတွင်(ဝါ)နည်း ၂-နည်းကိုရွေးချယ်ရာတွင် မှန်ကန်သော မှန်မြတ်သော အခြေအနေနှင့် ကိုက်ညီသော၊ အများဆန္ဒနှင့် ကိုက်ညီသော နည်းကို ရွေးချယ်နိုင်ခြင်းသည်သာလျှင် သဘောတရားကို တန်ဘိုးထားရာ ရောက်ပေလိမ့်မည်။

ထသဘောတရားက တွေ့ဆုံဆွေးနွေးတာကိုလဲ ခွင့်ပြုတယ်။ အပြုတ်တိုက်တာကိုလဲခွင့်ပြုတယ်။ ဒါကြောင့် ကိုယ်ကြိုက်ရာ ကိုယ်လုပ် နိုင်တယ်။ အများစုကြိုက်တာ မကြိုက်တာနဲ့ မဆိုင်ဘူးဟူသော သဘောထားမျိုးသည် သဘောတရားအား ယုတ်ညံ့အောင် လုပ်ပစ်ခြင်းသာ ဖြစ်ပေသည်။

"ဖြစ်ပွါးနေသော လက်နက်ကိုင် ပဋိပက္ခကို နိုင်ငံရေးအရဖြေရှင်းမှ ဖြစ်မည်ဖြစ်ကြောင်း"ဖြင့် လွန်ခဲ့သော ၁၀-နှစ် ၁၁-နှစ်ခန့်က မိန့်ကြားခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်းသည် ယခုအခါ နိုင်ငံရေးအရ ဖြေရှင်းရန် တွေ့ဆုံဆွေးနွေးမည်ဟု ကမ်းလှမ်းလိုက်ပေရာ၊ တွေ့ဆုံဆွေးနွေးဖြေရှင်းရန် တောင်းဆိုနေကြသော လက်နက်ကိုင် တော်လှန်ရေး အင်အားစုတို့ကလည်း ဗိုလ်ချုပ်ကြီးနေဝင်း၏ ကမ်းလှမ်းချက်ကို ကြိုဆိုကာ တွေ့ဆုံ ဆွေးနွေးရန် ပြင်ဆင်ခြင်း၊၊ စတင်ဆွေးနွေးခြင်းများပင် ပြုနေကြပြီဖြစ်ပေသည်။ ငြိမ်းချမ်းရေးကို အာသာဆန္ဒ ပြင်းပြစွာဖြင့် လိုလား တောင့်တလျက် ရှိသော ပြည်သူတို့ကလည်း မိမိတို့၏ ၁၅-နှစ် ကျော် ကျော် အတွေ့အကြုံ အရ အပြုတ်တိုက်သည့်နည်း၏အနိဋ္ဌာရုံများကိုလုံးဝမတွေ့လိုမမြင်လိုကြတော့ဘဲ တွေ့ဆုံဆွေးနွေးရေးနည်းကို တခဲနက်အုံကြထောက်ခံနေကြပေသည်။

ဤသို့သောအချိန်တွင် တွေ့ဆုံဆွေးနွေးတိုင်းလည်း ငြိမ်းချမ်းရေး မရနိုင်ကြောင်း၊၊ တွေ့ဆုံဆွေးနွေးရေးဆိုတာ နည်းတနည်းသာဖြစ်ကြောင်းဖြင့် ဦးသိန်းဖေမြင့်က ကျေညာလိုက်ခြင်းသည် တွေ့ဆုံ ဆွေးနွေးရေးကို မလိုလားကြောင်းဖေါ်ထုတ်ဖော်ပြသကဲ့သို့ဖြစ်နေပေသည်။

သဘောတရားအနေမျိုးဖြင့်ဤသို့ဆိုနိုင်ပြောနိုင်သော်လည်း တွေ့ဆုံဆွေးနွေးရေးနည်းကို ယခုကဲ့သို့ လက်တွေ့ ကျင့်သုံးနေသည့် အချိန်အခါမျိုးတွင် ဦးသိန်းဖေမြင့်က အပြုတ်တိုက်ရေးနည်းကို မျက်စပစ်ပြလိုက်ခြင်း မှာကား၊ ငြိမ်းရေးအတွက် အန္တရာယ် တရပ်ပင် ဖြစ်သည်ဟု ဆိုရပေတော့မည်။

ပြည်သူတို့သည်၎င်း၊ ဗိုလ်ချုပ်ကြီးနေဝင်းနှင့်တကွ တော်လှန်ရေး အစိုးရသည်၎င်း၊ တောတွင်းလက်နက်ကိုင်အင်အားစုတို့သည်၎င်း၊ အပြုတ်တိုက်ရေးနည်းနှင့် ဆန့်ကျင်ဘက် ဖြစ်သောနိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး ဖြေရှင်းသည့်နည်းကိုတညီတညွတ်တည်းလက်ခံကာ ဤနည်းအရ ငြိမ်းချမ်း

ရေးတည်ဆောက်ရန် ကြိုးပမ်းနေကြပေသည်။ ဦးသိန်းဖေမြင့်သည်ကာလ ဒေသ အခြေအနေကို သတိမူရန် လိုအပ်ပါလျက် ဤသို့သော သိမ်မွေ့နူးညံ့လှသည့်အချိန်အခါမျိုးတွင် အပြုတ်တိုက်သည့်နည်းဖြင့်လည်း ငြိမ်းချမ်းရေးရနိုင်ပါသည်ဟူသော သဘောမျိုးကို ကွေ့ကောက် သွယ်ဝိုက်၍ အန်ထုတ်လိုက်ခြင်းသည် တွေ့ဆုံဆွေးနွေးသည့်နည်းအပေါ်တွင် ဦးသိန်းဖေမြင့်အနေဖြင့် အလေးအနက် ယုံကြည်မှုမရှိကြောင်းထင်ရှားလှပေသည်။ အများစုဆန္ဒ၏ ရိုက်ခတ်မှုအရှိန်ကြောင့် တွေ့ဆုံဆွေးနွေးရေးကို ပြောဆိုရေးသားနေရသော်လည်း ဦးသိန်းဖေမြင့်၏ပင်ကိုယ်သဘောအတွင်း၌ မူလရှိရင်းစွဲ အပြုတ်တိုက်ရေးနည်းသည် ကိန်းအောင်းကျန်ရှိလျက်ပင်နေသေးကြောင်း ထင်ရှားပေသည်။သူ၏နည်းအပြုတ်တိုက်ရေးပြော့ကွက်ကိုရှာကာ ဟာကွက်ကိုကြည့်၍ ရရာအပေါက်မှ ထိုးသွင်းရန် အစဉ်ချောင်းမြောင်း ကြံစည်လျက်ရှိကြောင်း ပေါ်လွင်ထင်ရှားပေသည်။

အတိုချုပ်ဆိုရလျှင် ဦးသိန်းဖေမြင့်သည် တွေ့ဆုံဆွေးနွေးရေးစည်းဝိုင်းတွင်းသို့ ဝင်ရောက်ပြီး တွေ့ဆုံဆွေးနွေးသည့်နည်းဖြင့် ငြိမ်းချမ်းရေး ရရန် ကြိုးပမ်းနေသူတို့အား နောက်ကျောမှနေ၍ ချောင်းနေသူဖြစ်သည်။ ခါးပိုက်ထဲမှမြွေပွေးကဲ့သို့ အတွင်းသို့ဝင်၍ ဖျက်ရန်ကြိုးစားသူဖြစ်သည်။

တဖန် ဦးသိန်းဖေမြင့်သည် စာရေးဆရာအသင်း၏ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ရာ၌ ပိုမို လွတ် လပ် စွာ ရေးသား နိုင်ရန် နုတ်ထွက် ပါသည်ဟု ကျေညာလိုက်ပေသည်။

လွတ်လပ်စွာ ရေးသားရန် ဟူသည်မှာ ရှိအင့်ရှိထိုက်သော အခွင့်အရေးပင်ဖြစ်ပေသည်။ သဘောတရားအရဆိုလျှင် လွတ်လပ်စွာ ရေးသားခွင့်ရှိရပေလိမ့်မည်။ သို့သော် လွတ်လပ်စွာရေးသားခွင့်ရှိသည်ဆိုတိုင်း ဤအခွင့်အရေးကို လက်တွေ့အားဖြင့် ကျင့်သုံးရာတွင် တရားလက်လွတ် မပြုအပ်ပေ။ တရားလက်လွှတ်ကျင့်သုံးလာသည်ဆိုလျှင် လွတ်လပ်စွာရေးသားခွင့်ရှိရမည်ဟူသော သဘောတရားသည် ရေစုံမျောဘိုသာရှိပေသည်။ လွတ်လပ်စွာပြုမူနိုင်ခွင့်ရှိသည်ဆိုပြီး လုံချည်ကွင်းသိုင်းပြီး လမ်းမပေါ် လျှောက်ခါ ထင်သလိုသောင်းကျန်းနေသော သူရူးတယောက်အား ခွင့်လွှတ်ထား၍ မဖြစ်နိုင်ပေ။

ဦးသိန်းဖေမြင့်သည် ပိုမို လွတ်လပ်စွာ ရေးသား လိုသည်ဆိုသော အကြောင်း ပြချက်ဖြင့် စာရေး ဆရာ အသင်း ဥက္ကဋ္ဌ အဖြစ်မှ နုတ်ထွက် လိုက်သည်ဖြစ်ရာ လွတ်လပ်စွာ ဆက်လက် ရေးသားတော့မည်ပင် ဖြစ်ပေသည်။

သာမန်ယာဉ်မောင်းသူ ကားဒရိုင်ဘာတဦးအဘို့ပင်လျှင်စောင့်ထိန်းလိုက်နာရမည့်စည်းကမ်းနှင့် တာဝန်ဝတ္တရားတို့များပြားစွာ ရှိနေသေးလျှင် ယနေ့တိုင်းပြည်၏ သေရေးရှင်ရေးပြဿနာဖြစ်နေသောပြည်တွင်း ငြိမ်းချမ်းရေးကိစ္စ၌ကလောင်သမားဦးသိန်းဖေမြင့်သည်စည်းကမ်းနှင့်တာဝန်ဝတ္တရားများကို အစွမ်းကုန်ပို၍ ထိန်းသိမ်းရပေလိမ့်မည်။

"ငါ့ကလောင် ငါပိုင်သည်"

"ငါ့ကလောင် ငါရေး-သွေးပင်လယ် ဝေဝေ"ဟု သွေးရူးသွေးနှမ်းစိတ်ဖြင့် ကလောင်ကစားရန်မသင့်တော်ပေ။

ယာဉ်မောင်းသမားတဦးအတွက်ထိန်းသိမ်းရန် ယာဉ်ဥပဒေ၊ ယာဉ်ထိန်းရဲနှင့် မီးပြတိုင်များစိုက်ထူထားရသလို ဦးသိန်းဖေမြင့် အတွက်လည်း ထိန်းသိမ်းရန် အစီအမံများလိုအပ်လာနေပေသည်၊

ယခင်ကဦးသိန်းဖေမြင့်သည် ပါတီ အသင်းအဖွဲ့ များကို ဘုရားလိုက်ခေါင်းသဘွယ် အကာအကွယ် ယူကာ ပြည်သူအရပ်လုံးကို ရန်မူနေခဲ့သည်၊ငြိမ်းချမ်းရေးကို မာန်ဖီနေခဲ့သည်။

ပြည်သူတရပ်လုံးသည် ပါတီအသင်းအဖွဲ့များကို ထောက်ထား၍ လွတ်လပ်စွာတုန့်ပြန်ခွင့်မရှိခဲ့ပေ။

ယခု-ဦးသိန်းဖေမြင့်ကလည်း လွတ်လပ်စွာ ကလောင်သရမ်းနိုင်ရန် ကွင်းပြင်သို့ထွက်ခဲ့သည် နည်းတူ ပြည်သူများမှာလည်းလွတ်လပ်စွာတုံ့ပြန်ခွင့်ရရှိသွားခဲ့လေပြီ။

တွေ့ဆုံဆွေးနွေးရေးနည်းကို မလွဲမရှောင်သာ ထောက်ခံလာသယောင်ပြု၍ အခွင့်သာတိုင်းလက်မလွှတ်တမ်း ဖျက်ဆီးရန် ကြိုးစားလျက်ရှိသော ဦးသိန်းဖေမြင့်၏ "လွတ်လပ်စွာ" ရေးသားမှု ပြုမူမှုတို့ကိုဇာတ်ကြောင်းလှန်ရန် လိုအပ်ပေသည်။

\+ + +

"ငြိမ်းချမ်းရေးလုပ်ဘို့ရန်(ဝါ)လက်နက်စွန့်လွှတ်ဘို့ရန် အစိုးရနှင့် အမျိုးသားဒီမိုကရေစီလုပ်ငန်းတွေ ဆွေးနွေးဦးမည်။ ကြားနေရေး ဝါဒ စစ်မစစ် ဆွေးနွေးဦးမည်။ ဒီမိုကရေစီ အခွင့်အရေး ဆွေးနွေး ဦးမည်။ မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးပြီး သဘောတူညီမှ ကျေနပ်မှ ဝင်မည်ဆိုတဲ့ ကွန်မြူနစ်တွေရဲ့ တင်းမာတဲ့ တောင်းဆိုချက်ဟာ လက်ရှိအခြေအနေအရ ငြိမ်းချမ်းရေး မလုပ်ဘူးဆိုတာနှင့် အတူတူပါဘဲ"ဟူ၍ ဦးသိန်းဖေမြင့်က ဗိုလ်တထောင်နေ့စဉ် သတင်းစာ "ပွင့်ပွင့်လင်းလင်းပြောပါရစေ"ဟူသော အခန်း၌ ၁၁-၃-၆၂ နေ့စွဲဖြင့် ရေးသားဖော်ပြခဲ့၏။

အထက်ပါ ဦးသိန်းဖေမြင့်၏ အရေးအသားကိုကြည့်လျှင် တွေ့ဆုံဆွေးနွေးရေးနှင့်ပတ်သက်၍ လက်မခံသော သဘောထားကို အထင်အရှား တွေ့ရပေသည်။ ဦးသိန်းဖေမြင့်၏ အလိုမှာ တွေ့ဆုံ ဆွေးနွေးစရာ မလို၊ ဆွေးနွေးစရာအကြောင်းလည်းမရှိ တခါတည်း လက်နက် တန်းချရုံသာ ဖြစ်သည်ဟုဆိုလိုဟန်တူပေသည်။

ဦးသိန်းဖေမြင့်၏ ပင်ကိုယ်သဘောထားမှာ အပြုတ် တိုက်ရေးပင် ဖြစ်ပေသည်။ သို့သော် ဦးသိန်းဖေမြင့်သည် အပြုတ် တိုက်ရေး ဟူသော စကားလုံးကိုမူ မသုံးစွဲမိအောင် အထူးသတိထားသူဖြစ်ပေသည်။ ဦးသိန်းဖေမြင့် သုံးနေကျ စကားလုံးမှာ လက်နက်စွန့်ပြီး အလင်းဝင်ရေး ဟူ၍ ဖြစ်ပေသည်။ နားဝင်ချိုအောင် လှည့်ပတ်၍ သုံးစွဲခြင်းသာ ဖြစ်သည်။ လက်နက်ချ အညံ့ခံစေခြင်း၊ အပြုတ်တိုက်ခြင်းနှင့် မည်သို့မျှ အဓိပ္ပါယ် ခြားနားချင်းမရှိပေ။ ကြောင်းတူသံကွဲပင်ဖြစ်ပေသည်။

ထို့ကြောင့်ပင် ဦးသိန်းဖေမြင့်၏ ပင်ကိုယ်သဘောထားမှာ အပြုတ် တိုက်ရေးဖြစ်ပေသည်။ တနည်းအားဖြင့် မိမိကိုယ်ကိုမိမိ လှည့်စားသည့် သဘောဖြင့် ဖြစ်စေ၊ ပြည်သူတို့အား စကားလုံးလှလှနှင့် လှည့်စားသည့် သဘောဖြင့်ဖြစ်စေ၊သုံးစွဲလျက်ရှိသော လက်နက်စွန့် အလင်းဝင်ရေးဟူသည် မှာ ဦးသိန်းဖေဖြင့်၏ ပင်ကိုယ်သဘောထားပင်ဖြစ်ပေသည်။

အမှန်စင်စစ်အား ဦးသိန်းဖေမြင့်၏ အထက်ပါ ရေးသားချက်မှာ ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးအစိုးရ တက်လာကာစက ရေးသားခြင်းဖြစ်၍၊ ပထစ အစိုးရဝန်ကြီးချုပ် ဦးနုထံသို့ ၁၉၆၁-ခုဇွန်လ၊၁-ရက် နေ့စွဲဖြင့် ဗမာပြည် ကွန်မြူနစ် ပါတီက ပေးပို့သော စာကို ရည်ညွှန်း ထားဟန်ရှိပေသည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် တွေ့ဆုံဆွေးနွေးရေးကို စဉ်းစားခြင်းပင် ပြုလိမ့်မည်မဟုတ်ဘဲ၊ အပြုတ်တိုက်ရေး နည်းကိုသာ ကျင့်သုံး သွားလိမ့်မည်ဟု ဦးသိန်းဖေမြင့်အနေဖြင့် ထိုစဉ်က တွက်ဆမိခဲ့ဟန် ရှိသောကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းကို မျက်စပစ်သည့် သဘောဖြင့် အထက်ပါအတိုင်း ရေးသားလိုက်ခြင်းဖြစ်သည်ဟု ယူဆရပေသည်။

၁၉၆၁-ခု ဇွန်လ၊ ၁-ရက် နေ့စွဲဖြင့် ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူ ဦးနုထံသို့ ပေးပို့ခဲ့သော၊ဗမာပြည်ကွန်မြူနစ်ပါတီ၏စာပါအချက်အလက် များကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းကဇူလိုင်လ၅-ရက်နေ့တွင်ထုတ်ပြန် ကျေညာရာ၌-

"ဆက်လက်ပြီးတော့ စေ့စပ် ဆွေးနွေးလိုတဲ့ အချက် ၃-ချက်ကို ဖေါ်ပြထားတာကို တွေ့ရတယ်။ ယင်း ၃-ချက်ကတော့-

"(က) မြန်မာနိုင်ငံ အစိုးရသည် အင်္ဂလိပ် အမေရိကန် နယ်ချဲ့ ကျူးကျော်ရေးစစ်အုပ်စုထဲမပါဘဲ၊ အမျိုးသားလွတ်လပ်ရေး၊ငြိမ်းချမ်းစွာ အတူနေရေးဝါဒကို ပြတ်သားစွာ ကျင့်သုံးရေး။

"(ခ) ပြည်သူများသို့ ဒီမိုကရေစီအခွင့်အရေးများ ပြန်လည်ပေးရေး။ပြည်သူတို့၏ဒီမိုကရေစီအခွင့်အရေးများအာမခံရေး၊ မျိုးချစ်နိုင်ငံရေး အကျဉ်းသမားများအားလုံးလွတ်ပစ်ရေး။

"(ဂ) ကွန်မြူနစ် ပါတီနှင့် ဒီမိုကရေစီ ပါတီများ၊ လူထုအဖွဲ့ အစည်းများတရပ်ပင် တည်ရှိခွင့်နှင့် လုပ်ကိုင် ဆောင်ရွက်ခွင့် ပြန်ပေးရေး ဆိုတာတွေဖြစ်တယ်။"

အထက်ဖေါ်ပြခဲ့ပါ နေ့စွဲဖြင့် ရေးသားသော ပွင့်ပွင့် လင်းလင်း ပြောပါရစေ အခန်းမှာပင် ဦးသိန်းဖေမြင့်က-

"ကွန်မြူနစ်ပါတီနှင့် အခြားသူပုန်အဖွဲ့အစည်းများဟာဒီမိုကရေစီ အခွင့် အရေးတွေရမယ်ဆိုရင် လက်နက်စွန့်ပြီး အလင်းဝင် ကြဘို့ပါဘဲ။ ဒီမိုကရေစီအခွင့်အရေးအထူးသဖြင့် ချင်းချက်မရှိလွတ်ငြိမ်းချမ်းသာခွင့်နှင့် ပါတီတရားဝင်ထူထောင်ခွင့်ပေးရင်၊အလင်းဝင်ကြဘို့ဘဲ မပေးရင် မဝင်ကြ ဘို့ဘဲနေကြရှာဘဲ၊ ရှင်းရှင်းပေါ့"ဟူ၍ ဆက်လက်ရေးသားဖေါ်ပြထားပေ သည်။

ဤရေးသားချက်သည် အခွင့်ကြုံလျှင် ကြုံသလိုခြေထောက်လက်သွက် လုပ်တတ်သည့်အတိုင်း ဦးသိန်းဖေမြင့်သည် သူပုန်များအား လက်နက်ချ အညံ့ခံခိုင်းလိုက်ခြင်းဖြစ်ပေသည် တနည်းအားဖြင့်ဆိုရလျှင်-သူပုန်တွေကို အပြတ်တိုက်ပါဟု ဗိုလ်ချုပ်ကြီးနေဝင်းအား တိုက်တွန်း လိုက်ခြင်းပင်ဖြစ် ပေသည်။

လက်နက်ချစေသည့်နည်း (ဝါ)အပြတ်တိုက်နည်းကိုပင်ကိုယ်အား ဖြင့်ထောက်ခံလျက်ရှိသော ဦးသိန်းဖေမြင့်သည်ဤနေရာတွင် ဟန်မဆောင် နိုင်တော့ဘဲ၊ သူ၏သဘောထားမှန်ကို အန်ထုတ်လိုက်ခြင်းဖြစ်ပေသည်။

ထိုနောက်တဖန် ဦးသိန်းဖေမြင့်သည် အောက်ပါအတိုင်းဆက်လက် ၍ ရေးသားပြန်ထေးသည်။

"ကျွန်တော့အကြိုက်ဆုံးကတော့ သူပုန်တွေဟာ တောမခိုခင်က မူလဒီမိုကရေစီအခွင့်အရေးတွေပြန်ရအောင် စေ့စပ်ချင်ထပ ဆိုလျှင်(ဝါ) အဆုံးမသတ်နိုင်သော နိုင်ငံရေးဝါဒရေး ဆွေးနွေးပွဲ ငြင်းခုံပွဲမဟုတ်လျှင်၊

သူပုန်ကိုယ်စားလှယ်များ မြောင်အတီအလင်းလူထုရှေ့မှာ စေ့စပ် ပြောဆို စေချင်တယ်"

ဤတွင်စေ့စပ်ဆွေးနွေးရေးကိုထောက်ခံအားပေး သဘောင် လေသံကို ဖေါ်လာပြန်သည် စာတပုဒ်ထည်းမှာပင်၊ ရှေ့ပိုင်းတွင် လက်နက်ချ ခိုင်းပြီး အဆုံးသတ်ပိုင်းတွင် စေ့စပ်ဆွေးနွေးခိုင်းသည်ကို တွေ့နိုင်ပေသည်။ ဦးသိန်းဖေမြင့်သည် ရေစီးကိုမတားနိုင်တော့သဖြင့်ရေလာမြောင်းပေးလုပ် ခါ လမ်းလွှဲရန် ပါးနပ်စွာ အကြံအဖန်လုပ်ထားသည်ကိုတွေ့နိုင်ပေသည်။

အဆုံးသတ်ပိုင်းတွင် စေ့စပ်ဆွေးနွေးခိုင်းသည်ဟု ဆိုနိုင်သည့် တိုင် အောင် တကယ်အားဖြင့်ဦးသိန်းဖေမြင့်စေ့စပ်ဆွေးနွေးစေလိုသည့်ကိစ္စမှာ အချက်တချက်တည်းနှင့်သာ ပတ်သက်နေသည်ကို တွေ့ရပြန်ရာ၊ အကန့် အသတ်ထား၍ စေ့စပ်ဆွေးနွေးစေခြင်းကိုသာ ဦးသိန်းဖေမြင့် အနေဖြင့် အလိုရှိကြောင်း ပေါ်လွင်လျက်ရှိပေသည်။ ဦးသိန်းဖေမြင့် ဆွေးနွေးစေ စပ်ရန် ခွင့်ပြုလိုက်သည်။(ဝါ) ကန့်သတ်ပေးလိုက်သည်။(ဝါ)ဘောင်ခတ် ပေးလိုက်သည့်-စည်းကမ်းချက်မှာ"တောမခိုခင်က မူလဒီမိုကရေစီ အခွင့် အရေးတွေပြန်ရအောင် စေ့စပ်ချင်သပဆိုလျှင်" စေ့စပ်ရန်ဖြစ်ပေ သည်၊ (ဝါ)လက်နက်ချရေးအတွက် အစေအားစိပ်ညှိနိုင်းရန်သာ၊

ထိုနောက်တဖန် (၄-၇-၆၃)နေ့စွဲဖြင့် ရေးသားသော ဦးသိန်း ဖေမြင့်၏ ပွင့်ပွင့်လင်းလင်းပြောပါရစေ-တွင် အောက်ပါအတိုင်းဖေါ်ပြ ထားလေသည်။

"ချွတ်ယွင်းချက်တွေ ဘာတွေရှိရှိဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အရ ပြည်သူတို့မဲဖြင့် ရွေးကောက်လိုက်တဲ့ တရားဝင်အစိုးရဖြစ်တယ်၊လက် နက်ကိုင်ပြီး သူပုန်ထသူဟာအခြေခံဥပဒေပြင်ဘက်ရောက်သွားတယ်၊အခြေ ခံဥပဒေ စောင့်ထိန်းနေတဲ့ အစိုးရက လက်နက်ကိုင်ပြီး အခြေခံ ဥပဒေကို ဖျက်နေတဲ့ သူပုန်နှင့် သူပုန်လက်ထဲမှာ လက်နက်ရှိနေသမျှ တွေ့ဆုံဆွေး နွေးခြင်းမပြုနိုင်ဘူး။ဒါ-တိုင်းရင်းသား အရင်းရှင် ရပ်တည်ချက်ဖြစ်တယ်။ တခါက ဦးနုဟာသူနှင့် တွေ့ဆုံ ဆွေးနွေးလိုလျှင်သူပုန်ခေါင်းဆောင်တွေ ဟာစတီဖြစ်ဖြစ်တော့၊လက်နက်စွန့်လာခဲ့ရမယ်လို့ ပြောဘူးတယ်။ ပြီးတော့ ဥပဒေထဲရောက်တဲ့ အခါမှ အခြေခံ ဥပဒေအရ ရွေးကောက်ပွဲမှာအရွေးခံ ပြီး အာဏာယူနိုင်ကြတယ်လို့ သဘောထားခဲ့တယ်။

"အဲဒီတုန်းက သူပုန်တွေရဲ့ ရပ်တည်ချက် အထူးသဖြင့် အလံဖြူ ကွန်မြူနစ်ပါတီရဲ့ ရပ်တည်ချက်ကတော့ ငြိမ်းချမ်းရေးလုပ်ဖို့ ဆွေးနွေး မယ်။ လက်နက်စွန့်မယ်ဆိုတာ ကြိုတင် ဆုံးဖြတ် မထားနိုင်ဘူး အစိုးရနှင့်

တွေ့ဆုံဆွေးပြီး သဘောကျမှ ကျေနပ်မှုရမှ လက်နက်ကိုင် တိုက်ပွဲစွန့်မယ်။ ကြိုပြီးမစွန့်နိုင်ဘူး၊ ကြိုပြီးစွန့်ရန်လဲ ဆုံးဖြတ်မထားနိုင်ဘူး။

"ဒီလိုနှင့်ဘဲ ၁၄-နှစ်လုံးလုံး အစိုးရနှင့် သူပုန် 'ကပ်' နေကြတာဘဲ"။

ဦးသိန်းဖေမြင့်က အထက်ပါအတိုင်း ဦးနု အစိုးရနှင့်သူပုန်တို့အား 'ကပ်'နေကြသည်ဟု ဖေါ်ပြထား၏။

အမှန်စင်စစ်အားဖြင့် ဦးနု အစိုးရသည် သူပုန်တို့အား မဆွေးနွေးမီ ကြိုတင်လက်နက်ချခိုင်းခြင်းသာ ဖြစ်ပေသည်။

ထိုစဉ်အခါက ဗမာပြည်ကွန်မြူနစ်ပါတီမှ ဗမာပြည်အလုပ်သမားပါတီသို့ စာတစောင်ပေးပို့လိုက်သည့် သတင်းကို ၁၉၅၈-ခု၊ ဩဂုတ်လ ၂၉-ရက်နေ့ထုတ် သတင်းစာများတွင် ဖေါ်ပြထားကြ၏။

ဖေါ်ပြကြရာတွင် ယခုအခြေအနေ၌ လက်နက်ချ အညံ့ခံနည်းနှင့် ၂-ဦး ၂-ဖက်ဆွေးနွေးစေ့စပ်ရပ်စဲနည်း ဟူ၍ ၂-နည်းရှိကြောင်း။ ၂-ဖက်စေ့စပ်ဆွေးနွေးနည်းမှာ အရှုံးအနိုင်မရှိသောသူမနာကိုယ်မနာရပ်စဲနည်းဖြစ်ကြောင်း။ ဦးနု၏ တောင်းဆိုချက်မှာ လက်နက်ကိုင်တိုက်ပွဲစွန့်ကြောင်း ကျေညာ၍ လက်နက်ကို စစ်တပ်အပ်ပြီး အလင်းဝင်ခဲ့ဟူ၍ဖြစ်ရာ အစဉ်တစိုက် အပြောင်းအလဲမရှိကြောင်း။လက်နက်ချအညံ့ခံနည်းဖြစ်၍ဦးဗဆွေက သူတို့နှင့် မကူညာဟုဆိုခြင်းမှာ အမှန်ပင်ဖြစ်ကြောင်း။ ၂-ဖက် ဆွေးနွေး၍ ၂-ဖက်ပြေလည်မှုရှိပြီး လက်နက်များကို ပေးအပ်လျှင် လက်နက်ချအညံ့ခံရေးမဟုတ်ကြောင်း။ ၂-ဖက် တန်းတူ ဆွေးနွေး၍ ပြေလည်မှုရပြီး ရှော့ပတ္တမြား ရော့နဂါး အပေးအယူဖြစ်ကြောင်း။ ကာယကံရှင်အချင်းချင်း မတွေ့ဆုံနိုင်ဘဲ ပြဿနာမှာ မပြီးဆုံးနိုင်ကြောင်း ဟူ၍ ဖေါ်ပြထားသည်ကို တွေ့ရပေသည်။

အစိုးရနှင့် သူပုန် ၂-ဖက် ပြေလည်အောင် စေ့စပ်ဆွေးနွေးခြင်းမပြုရသေးမီ လက်နက်ချခိုင်းသော ဝန်ကြီးချုပ် ဦးနု၏ အဆိုကို လက်မခံငြင်းဆန်သော သူပုန်တို့အား ဦးနုအစိုးရနည်းတူ 'ကပ်'နေသည်ဟုဆိုကာ ဦးသိန်းဖေမြင့်က ပြစ်တင်မောင်းမဲလိုက်ပေသည်။အနှစ်သာရအားဖြင့် အညံ့ခံ အရှုံးပေးပြီး လက်နက်မချကောင်းလားဟု ဦးသိန်းဖေမြင့်က ကွန်မြူနစ်ပါတီအပေါ် မကျေနိုင်မချမ်းနိုင်ဖြစ်နေခြင်းဖြစ်ပေသည်။

ဦးသိန်းဖေမြင့်သည်ကွန်မြူနစ်ပါတီအပေါ်လက်နက်မချ၍မကျေချမ်းနိုင်ဖြစ်နေသည့် နည်းတူ "တွေ့ဆုံဆွေးနွေးရေးကို လိုက်လျောခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်းအပေါ်၌လည်း ကျဲမြဲတိုနေဟန် တူလေသည်။

သူ၏ (၄-၇-၆၃)နေ့ ဆောင်းပါးအရ "ယခင် အစိုးရ တွေဟာ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ ပြည်သူ့မဲဖြင့် ရွေးကောက်ထားတဲ့ တရားဝင်အစိုးရဖြစ်လို့ အခြေခံဥပဒေအပြင်ဘက်မှာရှိနေတဲ့ သူပုန်တွေနဲ့ တွေ့ဆုံဆွေးနွေးရေးမလုပ်ခဲ့ခြင်းဖြစ်ပြီး၊ယခုတော်လှန်ရေးကောင်စီကတော့ တရားဝင်အစိုးရမဟုတ်တဲ့အတွက် (ဝါ)သူပုန်အချင်းချင်း အခြေခံ ဥပဒေပြင်ဘက်က လူချင်းမို့တွေ့ဆုံဆွေးနွေးရေးလက်ခံသဖြောင် နှစ်ခွအမိပွါယ် ထွက်စေပေသည်။

ဤတွင်လည်း ဦးသိန်းဖေမြင့်၏ လက်နက်ချစေရေး၊အပြုတ်တိုက်ရေးဟူသော ဇာတိရုပ်သည် မဖုံးနိုင် မဖိနိုင်ဘဲ ပေါ်လာပြန်လေသည်။

၁၉၅၆-၅၇-ခုနှစ်ပါလီမန်ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဘုတလင်အမတ်(ပမညတ)အဖြစ် ဆွေးနွေးခဲ့စဉ်ကလည်း ဦးသိန်းဖေမြင့်သည် ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံရေးအရဆွေးနွေးစေ့စပ်သင့်သည်ဟု တကြိမ်ကထုတ်ဖေါ်ပြောဆိုခဲ့ပေသည်။ ၅-လကျော်ကျော်သာ သက်တမ်းရှိသေးသော ပမညတ အဖွဲ့ကြီးသည်ပြည်တွင်းငြိမ်းချမ်းရေးကို တွေ့ဆုံ ဆွေးနွေးစေ့စပ်သည့် နည်းဖြင့် ရအောင်လုပ်မည် ဟူသော ကြွေးကြော်သံဖြင့် ၁၉၅၆-ခု ဧပြီလတွင် ကျင်းပသော အထွေထွေရွေးကောက်ပွဲကြီး၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မဲပေါင်း ၁,၂၇၃,၆၂၂ (၃၆.၅-ရာခိုင်နှုန်း) ရခဲ့၍၊ အာဏာရ ဖဆပလ အဖွဲ့သည် မဲပေါင်း ၁,၈၂၆,၀၂၀(၅၂.၅-ရာခိုင်နှုန်း)ရရှိခဲ့ပေသည်။

တွေ့ဆုံ ဆွေးနွေး စေ့စပ်ခြင်းဖြင့် ပြည်တွင်း ငြိမ်းချမ်းရေး ရယူလိုသော ပြည်သူလူထု၏ ဆန္ဒကို တွက်ချက်နိုင်ပေသည်။ ထိုစဉ်က ဦးသိန်းဖေမြင့်၏ အသံသည် လွှတ်တော်အတွင်း၌ရော လွှတ်တော်အပြင်၌ပါ၊ တွေ့ဆုံဆွေးနွေးရေးဘက်တွင် ရပ်တည်ခဲ့ပေသည်။ ပြည်သူ့ဆန္ဒ၏ အရှိန်အဝါသည် ဦးသိန်းဖေမြင့်အပေါ်တွင် ဩဇာသက်ရောက်ခဲ့ပေသည်။ တနည်းအားဖြင့် ပြည်သူ့အင်အားစုများက ဦးသိန်းဖေမြင့်အားချုပ်ကိုင် ထားနိုင်ခဲ့ပေသည်။

ဖဆပလ နှစ်ခြမ်းကွဲပြီးသည့်နောက် နုတင် အုပ်စု ခေါင်းဆောင်သော သန့်ရှင်းအစိုးရ တက်လာချိန်တွင်မူ၊ ပမညတ အတွင်း၌ နိုင်ငံရေးအကျပ်အတည်း ဆိုက်ခဲ့ရပေသည်။ သန့်ရှင်း ဖဆပလ အစိုးရဝန်ကြီးချုပ် ဦးနု၏ ၁၉၅၈-ခု ဇွန်လ ၂၄-ရက်နေ့ အသံလွှင့် မိန့်ခွန်းသည် ပမညတညီလာခံ ဆုံးဖြတ်ချက်နှင့် မဲဆန္ဒရှင်များ၏ဆန္ဒနှင့်ငြင်း၊ ကမ္ဘာအေးဖဆပလ ညီလာခံ ဦးနုမိန့်ခွန်းနှင့်ငြင်း၊ သူမနာကိုယ်မနာသင်ပုန်းချေရေး၊ အာဏာတ

မထားရေး၊ သွေးတူရည်တူ ဆွေးနွေးဖြေရှင်းရေး မူများနှင့်ရင်း၊ဆန့်ကျင်နေပါလျက်၊ ပမညတ အဖွဲ့ကြီးသည် ဇွန်လ ၂၈-ရက်နေ့တွင် ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် သဘောထား ကြေညာစာတမ်းကိုထုတ်ပြန်ခဲ့ပေသည်။

ထိုကြေညာစာတမ်းတွင် ''အစိုးရကပေးအပ်ထားသောသင်ပုန်းချေလွတ်ငြိမ်းခွင့်နှင့် တရားဝင် ပါတီအဖွဲ့အစည်းများအဖြစ် ထူထောင်လှုပ်ရှားနိုင်ခွင့်တည်းဟူသော (ဝန်ကြီးချုပ်၏ ကတိ ၂-ချက်ကို လူထု အားဖြင့် မိမိရရ ဆုပ်ကိုင်လျက်ဥပဒေတွင်းသို့ အမြန်ဆုံးဝင်ရောက်ကြပါရန် မေတ္တာရပ်ခံ ပန်ကြားလိုက်ပါသည်'' ဟုတောခိုတော်လှန်ရေးအင်အားစုများအား ဖိတ်ခေါ်ခဲ့ပေသည်။

ဦးနု၏ တောင်းဆိုချက်မှာ လက်နက်ချ အညံ့ခံစေရန် ဟူသော သဘောဖြစ်နေပြီး၊တရားမျှတမှုမရှိ သင်ပုန်းချေရာမကျသဖြင့် ပမညတ၏ ဖိတ်ခေါ်ချက်ကို လက်မခံနိုင်ကြောင်းဖြင့် ဗမာပြည် ကွန်မြူနစ်ပါတီက ပမညတသို့ စာပြန်ကြားခဲ့လေသည်။

တောတွင်းအင်အားစုများအား ဖိတ်ခေါ်သည့် ကြေညာချက်ကို မထုတ်ပြန်မီက ထိုကြေညာချက် ထုတ်ပြန်ရေးနှင့်ပတ်သက်၍ ပမညတ အတွင်း၌ သဘောကွဲလွဲမှုပေါ်ပေါက်လျက်ရှိကြောင်းကို ထိုစဉ်က ထုတ်ဝေသော သတင်းစာများအရ သိရှိရပေသည်။ကျွန်ုပ်တို့လမ်းစဉ်သတင်းစာ၌ ဇွန်လ ၁၆-ရက်နေ့ ပမညတ သဘာပတိ အစည်းအဝေး သတင်းကို အောက်ပါအတိုင်းဖော်ပြထားပေသည်။

ပမညတ သဘာပတိအဖွဲ့ အတွင်း၌သဘောထား ၂-ရပ်ကွဲပြားနေကြောင်း၊သဘောထား တရပ်မှာစေ့စပ်ဆွေးနွေး၍ ပြည်တွင်းစစ်ရပ်စဲစေရန်ဖြစ်ပြီး ကျန်သဘောထားမှာ စေ့စပ်ဆွေးနွေးရန်မလိုတော့ဘဲ၊ ပြည်တွင်းစစ် ရပ်စဲပစ်ရန်ဖြစ်ကြောင်း။ စေ့စပ်ဆွေးနွေးရန်မလိုတော့ဘဲ ပြည်တွင်းစစ်ရပ်စဲပစ်ရန်ဟူသော အကြောင်းပြချက်မှာ ယခုအခါ နိုင်ငံတော်အစိုးရထံမှကွန်မြူနစ်ပါတီကအလိုရှိနေသော နိုင်ငံရေးကတိများရရှိနေပြီဖြစ်ကြောင်း။....၎င်းကတိများမှာ ဥပမာအားဖြင့်-

(က) နိုင်ငံရေးအကျဉ်းသမား အားလုံးလွှတ်ပစ်ရန်။ (ခ) ပြည်တွင်းစစ်ကို အကြောင်းပြု၍ ပြဋ္ဌာန်းခဲ့သောဖိနှိပ်ချုပ်ချယ်ရေး ဥပဒေများကိုရုပ်သိမ်းပယ်ဖျက်ရန်။(ဂ)ပြည်တွင်းစစ်ကိုအကြောင်းပြု၍ဖွဲ့စည်းခဲ့သော ခါးပိုက်ဆောင် တပ်များကို (တပ်မတော်နှင့် ရဲမှအပ) ဖျက်သိမ်း ပစ်ရန်။ (ဃ) ပါတီအဖွဲ့အစည်းများ အားလုံးတရားဝင် တည်ထောင်ခွင့် ပေးရန်။

(င) ပြည်တွင်းစစ်အတွင်း ကျူးလွန်မှုများကို သင်ပုန်းချေရန်-ဟူသော ဒီမိုကရေစီအာမခံချက်များကို အခိုင်အမာပေးရန် စသည်တို့ဖြစ်ပြီး ၎င်းတောင်းဆိုချက်များမှာ နိုင်ငံရေးအရ ဂတိပေးပြီးဖြစ်၍တွေ့ဆုံဆွေးနွေးရန် မလိုတော့ဟူ၍ အကြောင်းပြကြသည် ဆိုကြောင်းဖြင့် ရေးသား ထားပေသည်။

တွေ့ဆုံဆွေးနွေးရန် မလိုတော့ ဟူသော သဘောထားသည် ၎င်း။ ဒီမိုကရေစီအခွင့်အရေးအပေါ်တွင်သာ သူပုန်နှင့် အစိုးရပြေလည်သဘောတူညီရေးဟူသော သဘောထားသည်၎င်း။ ပမညတ အတွင်းတွင် ထိုစဉ်က ဝင်လာခဲ့ပေသည်။ ထိုသို့သောသဘောထားမျိုးကို သွင်းလာရာတွင်အရေးပါအထိရောက်ဆုံးသောပုဂ္ဂိုလ်မှာ ဦးသိန်းဖေမြင့်ပင်ဖြစ်နေသည်ကိုဤစာအုပ်နောက်ပိုင်း၌ တွေ့ရပေလိမ့်မည်။

ဤသို့ဖြင့် ဦးသိန်းဖေမြင့်၏ ငြိမ်းချမ်းရေးနှင့် ပတ်သက်သော သဘောထားသည် အချိန်အခါအလိုက် အပေါ်ရံအသွင် ပြောင်းခဲ့သော်လည်း အမှန်စင်စစ်အားဖြင့် သူပုန်တို့အား လက်နက်ချခိုင်းသည့်နည်း(ဝါ) သူပုန်များအား အမှားဝန်ခံခိုင်းကာ ပြည်တွင်းစစ် တရားခံအဖြစ် စွပ်စွဲလိုသော နည်း(ဝါ)အပြုတ်တိုက်နည်းသာ တသမတ်တည်း ဖြစ်ခဲ့ပေသည်။

''တော်လှန်ရေး ကာလ နိုင်ငံရေး အတွေ့အကြုံများ'' ဟူသော ဦးသိန်းဖေမြင့် စာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြထား၏။

''ပြည်သူ့ရဲဘော်ခေါင်းဆောင်များနှင့်သိန်းဖေတို့သည်။ပြည်တွင်း စစ် ဖြစ်လာသော်လည်း လက်ဝဲညီညွတ်ရေး၊ ငြိမ်းချမ်းရေးအတွက် လက်မလျှော့ကြသေးချေ။ဝန်ကြီးချုပ်သခင်နုသည်လည်း အစိုးရခေါင်းဆောင် အနေနှင့် ကော်မြူနစ်များအား ချေလိုက်မည်မှုန်းလိုက်မည်ဟု ကြိမ်းဝါး နေသော်လည်း ငြိမ်းချမ်းရေးလုပ်လိုသည်။ ဆိုရှယ်လစ်ပါတီကလည်း အချင်းချင်းတိုက်နေခြင်းအားဖြင့် လွတ်လပ်ရေးဆုံးရှုံးမည့် အန္တရာယ်နှင့် ရည်မှန်းထားသော ဘဝသစ်တည်ဆောက်ရေး ပျက်ပြားမည့်အလားအလာ တို့ကိုမြင်လေသည်။ တပ်မတော်ခေါင်းဆောင်များကလည်း အချင်းချင်း တိုက်ရခြင်းကို မလိုလားကြချေ။ ပြည်သူပြည်သား လူအများနှင့် မျိုးချစ် သတင်းစာအချို့ကလည်း အချင်းချင်းပြည်တွင်းစစ် ဖြစ်နေသည်ကို မလို လားကြချေ။ (ဥပမာ ရန်ကုန်၊ မြန်မာ့အလင်း၊ ဟစ်တိုင်)။ထိုအကြောင်း များကြောင့် ပြည်သူ့ရဲဘော် အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့၊ ဆိုရှယ်လစ် အမှုဆောင်အဖွဲ့နှင့် ဝန်ကြီးချုပ် ဦးနု။ ဗိုလ်လကျာ။ ဦးအုံးနှင့် သိန်းဖေ တို့သည်။ ဧပြီလ၊ မေလများ၌ အစည်းအဝေးများ လုပ်ကြလေသည်။

သိန်းဖေ၏ "ဒီမိုကရေစီ တော်လှန်ရေး အတွက် တမျိုးသားလုံး ညီညွတ်ရေး၏ မဏ္ဍိုင်ဖြစ်သော လက်ဝဲ ညီညွတ်ရေးသို့"ဟူသောအထက်တနေရာတွင် ဖေါ်ပြပါစာတမ်းကို အခြေခံ၍ ဆွေးနွေးပွဲများမှ နုံငြိမ်းချမ်းရေးမူ ပေါ်လာခဲ့လေသည်။ ၁၄-ချက်ပါသော အမျိုးသားလုပ်ငန်းစဉ်ဖြစ်သည်။ (အချက် အမှတ် ၁၅-မှာ မာ့က်စ် လီနင်ဝါဒလေ့လာရေး ဖြန့်ဖြူးရေး လုပ်ငန်းဖြစ်သဖြင့် လက်ဝဲသမားများနှင့်သာဆိုင်ပြီး၊ တမျိုးသား လုံးနှင့် မဆိုင်သောကြောင့် တပြည်လုံး တမျိုးသားလုံးအတွက် ချမှတ်သောအခါ ချန်ထားခဲ့ခြင်းဖြစ်သည်။)"

၁၉၄၇-ခုနှစ် လယ်လောက်တွင်၊ နု-မူ ပေါ်ထွက် လာခဲ့ရပုံကို ဦးသိန်းဖေမြင့်က သူ့စာအုပ်ထဲတွင် ဤသို့ရေးသားပြီးနောက်-.

"တမျိုးသားလုံး ညီညွတ်ရေး၏ မဏ္ဍိုင်ဖြစ်သော လက်ဝဲညီညွတ်ရေး ကျေညာချက် လက်ဝဲညီညွတ်ရေးအတွက် ဖဆပလဥက္ကဋ္ဌ သခင်နု၏ ကျေညာချက်"ဟူ၍ စာလုံး အလတ်အသေး၊ အကြီး ခွဲခြား၍ ခေါင်းစဉ်တပ်ထားသော၊ ထိုစဉ်က ဝန်ကြီးချုပ်ဦးနု၏ ကျေညာချက်ကို ထိုစာအုပ်ထဲတွင် ဆက်လက်ဖေါ်ပြထားပေသည်။ ဤကျေညာချက်သည် "နု-ငြိမ်းချမ်းရေးမူ"သို့မဟုတ် "နုမူ"ဟူ၍ အမည်တွင်ခဲ့ပေသည်။

ထို နုမူ ဆည် ဦးသိန်းဖေမြင့်၏ "ဒီမိုကရေစီ တော်လှန်ရေးအတွက် တမျိုးသားလုံး ညီညွတ်ရေး၏ မဏ္ဍိုင်ဖြစ်သော လက်ဝဲညီညွတ်ရေးသို့" ဟူသောစာတမ်းတွင် မြစ်ဖျားခံ၍ စီးဆင်း ပေါ်ထွက်ခဲ့ရခြင်း ဖြစ်ပေရာ နု-မူ ဟုအမည်တွင်ခဲ့စေကာမူ၊ အမှန်စင်စစ်အားဖြင့်ကား၊ဦးသိန်းဖေမြင့်၏ မူပင်ဖြစ်လေသည်။ ထိုစဉ်က ထိုမူကို ဦးသိန်းဖေ (ဦးသိန်းဖေမြင့်) ကပင် ရေးဆွဲသည်ဟု နားလည်ခဲ့ကြသည်။ ထို့ကြောင့် "သိန်းဖေမူ" ဟုပင် အရပ်စကားအနေဖြင့်ပြောဆိုခဲ့ကြပေသည်။

ထိုနုမူကျေညာချက်၏ အဆုံးပိုင်းစည်းရုံးရေးကိစ္စများကို ဖေါ်ပြရာ၌၊ အချက် ၂-ချက်ပါဝင်သည့် အနက်၊ ဒုတိယအချက်ဖြစ်သော လက်ဝဲကော်မတီဖွဲ့စည်းရေးကို အောက်ပါအတိုင်း ဖေါ်ပြထား၏။

"(၂) အောက်ပါ ရည်ရွယ်ချက်များအတွက် လက်ဝဲ ကော်မတီ တခုဖွဲ့စည်းရန်။

"(က) ယခုချမှတ်ပြီးသော လုပ်ငန်းစဉ်ကို လက်တွေ့အလုပ်ဖြစ်ရေးအတွက်၊ လှုံ့ဆော်ရေး၊ စည်းရုံးရေး၊တိုက်ရေး စသည်များကိုကြီးကြပ်ဆောင်ရွက်မည်။

"(ခ) မာ့က်စ်လီနင်ဝါဒီတို့ကို လိုက်နာကျင့်သုံးကြသော လက်ဝဲသမားတို့သည် တလုံးတစည်း တပါတီတည်း ဖြစ်ရမည်ဖြစ်ရာ လုပ်ငန်းစဉ်သတ်မှတ်ခြင်း၊ စည်းမျဉ်းရေးခြင်း၊ပြင်ဆင်မှု အဝဝပြုခြင်းစသည် များကို ဆောင်ရွက်ရမည်။

"(ဂ) မာ့က်စ် လီနင်ဝါဒသင်ကြားခြင်း၊ ဆွေးနွေးခြင်း၊ဖြန့်နှ့ံစေခြင်းစသည်တို့ကို ဆောင်ရွက်မည်။

"ထိုသို့အားဖြင့်တပါတီ တည်းအတွက် ဆိုရှယ်လစ်ပါတီက ၎င်းတို့ပါတီကို ဖျက်သိမ်းပေးရန်။

"ပြည်သူ့ရဲဘော်အဖွဲ့က ၎င်းအဖွဲ့ကို ဖျက်သိမ်းပေးရန်"

"ဦးသိန်းဖေမြင့်က ပြည်တွင်းစစ်ဆန့်ကျင်သော ကွန်မြူနစ်များ ကိုယ်စား ပါတီတရပ် သီးသန့်ထောင်ရန် ရည်ရွယ်ချက်မရှိခဲ့သည်ကိုဖေါ်ပြရန်"

"လက်ဝဲကော်မတီသည် တပါတီတည်း အမြန် ဆုံး ဖြစ် မြောက်အောင် ကြိုးစားဆောင်ရွက်ရန်"

"ဤဆုံးဖြတ်ချက်ကိုအကောင်အထည်ဖေါ်ရာ၌ကျွန်ုပ်သည်အဓိကအားဖြင့်အများပြည်သူလူထု၏ညီညွတ်ရေးကိုအားထားသည် ဖြစ်ကြောင်း။

"ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော်၊ပြည်တွင်းစစ်ဆန့်ကျင်သောကွန်မြူနစ်များအလံနီ အပါအဝင်နှင့် အခြားလက်ဝဲအင်အားစုများသည် ဤဆုံးဖြတ်ချက်များကို မူတည်၍ ညီညွတ်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း။ အလံနီကွန်မြူနစ်ပါတီမှ၎င်း၊ လက်ရှိ ပြည်တွင်း စစ်ပြုသော ဗမာ ပြည်ကွန်မြူနစ်ပါတီမှ၎င်း၊ မိမိတို့အမှားများကို ရိုးသားစွာဝန်ခံ၍ ပြည်တွင်းစစ် လမ်းစဉ်ကို စွန့်လွှတ်လာသူများကိုလည်း အခြေအနေအရ ညီညွတ်ရေး လုပ်ငန်းကြီးသို့ လက်ခံရန်၊

"သို့သော် ပြည်တွင်းစစ်ကို ဆက်လက်ဖန်တီးနေသူများနှင့်ကျွန်ုပ်တို့လုပ်ငန်းစဉ်အရ တည်ဆောက်နေကြသော အမျိုးသား ညီညွတ်ရေးနှင့် လက်ဝဲညီညွတ်ရေးကို နှောက်ယှက်သူများအား တညီတညွတ်တည်းတိုက်ခိုက်ချေမှုန်းသွားရမည်ဖြစ်ကြောင်း။"

ဤကျေညာချက်အရ ပါတီများကိုဖျက်သိမ်းရန် ဟူသောအချက်တော့ခို အင်အားစုများအား မိမိတို့အမှားကိုဝန်ခံခိုင်းပြီး၊ "ပြည်တွင်းစစ်လမ်းစဉ်"ကို စွန့်လွှတ်စေမည်ဆိုသော အချက်ကို ထိုသို့စွန့်လွှတ်လာသူတို့အား အခြေအနေအရ ညီညွတ်ရေးလုပ်ငန်းကြီး၌ လက်ခံမည် ဟူသော အချက်နှင့် "ပြည်တွင်းစစ်ကို ဆက်လက်ဖန်တီးနေသူများ" နှင့် "အမျိုး

သားညီညွတ်ရေး လက်ဝဲ ညီညွတ်ရေး''အား နောက်ယှက် သူများ အား တညီတညွတ်တည်း တိုက်ခိုက်ချေမှုန်း(ဝါ)အပြုတ်တိုက်သွားမည်ဟူသော အချက်တို့ကို ထင်ရှားစွာတွေ့ရလေသည်။

''မူလက ဤကျေညာချက်ကို ဆိုရှယ်လစ်ပါတီ အလုပ်အမှုဆောင်အဖွဲ့၊ ပြည်သူ့ရဲဘော် အလုပ်အမှုဆောင်အဖွဲ့၊ သခင်နု၊ ဗိုလ်လကျ်ာ၊ ဦးသိန်းနှင့်ဦးသိန်းဖေတို့ တညီတညွတ်တည်းပူးတွဲကျေညာရန် ဖြစ်လေသည်။အားလုံး-ကျေညာချက်မူကို သဘောတူထားကြပြီးဖြစ်လေသည်။

ဦးသိန်းဖေမြင့်က သူ၏နိုင်ငံရေးအတွေ့အကြုံများ စာအုပ်ထဲတွင်၊ အထက်ပါအတိုင်းဆက်လက်ဖေါ်ပြထားပြန်၏။

ဤသို့ဖေါ်ပြခြင်းဖြင့်ဦးသိန်းဖေမြင့်သည် ဝန်ကြီးချုပ်ဦးနု၏အစိုးရနှင့်အတူ လက်တွဲ၍ တောတွင်းအင်အားစုများအားအမှားဝန်ခံခိုင်းခြင်း လက်နက်ချခိုင်းခြင်း၊ အပြုတ်တိုက်ရန်ကျေညာခြင်းတို့ကို ပြုခဲ့ကြောင်းထင်ရှားစွာတွေ့ရပေသည်။

ထို့နောက် ''နု-ငြိမ်းချမ်းရေးမူ''ဟူ၍ အမည်တွင်လာရပုံနှင့် ပတ်သက်၍ ဦးသိန်းဖေမြင့်က အောက်ပါအတိုင်းဆက်လက်ဖေါ်ပြပြန်၏။

''ထိုကျေညာချက်ကိုလက်မှတ် ရေးထိုးကြမည့်နေ့သို့ ရောက်သောအခါ၊ပြည်သူ့ရဲဘော်အလုပ်အမှုဆောင်အချို့က လက်မှတ်မထိုးနိုင်ကြောင်း ဆူတို့သည် ထိုလက်ဝဲညီညွတ်ရေးမူကိုသဘောတူမထားခဲ့သလိုလိုပင်ပြောဆိုလာလေသည်။....နောက်ဆုံးတွင် အားလုံးအနေနှင့် လက်ဝဲညီညွတ်ရေးမူကို ကျေညာခြင်းမဟုတ်ဘဲ သခင်နု တယောက်တည်းအနေနှင့် အခြားအဖွဲ့အစည်းများက လက်ခံလာအောင် ပြည်သူလူထုကလက်ခံလာအောင်၊ကျေညာသည့် သဘောကျေညာလိုက်ရလေသည်........။''

တဖန် ပြည်သူ့ရဲဘော်မှုနှင့် ပတ်သက်၍ ဤသို့ဖေါ်ပြပြန်၏။

''........မှတ်မိသလောက် အချုပ်ကို တင်ပြရသော် ရဲဘော်မှုသည် နုမူတွင်ပါသော ၁၄-ချက် လုပ်ငန်းစဉ်ကို အသိအမှတ်မပြု။ ကော်မြူနစ်ပါတီ ကိုယ်စားလှယ်များကို ခေါ်ယူပြီး လုပ်ငန်းစဉ် အသစ်များ ရေးဆွဲရမည်။ ထိုလုပ်ငန်းစဉ်များသည် တရုပ်နှင့်အရှေ့ဥရောပ ဒီမိုကရေစီ နိုင်ငံများ၏ လုပ်ငန်းစဉ်များနှင့် တူရမည်ဟု ဆိုထားလေသည်........''။

အထက်ပါ ဦးသိန်းဖေမြင့်၏ ရေးသားချက် အားလုံးကို ချုပ်၍ ဆိုရလျှင် ထိုစဉ်က ရဲဘော်ဖြူ၏ အမည်တွင်ခဲ့သူများ (ယခုအလုပ်သမားညီညွတ်ရေးပါတီ ရဲဘော်များ)သည်။ နုမူ ကျေညာချက်အရ တောတွင်းအင်အားစုတို့အား အပြုတ်တိုက်ရေးကို လိုလားသူများ မဟုတ်ကြဘဲ၊

ဦးသိန်းဖေ (ယခု ဦးသိန်းဖေမြင့်)တို့ကသာလျှင် တောတွင်းအင်အားစုတို့အား အမှားဝန်ခံခိုင်းခြင်း၊ လက်နက်ချခိုင်းခြင်း၊ အပြုတ်တိုက်ရန် ကြိမ်းမောင်းခြင်းတို့ကိုပြုရာတွင် ထိုစဉ်က ဝန်ကြီးချုပ် ဦးနုနှင့်တသဘောတည်းရှိခဲ့ကြောင်း။ ထင်လင်းစွာမြင်ရပေတော့သည်။

ဤသို့ဖြစ်လေရာအစိုးရအာဏာလက်ကိုင်ရှိသူနှင့်ပလူးပလဲလုပ်ရင်း၊ ဦးသိန်းဖေမြင့်၏ အပြုတ်တိုက်ရေး နည်းပရိယာယ်သည်။ ထိုအချိန် ထိုအခါမှစတင်၍အမြည့်အဝအကောင်အထည် ပေါ်လာရပေသည်ဟုဆိုလျှင် လွဲနိုင်စရာမရှိပါပေ။

သို့သော်လည်း ဦးသိန်း ဖေမြင့်၏ အပြုတ်တိုက်ရေး နည်းပရိယာယ်သည် နောင်အခါများတွင် ငုပ်ချီတခါ ပေါ်ချီတသည့်ဖြင့် လိမ်မာပါးနပ်စွာစခန်းသွားလျက်ရှိကြောင်းကိုမူ တွေ့ရပြန်သည်။

(၁) နုမူ ကျေညာချက်တွင် ရုပ်လုံးပေါ်လာခဲ့သော ဦးသိန်းဖေမြင့်၏ အပြုတ်တိုက်ရေးနည်းပရိယာယ်သည်။ ၇-နှစ်တာကာလအတွင်း ဝယ် လင်းလိုက် မှိန်လိုက်ဖြစ်နေခဲ့၏။၁၉၅၅-ခုနှစ်နိုဝင်ဘာလ၌ ဖွဲ့စည်းလိုက်သော ပမညတ အဖွဲ့ကြီးထဲသို့ ဦးသိန်းဖေမြင့် ဝင်ရောက်သွားချိန်တွင် ဦးသိန်းဖေမြင့်၏ အပြုတ်တိုက်ရေး နည်းပရိယာယ်သည်။ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေခဲ့ရာမှ တွေ့ဆုံဆွေးနွေး ဖေ့စပ်ရေး နည်းပရိယာယ်၏ တောက်ပြောင်လှသော အသင်းရောင်အောက်တွင်မထင်မရှားမှေးမှိန်သွားခဲ့ရပေသည်။ လုံးဝငြိမ်းသွားသည်ကား မဟုတ်ပေ။ ပမညတ ဦးဆောင်သော တွေ့ဆုံ ဆွေးနွေး စေ့စပ်သည့် နည်း အရ ပြည်တွင်း ငြိမ်းချမ်းရေး တည်ဆောက်ရေး တည်းဟူသောလူထုလှုပ်ရှားမှုအောက်တွင်ဦးသိန်းဖေမြင့်၏အပြုတ်တိုက်နည်း(ဝါ)လက်နက်ချအညံ့ခံစေသည့်နည်းသည်။မလှုပ်သာမရှားသာဘဲ။ယာယီအားဖြင့်ပြားပြားဝပ်နေရခြင်းသာဖြစ်ပေသည်။

ပြည်သူ့လှုပ်ရှားမှု အရှိန်အဝါ၏ရိုက်ခတ်မှုကြောင့် ဦးသိန်းဖေမြင့်သည်။ မိမိစွဲကိုင်ထားသော အပြုတ်တိုက်နည်း ဓါးမြှောင်ကို အသာခါးကြား၌ ဝှက်ထားကာ တွေ့ဆုံဆွေးနွေး စေ့စပ်ရေးနည်းကို မရှောင်သာဘဲ ကိုင်စွဲခဲ့ရပေတော့သည်။

(၂) နု-တင် ခေါင်းဆောင်သော သန့်ရှင်းဖဆပလနှင့် ဆွေ-ငြိမ်းခေါင်းဆောင်သော တည်မြဲဖဆပလဟူ၍ ၁၉၅၈-ခုနှစ်၌ဖဆပလနှစ်ခြမ်းကွဲပြီးနောက် သန့်ရှင်းဖဆပလ အာဏာရခဲ့ချိန်တွင် ဝန်ကြီးချုပ် ဦးနုသည် တောတွင်းအင်အားစုတို့အား လက်နက်ကိုင်တိုက်ပွဲစွန့်၍ လက်နက်ချ အညံ့ခံရန် ကြွေးကြော်ခဲ့သည်။ ထိုအခါ၌ ဦးသိန်းဖေမြင့်ကိုယ်တွင်း၌ အနားယူ

နေခဲ့သောအပြုတ်တိုက်နည်း(ဝါ)တွေ့ဆုံဆွေးနွေးနေစရာမလို၊လက်နက်ချ ဝင်ခဲ့ကြ ဟူသော ကူးစက်တတ်သည့် ရောဂါပိုးတို့သည် ထကြွလှုပ်ရှားလာခဲ့ပေသည်။(ထိုရောဂါပိုးတို့သည် ပမညတ အတွင်း၌ ဝင်ရောက်မွေ့နှောက်နိုင်ခဲ့၏။) အစိုးရအာဏာရသူ၏ အရှိန်အဝါသည်။ ဦးသိန်းဖေမြင့်အား တပ်ကူအမျိုးမျိုးပေးခဲ့လေသည်။ ဦးသိန်းဖေမြင့်သည် တွေ့ဆုံဆွေးနွေးရေးနည်းကို ပြတင်းပေါက်မှ လွှင့်ပစ်လျက် လက်နက်ချ အညံ့ခံခိုင်းသည့်နည်း (ဝါ)အပြုတ်တိုက် နည်းကိုပြန်ကောက်ကိုင်လာခဲ့ပြန်တော့သည်။

(၃) ဦးသိန်းဖေမြင့်သည် အပြုတ်တိုက်နည်း (ဝါ) လက်နက်ချခိုင်းသည့် နည်းပရိယာယ် ဓါးမြှောင်ကို စွဲကိုင်ဝှေ့ရမ်းရင်း၊ ပထစအစိုးရ၏ခြံတွင်းသို့ ရန်သူတော်တွေ့ဆုံဆွေးနွေးစေ့စပ်နည်း မဝင်မကပ်နိုင်အောင် ၁၉၆၀-ခုမှ ၁၉၆၂-ခုအထိ၊ ဗိုလ်ခြေတထောင် စောင့်သည့် အလားစောင့်ကြပ်ခဲ့၏။ ၁၉၆၂-ခုမတ်လ၊ သို့အရောက်တွင်ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးအစိုးရတက်လာ၏။ ဦးသိန်းဖေမြင့်သည် မိမိ၏လက်နက်ချအညံ့ခံစေရေး နည်းပရိယာယ်ဖြင့် တော်လှန်ရေးအစိုးရအား ဆက်လက်ကာကွယ်စောင့်ရှောက်ခဲ့ပြန်လေသည်။

၁၉၆၃-ဇွန်လ ၁၁-ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးအစိုးရသည် တောတွင်းအင်အားစုများနှင့်တွေ့ဆုံဆွေးနွေးခြင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရန်ကမ်းလှမ်းလိုက်ပေသည်။ ထိုအချိန်တွင် ဦးသိန်းဖေမြင့်သည် လက်ထဲမှ ဓါးမြှောင်ကို ခါးကြားထဲသို့ မြာပြာသလဲထိုးထည့်ကာ ဝှက်လိုက်ရပြန်၏။

ဤသို့ဖြင့် ဦးသိန်းဖေမြင့်သည် တွေ့ဆုံ ဆွေးနွေးရေး နည်းဘက်သို့ မလှဲသာဘဲ မျက်နှာပြန်မူလာရလေတော့၏။

သို့သော် တွေ့ဆုံဆွေးနွေးရေးနည်းဘက်သို့မလှည့်သာလှည့်သာဖြင့် ပြန်လှည့်လာရသော ဦးသိန်းဖေမြင့်အား လျစ်လျူ ရှုထားမည် ဆိုပါက ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှုအားအနှောက်အယှက်ဖြစ်စေမည့်။ရှုပ်ရှုပ်ထွေးထွေးဖြစ်စေမည့် အန္တရာယ်ကို ဂရုမပြုရ ကျပေလိမ့်မည်။

စာရေး ဆရာအသင်း ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက် ခဲ့ရစဉ်က တွေ့ဆုံဆွေးနွေးရေးဖြစ်တိုင်းလည်း ငြိမ်းချမ်းရေးမရနိုင်ကြောင်း။ တွေ့ဆုံ ဆွေးနွေးရေးဆိုသည်မှာ နည်းတခုသာဖြစ်ကြောင်းဖြင့်ထုတ်ဖော်ပြောဆိုခဲ့သော ဦးသိန်းဖေမြင့်၏ စကားသည် အပေါ်ယံအားဖြင့်ကြည့်လျှင် မထူးခြားသည့်စကားဟူ၍ထင်မြင်ယူဆနိုင်စရာ ဖြစ်သော်လည်းများစွာ အဓိပ္ပါယ်ရှိနေပေသည်။

ဦးသိန်းဖေမြင့်သည် လက်နက်ချ အညံ့ခံသည့်နည်းကို မတတ်သာတတ်သာဖြင့် မျက်စပစ်ပြလိုက်ခြင်းသာဖြစ်ကြောင်း။ တွေ့ဆုံဆွေးနွေးရေးနည်းကို မတတ်သာ၍ ထောက်ခံရသော်လည်း ထိုနည်းကိုပင်ကိုယ်အားဖြင့် မယုံကြည်ကြောင်း တွေ့ဆုံဆွေးနွေးရေး လုပ်ငန်းကိုရှုတ်ရှုတ် ထွေးထွေးဖြစ်အောင်ဖန်တီးခြင်းဖြစ်ကြောင်း၊ နှောက်ယှက်ခြင်းဖြစ်ကြောင်း၊ဤသို့ဖြင့် တွေ့ဆုံဆွေးနွေးရေးနည်းကိုဖျက်ဆီးရန်ဟူသော အကြံအစည်အတွက် စလုံးရေစ လိုက်ခြင်းပင်ဖြစ်ကြောင်း အဓိပ္ပါယ် ပေါ်လွင်လျက် ရှိသည်ကို ကျွန်ုပ်တို့ တွေ့မြင်ရပေသည်။

လက်တွေ့အားဖြင့်လည်းနိုင်ငံရေးသဘောကွဲလွဲချက်များကိုဦးသိန်းဖေမြင့်နှင့် တွေ့ဆုံဆွေးနွေးပြီး ဦးသိန်းဖေမြင့်က ကြေလည် လက်ခံမှသာ ပြည်တွင်းငြိမ်းချမ်းရေးရနိုင်တော့မည့်အလား-သူ၏ခါးပိုက်ဆောင် ဗိုလ်တထောင်သတင်းစာမှနေ၍ အရှုးချီးပန်းဆွေးနွေးနေပေသည်။

တောတွင်းပါတီများ၏ တွေ့ဆုံ ဆွေးနွေးရေး ကမ်းလှမ်းချက်ကို တော်လှန်ရေးကောင်စီက လက်ခံလိုက်လျှောလိုက်သောအခါ မျောက်မီးခဲကိုင်မိသလိုဖြစ်ပြီး "သခင်သန်းထွန်းတို့ လူစုလာမည်မဟုတ်" "သခင်စိုးကတောခြောက်နေပြန်ပြီ" "အလံနီတင်ပြချက်က ဘယ်သို့" "ကွန်မြူနစ်ပါတီကဘယ့်နှယ်"စသည်ဖြင့် ခွေးရူးကိုက်သလို တိုက်ခိုက်နေခဲ့ပေသည်။

အမှန်စင်စစ်အားဖြင့် နိုင်ငံရေးကွဲလွဲချက်များကြောင့် ပြည်တွင်းစစ်ကြီးအထိပင်ဖြစ်နေခဲ့ပြီဖြစ်ရာ ထိုကွဲလွဲချက်များနှင့် ပတ်သက်၍ ဦးသိန်းဖေမြင့်သည် "အိုးကာမပူ စလောင်းကပူ"နေသည့်အလားဘာမျှ ကက်ကက်လန်အောင် ရန်တွေ့နေစရာမလိုအပ်ချေ။

အစိုးရနှင့် တောတွင်းလက်နက်ကိုင်အင်အားစုများအမြန်ဆုံးတွေ့ဆုံနိုင်ရေးကိုသာ အားပေးကြိုးဆို ကူညီရမည့်အစား "မြင်းကမလှုပ်-ခုန်ကလှုပ်" နေသည့်နယ်ကြားကနေ၍ ဘာမျှဆွေ့ဆွေ့ခုန်အောင် တုန်လှုပ်နေစရာလည်းမလိုပါပေ။

ထို့ကြောင့် ဦးသိန်းဖေမြင့်၏ ခြေလှမ်းတိုင်းကို သတိဝီရိယအထူးထား၍ စောင့်ကြပ်ကြည့်ရှုခြင်းအပြင် ဦးသိန်းဖေမြင့်၏ပယောဂဖြင့် တွေ့ဆုံဆွေးနွေးရေးစည်းဝိုင်းအတွင်း၌ပေါ်ထွက်လာမည့်အန္တရာယ်ကိုတားဆီးရိုက်ချိုးရန်အတွက်လည်း အသင့်ပြင်ဆင်ထားကြရန် ငြိမ်းချမ်းရေးမြတ်နိုးသူတိုင်းအား သတိပေးနှိုးဆော်ခြင်းပြုလိုက်ရပေတော့သည်။

★ ★ ★

(၂)

ကွန်မြူနစ်ပါတီနှင့် သိန်းဖေမြင့်

ဦးသိန်းဖေမြင့်သည်ဗမာပြည်ကွန်မြူနစ်ပါတီ၏အထွေထွေအတွင်းရေးမှူးဖြစ်ခဲ့ဘူးသည်ကား မှန်ပါ၏။

၁၉၄၅-ခု ဇူလိုင်လတွင် ကျင်းပသော ကွန်မြူနစ်ပါတီ ဒုတိယမြောက်ညီလာခံတွင် အထွေထွေအတွင်းရေးမှူး ဖြစ်လာခဲ့၏။ ထိုစဉ်က ဘရောက်ဒါဝါဒသည် ကွန်မြူနစ် ပါတီ တွင်း၌ ဝင်မွှေနေဆဲ ဖြစ်၏။ ဘရောက်ဒါဝါဒ ဆိုသည်မှာ ငြိမ်းချမ်းစွာဖြစ်ပေါ်ရေးဝါဒပင်ဖြစ်၏။

• ဘရောက်ဒါဆိုသူသည်အမေရိကန်ကွန်မြူနစ် ပါတီခေါင်းဆောင်တဦးဖြစ်ခဲ့၏။

“ဘရောက်ဒါဝါဒ၏ ရေသောက်မြစ်သည်‘အမေရိကန်ချွင်းချက်’ (American Exceptionalism) ဟူသောစီးပွါးရေးဝါဒဖြစ်လေသည်။ထိုစီးပွါးရေးဝါဒသည် ၁၉၂၀-ခုနှစ် နောက်ပိုင်းတွင်ပေါ်ခဲ့သေးသည်။ ဆိုလိုသည်မှာအမေရိကန်အရင်းရှင်စံနစ်သည် အခြားအရင်းရှင်စံနစ်များနှင့်မတူ အခြားအရင်းရှင်စံနစ်များအတွက်မှန်သော အရင်းရှင်စံနစ်နိယာမ တရားများမှ အမေရိကန်အရင်းရှင်စံနစ်သည် ချွင်းချက်ဖြစ်သည်။”

“သို့သော် ဤအယူအဆများမှာ မမှန်ကြောင်း။ အရင်းရှင်စံနစ်သည် ဖြိုဖြိုမဲမဲ-ဝါဝါ-အရင်းရှင်စံနစ်ကဲ့သို့သာ စခန်းသွားကြောင်း။ ၁၉၃၀-တဝိုက်တွင် ဖြစ်ပေါ်သော အမေရိကန်အလုပ်သမားများ၏တိုက်ပွဲများနှင့် စီးပွါးရေးကပ်ကြီးက ထက်သေပြခဲ့လေသည်။ အမေရိကန်ချွင်းချက်မရှိကြောင်း ပြခဲ့လေသည်။”

“အရင်းရှင်စံနစ်၏ အတွင်းမှာပင် စစ်ဖြစ်ရေး၊ စစ်ပြင်ဆင်ရေး၊ ငြိမ်းချမ်းရေး ဖျက်ဆီးမှုတို့သည် ကိန်းအောင်းနေပေသည်။”

“ဒုတိယ ကမ္ဘာစစ်နောက်ပိုင်းတွင် ဤအယူအဆသည် ပေါ်လာပြန်လေသည်။ အမေရိကန်အရင်းရှင်စံနစ်သည် လက်နက်ရိက္ခာအစွမ်းကုန် ထုတ်လုပ်သော်လည်း လက်ကျန်မရှိအောင်ရောင်းကောင်းလေသည်၊ မဟာမိတ်များကအမေရိကန်အား အစစအရာရာ အားကိုးနေကြသည်။ အမေ

ရိကန်အတတ်ပညာများ ထုတ်လုပ်ရေး အင်အားစုများကလည်းအစွမ်းကုန်တိုးတက်လာသည်။အမေရိကန်အရင်းရှင်စံနစ်သည် အခြားအရင်းရှင် စံနစ်ဖြစ်ပေါ်တိုးတက်သည့် လမ်းစဉ် နိယာမအတိုင်း သွားဘို့ မလိုအမေရိကန်သည်ချွင်းချက်ဖြစ်သည်။ အမေရိကန် အရင်းရှင် စံနစ်သည် အလုပ်သမားအပေါ်မှခေါင်းပုံဖြတ်ကြီးမှ အမြတ်များများရခြင်း စံနစ်ကိုလိုက်ဘို့မလို။ အလုပ်သမားလူတန်းစားအား အစွမ်းကုန်ပေးပြီးအလုပ်ပိုလုပ်စေခြင်းဖြင့်၊ အမြတ်ရနိုင်သည်။ အမေရိကန် အရင်းရှင်သည် တိုးတက်လာသောကုန်လုပ်စွမ်းအားကို အသုံးပြုလျက်ကုန်အများအပြားထုတ်ကာနိုင်ငံခြားသို့ တင်ပို့မည်။ နိုင်ငံခြားဈေးနားအတွက် ပူစရာမလို အမေရိကန် အရင်း ရှင်သည် မတိုးတက်မဖွံ့ဖြိုးသော နိုင်ငံများ၏ လွတ်လပ်ရေးကို ကောက်ခံပြီး၊ တိုးတက်ဖွံ့ဖြိုးအောင် စက်မှုလုပ်ငန်း ထွန်းကားအောင် ကူညီမည်။ထိုနိုင်ငံများသည် အပြောကျယ်သောဈေးများဖြစ်ပါလိမ့်မည်။ အမေရိကန်အရင်းရှင်သည် စစ်အတွင်းက ဆိုဗီယက်နှင့်ပူးပေါင်းရေးကို စစ်ပြီး ကာလတွင်လည်း ဆက်လက်တည်မြဲစေကာ ငြိမ်းချမ်းသော ကမ္ဘာကြီးတည်ဆောက်သွားလိမ့်မည်။ အကြောင်းမူကား ငြိမ်းချမ်းမှ အရောင်းအဝယ်ကောင်းပြီး တကမ္ဘာလုံးတိုးတက်ပြီး အမေရိကန်ကလည်းအစွမ်းကုန် ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်သောကြောင့်တည်း။အမေရိကန်အရင်းရှင်ကဤလမ်းကိုလိုက်လျှင် တကမ္ဘာလုံးအရင်းရှင်များက လိုက်လာကြရပေလိမ့်မည်။ထို့ကြောင့် အားလုံးအဆင်ပြေကုန်လေသည်။ အားလုံးချောမွတ်စွာတိုးတက်ကုန်မည်။ အရင်းရှင်နှင့် အလုပ်သမား ပဋိပက္ခ(အင်္ဂလိပ် အမေရိကန်နှင့် ဆိုဗီယက် ပဋိပက္ခ)အရင်းရှင် နယ်ချဲ့သမားအချင်းချင်း ပဋိပက္ခ၊ အရင်းရှင် နယ်ချဲ့နှင့် ကိုလိုနီ နိုင်ငံတို့၏ပဋိပက္ခ၊ အားလုံးတို့သည် ချောမွတ် ကုန်ကြသည်။ အေးအေးကလေးနှင့်ပြီးကုန်ကြမည်။ ။ဤကား ‘အမေရိကန်ချွင်းချက်’ စီးပွါးရေး ဝါဒမှနေပြီး ဖြစ်ပေါ်လာသည့် ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေး သဘောတရားပေတည်း”

အထက်ပါ ဘရောက်ဒါဝါဒနှင့် ပတ်သက်၍ ဦးသိန်း ဖေမြင့်က သူ၏ “တော်လှန်ရေးကာလ နိုင်ငံရေး အတွေ့အကြုံများ” စာအုပ် တွင် ဖေါ်ပြထားပေသည်။

“ထို့ကြောင့် ဘရောက်ဒါ၏ဝါဒသည် မှားခဲ့လေသည်။ ထို့အတူ ယနေ့တိုင် ပြန့်နှံ့နေသော အမေရိကန် ချွင်းချက် စီးပွါးရေး၊ အယူအဆများ အမေရိကန် အရင်းရှင်စံနစ်သည် ဆန်းသစ်သော ဆိုရှယ်လစ် စံနစ်သို့ ကူးပြောင်းသွားပြီဟူသော ဝါဒဖြန့်ချက်များ အမေရိကန် အရင်းရှင်၏

အကူအညီနှင့် စက်မှု လုပ်ငန်းများ တည်ထောင်မည်။ ဆိုရှယ်လစ် စံနစ်ပြည်တော်သာတည်ဆောက်မည်ဟု ဗမာပြည် ဆိုရှယ်လစ်တို့၏ ယူဆချက်များသည် လုံးဝမှားယွင်းပေသည်''ဟုဦးသိန်းဖေမြင့်က ဆက်လက်ဖေါ်ပြထားပေသည်။(၁၉၄၆-ခုဖေဖေါ်ဝါရီလ ကွန်မြူနစ်ပါတီဗဟိုကော်မတီသို့ ဦးသိန်းဖေမြင့် တင်သွင်းသည့် အစီရင်ခံစာမှ)။

အမှန်အားဖြင့် နယ်ချဲ့စံနစ်သည်အဆုံး စွန်တွင်နယ်ချဲ့စံနစ်ပင်ဖြစ်ပေသည်။နယ်ချဲ့အရင်းအနှီး၏ပင်ကိုယ်သဘောသဘာဝသည်လုယက်ယူငင်ရန်ဖြစ်၍၊ ဘယ်သောအခါမျှပြောင်း လဲသွားလိမ့်မည်မဟုတ်ပေ။ နယ်ချဲ့စံနစ်ရှိနေသေးသမျှ အရင်းရှင်နှင့် အလုပ်သမားတို့၏ ပဋိပက္ခ၊ နယ်ချဲ့သမားနှင့်လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲသူတို့၏ ပဋိပက္ခ၊ နယ်ချဲ့ သ မား အချင်းချင်းပဋိပက္ခသည် ရှိနေဦးမည်သာဖြစ်ပေသည်။

လူတန်းစားပဋိပက္ခသည်ဤသို့ဖြင့်တည်ရှိ နေဦးမည် ဖြစ်ပေသည်။ သို့သော် ဘရောက်ဒါဝါဒသည်လူတန်းစား တိုက်ပွဲကို ပစ်ပယ် လေသည်။ လူတန်းစားပေါင်းစည်းရေးကို အမွှန်းတင်ပေးခြင်းပြုလေသည်။

၁၉၄၅-ဇူလိုင်လတွင် ကျင်းပခဲ့သော ဒုတိယ အကြိမ် မြောက် ကွန်မြူနစ်ပါတီ ညီလာခံသည် တောင်သူ လယ်သမားနှင့် အလုပ်သမား လူတန်းစား စည်းရုံးရေး လုပ်ငန်းများနှင့်ပတ်သက်၍ အချယ်လှယ်အညှိနှိုင်းလူတန်းစား များနှင့် ပဋိပက္ခ မဖြစ်ကြရန် ပြဿနာများကို စေ့စပ်ဆွေးနွေးပြီး ဖြေရှင်းရန် ညွှန်ကြားခဲ့ပေသည်။

ဤသို့သော ညွှန်ကြားချက်မျိုးပေါ်ထွက်လာရခြင်းသည် ထိုစဉ်ကကွန်မြူနစ် ပါတီအပေါ် လွှမ်းမိုးလျက် ရှိခဲ့သော ဘရောက်ဒါ ဝါဒ၏မှိုင်းကြောင့်ဖြစ်လေသည်။(ထိုဘရောက်ဒါ ဝါဒသည်ဂျပန်ဖက်ဆစ်တော်လှန်ရေးအတွင်း အိန္ဒိယပြည်တွင် ရှိနေခဲ့သော ဦးသိန်းဖေမြင့်နှင့် ရဲဘော်ဘတင်ခေါ် မစ္စတာဂိုရှယ်တို့ထံမှမြန်မာမာ့က်စ်ဝါဒသမားများအကြားသို့ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်းဖြင့် ဦးသိန်းဖေမြင့်က အထက်ပါ စာအုပ်၌ပင်ဖေါ်ပြရေးသား ထားလေသည်။)

သို့သော် ၎င်းကွန်မြူနစ် ညီလာခံသည် ယာယီ အမျိုးသားအစိုးရတိုင်းပြုပြည်ပြု လွှတ်တော်နှင့် ဗမာ့မျိုးချစ်လက်နက်ကိုင် အဖွဲ့အစည်းများအား ဗမာ့တပ်မတော် အဖြစ်ဖြင့် ဖွဲ့စည်းပေးရန် တောင်းဆို ခဲ့လေသည်။ ထိုတောင်းဆိုချက်များသည်၎င်း၊ဖဆပလအဖွဲ့ကြီး၏ နေသူရိန်လူထုအစည်းအဝေးကြီးမှ အလားတူ တောင်းဆိုချက်များသည်၎င်း၊ ပြည်သူလူထုကြီးအား အုံကြွလာခဲ့စေသည်။

"....ဘရောက်ဒါဝါဒအမှားများကြောင့်ကျဆင်းသွားမည့်အန္တရာယ်ရှိသော လူထုအုံကြွမှုကြီးကို နလံပြန်ထူလာစေသည်''ဟုဦးသိန်းဖေမြင့်က သူ၏ စာအုပ်တွင် ဖေါ်ပြထားပေသည်။

၁၉၄၆-ခု ဇန္နဝါရီလတွင် ပထမ အကြိမ် မြောက် ဖ ဆ ပ လ ညီလာခံကြီးကို ရွှေတိဂုံစေတီတော် အလယ်ပစ္စယံတွင် ကျင်းပခဲ့လေသည်။

ထိုညီလာခံမှ (၁) လုံးဝလွတ်လပ်ရေး-အရယူရန် ဆုံးဖြတ်ချက်ကိုင်း (၂) အလုပ်သမားလယ်သမား မြို့နေဆင်းရဲသား ကုန်သည်ပွဲစားနှင့် တိုင်းရင်းသား အရင်းရှင်များသည် နယ်ချဲ့အရင်းရှင်ကို အပြုတ်တိုက်ခိုင်းရေးအတွက် မိမိတို့ဆိုင်ရာ လူတန်းစား အဖွဲ့အစည်းများ၊ လူတန်းစားတို့၏ကိုယ်စားလှယ်ပါတီများနှင့်တသီးပုဂ္ဂလများ၊ ဖဆပလအတွင်း၌တပ်ပေါင်းစုအဖြစ် သိုသွတ်ကြရန် ဆုံးဖြတ်ချက်ကိုင်း။ (၃) နိုင်ငံခြား သက်ဝါးကြီးအုပ် အရင်းရှင်များလုပ်ငန်းကြီးများကို ပြည်သူပိုင်လုပ်ရန် တိုင်းပြည်အားစက်မှုလုပ်ငန်းတိုင်းပြည်အဖြစ်ထူထောင်ရန်နှင့် မြေရှင်စံနစ်ဖျက်သိမ်းပြီးမြေယာလုပ်သားတို့ကိုမြေယာလွှဲပေးရန် ဆုံးဖြတ်ချက်ကိုင်း၊တင်သွင်းဆုံးဖြတ်ခဲ့ကြသည်။

လူတန်းစား အလိုက် ပါတီအလိုက်စည်းရုံးမှု၊ လူတန်းစားတိုက်ပွဲ၊ လူတန်းစားနိုင်ငံရေးတို့နှင့် ပက်သက်သော အဆိုအမှတ် ၂-ကိုဦးဘဖေတို့က လူတန်းစားတိုက်ပွဲမရှိရ၊ပါတီများမရှိရဖျက်သိမ်းပစ်ရမည်ဟု အဆိုကော်မတီတွင် ကန့်ကွက်ခဲ့သော်လည်း၊ ရှုံးနိမ့်သွားခဲ့ရပေသည်။

ထိုညီလာခံနှင့်မရှေးမနှောင်းမှာပင်၊ဒလသင်္ဘောကျင်းအလုပ်သမားတို့၏ သပိတ်တိုက်ပွဲမှစတင်လိုက်သော အလုပ်သမားတိုက်ပွဲများနှင့် လယ်သမားတိုက်ပွဲတို့သည်၊ဘရောက်ဒါဝါဒကိုစတင်ကျော်ခိုင်းစပြုခဲ့လေသည်။

၁၉၄၆-ခုနှစ်ဖေဖေါ်ဝါရီလတွင်ကျင်းပခဲ့သောကွန်မြူနစ်ပါတီဗဟိုကော်မတီ အစည်း အဝေး၌ အိန္ဒိယပြည်မှ ပြန်ရောက်လာခဲ့သော သခင်စိုးသည်။"ဝေဘန်ရေးအစီရင်ခံစာ"ကိုတင်ကာ၊ဘရောက်ဒါဝါဒကို ဝေဘန်တိုက်ခိုက်ခဲ့သည်။ ၎င်းအစည်းအဝေးက အစီရင်ခံစာကို ဆွေး နွေးအတည်ပြုခဲ့သည်။

သခင်စိုးသည်အိန္ဒိယကွန်မြူနစ်ပါတီခေါင်းဆောင်တို့၏အကူအညီဖြင့် ဘရောက်ဒါဝါဒအမှားများကို ဆေးကြောလာခဲ့သူဖြစ်၏။ သူ၏ ဝေဘန်ရေးအစီရင်ခံစာကို ဗဟိုကော်မတီက တသဘောတည်းအတည်ပြုခဲ့၏။ သို့သော် သခင်စိုးသည် သခင်သန်းထွန်းနှင့် ဦးသိန်းဖေမြင့် တို့တွင် သာ

ဘရောက်ဒါဝါဒ အတွက်တာဝန်ရှိသည်၊မိမိတွင်မရှိ ဟုဆိုကာ၊ သဘောကွဲလွဲမှုပေါ်ခဲ့၏။ထိုနောက်ပါတီမှခွဲထွက်၍ သွားခဲ့တော့၏။

၁၉၄၆-ခု ဇူလိုင်လ ၆-ရက်တွင်ကျင်းပသောဗဟိုကော်မတီအစည်းအဝေးကျင်းပခဲ့၏။

သခင်သန်းထွန်းသည် ဖဆပလ အထွေထွေအတွင်းရေးမှူးနေရာမှ နုတ်ထွက်၍ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး အဖြစ်တာဝန် ပြောင်းယူပြီး၊ဦးသိန်းဖေမြင့်သည် ပါတီ အထွေထွေ အတွင်းရေးမှူးနေရာမှ နုတ်ထွက်ကာ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်နှင့်ညီညွှတ်ရေးတပ်ပေါင်းစုတာဝန်ခံ နေရာကိုပြောင်းယူစေရန် ဗဟိုကော်မီတီအစည်းအဝေးက အတည်ပြုခဲ့၏။

ထိုအစည်းအဝေးတွင် တင်သွင်းရန် ဦးသိန်းဖေမြင့် ရေးသားသော "ဗမာပြည် အတွက် ဒီမိုကရေစီသစ်"ဟူသောစာတမ်းကို သခင်သန်းထွန်း သခင်ဗဟိန်းနှင့် ဦးသိန်းဖေမြင့်တို့ပါဝင်သောပေါ်လစ်ဗျူရိုအစည်းအဝေး၌တင်ခဲ့၏။

"(၁) ပစ္စည်းမဲ့အလုပ်သမားလူတန်းစား၊(၂) တောင်သူ လယ်သမား။(၃) မြို့နေဒီမိုကရေစီအင်အားစုဟု ခေါ်ကြသော ဆင်းရဲသား များနှင့်နေရှင်ပေါက်စများ။(၄) ပညာတတ်လူတန်းစား"တို့အား "အဓိကလွတ်လပ်ရေး အင်အားစုဟုငှင်း၊ ဒီမိုကရေစီသစ်အင်အားစုဟုငှင်း၊ခေါ်ကြရပေမည်"ဟု ထိုစာတမ်းတွင် ဦးသိန်းဖေမြင့်ကဖော်ပြထား၏။

"နိုင်ငံရေးအားဖြင့် အဆိုပါ လူတန်းစား ၄-ရပ်သည် အာဏာကို ညီတူညီမျှပူးပေါင်း၍သိမ်းပိုက်၏။ လူတန်းစားတခုက အာဏာကိုသိမ်းပိုက်ထားခြင်းမဟုတ်။

"စီးပွါးရေးအားဖြင့်မြေရှင်စံနစ်ကိုဖျက်၏။မြေယာလုပ်သား များအား မြေယာဝေပေး၏၊ ကြွေးကိုလျှော့ပစ်၏။ သော့ချက်စက်မှုလုပ်ငန်း များနှင့် ဘဏ်တိုက်ကြီးများကိုပြည်သူ့ပိုင်လုပ်ပစ်၏။ စက်မှု လက်မှုတည် ထောင်၏။

"ထိုသို့အားဖြင့် လူတန်းစား လေးရပ်သည် နိုင်ငံရေး အာဏာ၊ စီးပွါးရေးအာဏာစသည်တို့ကို သိမ်းပိုက်လျက် ဒီမိုကရေစီသစ်သမတနိုင်ငံကိုတည်ထောင်၏။ဒီမိုကရေစီသစ်မှ တဆင့်ဆိုရှယ်လစ်စံနစ်သို့ကူးပြောင်းသွားလိမ့်မည်။

"ထို့ကြောင့်ဤလူတန်းစားလေးရပ်သည်၊ ဗြိတိသျှနယ်ချဲ့သမားကိုဖြိုဖျက်ရာ၌သာ ညီညွှတ်နိုင်ကြသည်မဟုတ်ဒီမိုကရေစီသစ်ကိုတည်ထောင်ရာ၌လည်းညီညွှတ်နိုင်ကြသည်။ ညီညွှတ်လည်းညီညွှတ်ကြပါလိမ့်မည်။ထို့ပြ

သာမက ဆိုရှယ်လစ်လောကသို့ပင် တညီတညွှတ်တည်း ချီတက် သွားကြပေလိမ့်မည်"....ဟု ဦးသိန်းဖေမြင့်က ထိုစာတမ်း၌ဖော်ပြထား၏။

"လွတ်လပ်ရေးကိုမလွတ်တန်းတိုက်ယူမည့် ဒီမိုကရေစီသစ်အင်အားများ"ကို ဖော်ပြပြီးနောက် ဦးသိန်းဖေမြင့်က "ဗြိတိသျှ အရင်းရှင်နယ်ချဲ့သမား၊ မြေရှင်နှင့် လက်ဝါးကြီးအုပ် ပွဲစား(Compradore) များသည် လွတ် လပ် ရေးဆန့်ကျင်ဘက် အင်အားစု"ဖြစ်ကြောင်း ဆက်လက်ဖော်ပြထား၏။

ထိုနောက်"တိုင်းရင်းသား အရင်းရှင်များသည်ယိမ်းယိုင်တတ်သော လွတ်လပ်ရေးအင်အားစု"ဖြစ်ကြောင်းဆက်လက်ဖော်ပြထား၏။

"နယ်ချဲ့နေရှင်နိုင်ငံတို့မှ ဆိုရှယ်လစ် ဝါဒမှာ အထက်တန်း အလုပ်သမား(Labour Aristocracy)များ၏ဝါဒဖြစ်သည်။ လက်အောက်ခံ ကျွန်နိုင်ငံဖြစ်သော ဗမာပြည်တွင်ကား ထိုကဲ့သို့သော အထက် တန်းစား အလုပ်သမားများမရှိ၊ ဆိုရှယ်လစ်ပါတီသည် ဒီမိုကရေစီသစ် အင်အားစု အတွင်း၌သာ အမြစ်ရှိနိုင်၏"ဟု မြန်မာပြည်ဆိုရှယ်လစ် ပါတီနှင့် ပတ်သက်၍ ဦးသိန်းဖေမြင့်က တင်ပြထား၏။

ဦးသိန်းဖေမြင့်၏ စာတမ်းတွင် ဒီမိုကရေစီ အင်အင်းစု ဖြစ်သော လူတန်းစား ၄-ရပ်က ညီတူမျှတူပူးပေါင်း၍ သိမ်းပိုက်ကြောင်း၊လူတတန်း စားတည်းက အာဏာကို သိမ်းပိုက်ထားခြင်း မဟုတ်ကြောင်းဖြင့် ဖော်ပြ ထား၏။ သို့သော်မည်သည့် လူတန်းစားက ခေါင်းဆောင် ရမည်ဟူသော အရေးကြီးသည့် အချက်ကိုမူ တဆက်တည်းဖော်ပြထားခြင်းမရှိပေ။ ဒီမို ကရေစီသစ်တော်လှန်ရေး၏ ခေါင်းဆောင်မှုပြဿနာကို ရှင်းရှင်းလင်းလင်း မဖော်ပြရဲသကဲ့သို့ဖြစ်နေသည်ကို တွေ့ရ၏။

ထိုလူတန်းစား ၄-ရပ်တွင် ပစ္စည်းမဲ့အလုပ်သမားလူတန်းစားသည် ရှေ့ဆောင်မှုအခန်းမှပါဝင်လိမ့်မည်။ လယ်သမားသည် အဓိကအင်အားစု ဖြစ်သည်။ အလုပ်သမားနှင့် လယ်သမားတို့၏ မဟာမိတ်ဖွဲ့မှု အပေါ်တွင် အခြေပြုရမည်။

ဒီမိုကရေစီသစ် အစိုးရ၏အသွင်သဏ္ဍာန်သည်နေရှင် လူတန်းစားက အာဏာကို လက်ဝါးကြီးအုပ် ယူထားသောနေရှင်-အာဏာရှင် စံနစ်(ဝါ) ဒီမိုကရေစီဟောင်းအစိုးရ၏ အသွင်သဏ္ဍာန်နှင့် မတူပေ။ အသွင်ချင်း ခြားနားပေသည်။ အသွင်ချင်းခြားနားရုံသာမက၊ အနှစ်သာရအနေဖြင့်ကြည့် လျှင်လည်း ခြားနားပေသည်။

တဖန် ဒီမိုကရေစီသစ်အစိုးရ၏အသွင်သဏ္ဍာန်သည် ပစ္စည်းမဲ့လူတန်း

စားက အာဏာယူထားသည့် ပစ္စည်းမဲ့ အာဏာရှင်စံနစ် (ဝါ) ဆိုဗီယက် အမျိုးအစားဖြစ်သော ဒီမိုကရေစီအစိုးရ၏ အသွင်သဏ္ဌာန်နှင့်လည်း မတူပေ။ အသွင်ခြင်းခြားနားပေသည်။ သို့သော် အနှစ်သာရအနေဖြင့် ကြည့်လျှင်ကား ခြားနားခြင်းမရှိပေ။

အနှစ်သာရအားဖြင့်ကြည့်လျှင် ပစ္စည်းမဲ့အာဏာရှင်စံနစ်နှင့် ဓနရှင်အာဏာရှင်စံနစ်-ဟူ၍ ၂-မျိုး ၂-စားသာလျှင် ရှိပေသည်။

ပစ္စည်းမဲ့အာဏာရှင်စံနစ်နှင့် ဒီမိုကရေစီသစ် စံနစ်တို့သည် အနှစ်သာရအားဖြင့် ခြားနားခြင်းမရှိသော်လည်း၊ အသွင်အားဖြင့်ကား ခြားနားကြပေသည်။

ဒီမိုကရေစီသစ် တော်လှန်ရေးသည်၊ ပစ္စည်းမဲ့တော်လှန်ရေး(ဝါ) ဆိုရှယ်လစ်တော်လှန်ရေးသို့ ရှေ့ရှုသွားရာ၊ ကြားအဆင့်-စပ်ကူး မတ်ကူး အဆင့်ပင်ဖြစ်ပေသည်။

ထို့ကြောင့် ဆိုရှယ်လစ်တော်လှန်ရေးသို့ ကူးပြောင်းသွားနိုင်ရန်မှာ ဒီမိုကရေစီသစ် တော်လှန်ရေးကို ပစ္စည်းမဲ့ အလုပ်သမား လူတန်းစား၊ (ဝါ) မာ့က်စ်ဝါဒ-လီနင်ဝါဒကို လမ်းညွှန်အဖြစ် ခံယူသော ပစ္စည်းမဲ့ လူတန်းစားပါတီတရပ်က ခေါင်းဆောင်သွားနိုင်မှသာလျှင်၊ ဖြစ်နိုင်ပေလိမ့်မည်။ သို့သော်လည်း ဒီမိုကရေစီသစ်စံနစ်တွင် အာဏာကို ပစ္စည်းမဲ့ အလုပ်သမား လူတန်းစားတရပ်တည်းက ယူခြင်းမပြုဘဲ၊ ဦးသိန်းဖေမြင့် ဖေါ်ပြသော လူတန်းစားလေးရပ်ကခွဲဝေယူကြမည်သာ ဖြစ်ပေသည်။

(ဦးသိန်းဖေမြင့်က ပညာတတ် လူတန်းစားဟု ဆိုထားသည်။ သို့သော်ပညာတတ်တို့သည် လူတန်းစား မဟုတ်ပေ။ လူတန်းစားတခု၏ အလွှာတရပ်သာ ဖြစ်သည်။ မော်စီတုံးက ညွန့်ပေါင်း အစိုးရ -ဟူသော စာတမ်း၌ အောက်ပါအတိုင်း ခွဲထားပေသည်။ (က) စက်မှုလုပ်ငန်း အလုပ်သမားများ၊ လက်မှုလုပ်ငန်း အလုပ်သမားများ၊ လယ်ယာ အလုပ်သမားများ၊(လယ်ယာပစ္စည်းမဲ့-ဟုခေါ်သော-စာရင်းငှား,။(ခ) တောင်သူလယ်သမားများ၊ (ဂ) လူတန်းစားများနှင့် အခြားမျိုးချစ်များ-ဟူ၍ ဖြစ်ပေသည်။)

ဦးသိန်းဖေမြင့်-သည် သူ၏ လူတန်းစား ၄-ရပ်ကို ဖေါ်ပြထားရုံသာထားပြီး၊ ဒီမိုကရေစီသစ် တော်လှန်ရေး၏ လက္ခဏာ၊ အထူးသဖြင့် ခေါင်းဆောင်မှုပြဿနာကို တဆက်တည်း ဖေါ်ပြခြင်း မပြုခဲ့သည့်အတွက်၊ ဒီမိုကရေစီသစ် တော်လှန်ရေးနှင့်ပတ်သက်၍ ရှုပ်ထွေးမှုများ ပေါ်ပေါက်အောင် ဖန်တီးခြင်းပင်လောဟု တွေးတောစရာဖြစ်ပေသည်။

ဦးသိန်းဖေမြင့်၏ "ဒီမိုကရေစီသစ် စာတမ်း"ကို ဗမာပြည် ကွန်မြူနစ်ပါတီ ဗိုဘီ(ခေါ်)နိုင်ငံရေးဗျူရိုအဖွဲ့က ပယ်ချခဲ့၏။ ထိုနောက် သခင်သန်းထွန်းက "နိုင်ငံရေးအစီရင်ခံစာ"ကိုရေးသားခဲ့၏။

ထိုအစီရင်ခံစာတွင် ဒီမိုကရေစီသစ် အင်အားစုတို့၏ ခေါင်းဆောင်အဖြစ်၊အလုပ်သမားလူတန်းစားက တာဝန်ယူရမည်ဟု ရှင်းရှင်း လင်းလင်း ဖေါ်ပြထား၏။

၁၉၄၆-ခု ဇူလိုင်တွင် ကျင်းပသော ဗမာပြည် ကွန်မြူနစ် ပါတီ ဗဟိုကော်မတီအစည်းအဝေးက သခင်သန်းထွန်း၏ အစီရင်ခံစာကို အတည်ပြုခဲ့လေသည်။ ဦးသိန်းဖေမြင့်က သူ့စာအုပ်ထဲတွင် အောက်ပါအတိုင်း ရေးသားထားလေသည်။

"သခင်သန်းထွန်း၏အစီရင်ခံစာသည် ယေဘုယျအားဖြင့်ဗမာပြည် ကွန်မြူနစ်ပါတီအားမှန်ကန်သော ခေါင်းဆောင်မှုတာဝန်ကိုထမ်းဆောင်နိုင်ရန် အခြေခံပျိုးပေးလိုက်ပေသည်"။

"အသက်ပါ ၁၉၄၆-ခု ဇူလိုင်၊ဗဟိုကော်မီတီအစီရင်ခံစာ၏ခေါင်းဆောင်မှု မပါခဲ့လျှင်၊ ဗမာပြည် ကွန်မြူနစ်ပါတီသည် ဖဆပလ နယ်ချဲ့ဆန့်ကျင်ရေးအုပ်ကြမှုတွင် ဤမျှအရေးပါ အရာရောက်စွာပါဝင်ခဲ့နိုင်မည် မဟုတ်ချေ"။

"၁၉၄၆-ခုစက်တင်ဘာလတွင်တောင်သူလယ်သမားတို့၏လှုပ်ရှားမှုကြီးများမှာ အထူးကြီးမားလာလေသည်။စီးပွါးရေးတောင်းဆိုချက်များကိုသာမက နိုင်ငံရေးတောင်းဆိုချက်များကို တောင်းဆိုလာကြလေသည်။ အလုပ်သမားများ၏တိုက်ပွဲများကလည်း ပြင်းထန်လာလေသည်။ မြည်သူ့ရဲဘော်တို့၏ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုမှာလည်း အရှိန်မြင့် လှသည်။ နောက်အမှုထမ်းပေါင်းစုံ သမဂ္ဂမှုကြီးမှုးသောအစိုးရအမှုထမ်းတို့၏သပိတ်ကြီးဖြစ်ပွါးလာလေသည်။ နောက်ဆုံးတွင် ပုလိပ်များကပင်သပိတ်မှောက်ကြလေသည်"ဟူ၍ဖြစ်၏။

၁၉၄၆-ခုအောက်တိုဘာလ ၁ဝ-ရက်နေ့တွင်ဗမာပြည်ကွန်မြူနစ်ပါတီအား ဖဆပလ ထဲမှထုတ်ပစ် ခဲ့လေသည်။ နိုဝင်ဘာလ ၂-ရက်နှင့် ၃-ရက်တွင် ကျင်းပခဲ့သော ဖဆပလ ဦးစီးအစည်းအဝေးက အတည်ပြုခဲ့လေသည်။

အင်္ဂလိပ်နယ်ချဲ့သမားသည် ဖဆပလအစိုးရအား နိုင်ငံရေး လိုက်လျောချက်အာဏာအခွင့်အရေးတတ်နိုင်သမျှပေးပြီး၊ စီးပွါးရေးနှင့်စစ်ရေးတို့တွင် အခြေခံ စခန်းများကို ထိန်းသိမ်းထားရန် ဟူသော မိမိ၏ နယ်ချဲ့

ပရိယာယ်လီမွာပါးနပ်စွာ ကျင့်သုံးတော့မည်ဖြစ်ပေသည်။ နယ်ချဲ့သမား၏ စီးပွါးရေးနှင့်စစ်ရေးအခြေခံစခန်းများကိုပြည်သူတို့က တိုက်ခိုက်လာလျှင် အာဏာခွဲဝေပေးထားသောကြားဖြတ်အစိုးရအားကွန်မြူနစ်ဆန့်ကျင်ရေး ကြွေးကြော်သံဖြင့် လူထုကိုနှိမ်နင်းခိုင်းပေတော့မည်ဖြစ်ပေသည်။

ထိုနောက်ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မီတီသည်၊ ၁၉၄၇-ခု ဇန်နဝါရီလတွင် နယ်ချဲ့သမားထံမှအဆုံးသတ်အာဏာသိမ်းယူရေးအတွက် ဖဆပလ ကွန်မြူနစ်ညီညွတ်ရမည်ဟု ဆုံးဖြတ်ခဲ့လေသည်။

နယ်ချဲ့သမားသည် တဖက်က ဖဆပလအား အာဏာ ခွဲဝေပေးပြီးလျှင် အခြားတဖက်ကမူ မိမိ၏အခြေခံစခန်းများအား ထိန်းသိမ်းစေကာ၊ လူထုအား ဖိနှိပ်စေရန်အတွက် ဖဆပလအား လက်ကိုင်ဒုတ်အဖြစ် အသုံးပြုမည့် နယ်ချဲ့သမား၏ အကြံအစည်ကိုလည်း ဗမာပြည်ကွန်မြူနစ် ပါတီက ပြည်သူ့ ရှေ့မှောက်သို့တင်ပြခဲ့၏။

၁၉၄၇-ခုဇန်နဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်း ဆောင်သော ဖဆပလက "တနှစ်အတွင်း လွတ်လပ်ရေးရ ရမည်"ဟုဆုံးဖြတ်ချက်ချခဲ့၏။ ဇန်နဝါရီလ ၃၁-ရက်တွင် အကြောင်းပြန်ရန် အင်္ဂလိပ်အစိုးရအားရာဇသံပို့ခဲ့၏။

ဖဆပလ၏"တနှစ်အတွင်းလွတ်လပ်ရေး ရရမည်"ဟူသောတောင်းဆိုချက်ကို ဗမာပြည့် ကွန်မြူနစ်ပါတီက ထောက်ခံကာ ဖဆပလ လူထုဆန္ဒပြပွဲတွင် ကွန်မြူနစ်အင်အားစုတို့က ပါဝင်ဆင်နွှဲခဲ့၏။

ဆိုရှယ်လစ်ပါတီ ပြည်သူ့ရဲဘော်အဖွဲ့နှင့် ကွန်မြူနစ်ပါတီတို့သည် လက်နက်ကိုင် ထကြွရန် ပြင်ဆင်လာခဲ့ကြပေသည်။

"လွတ်လပ်ရေးရတဲ့အခါ ယိုးဒယားလိုဖြစ်ချင်သလား....ဆိုဗီယက်ရုရှားလိုဖြစ်ချင်သလား၊ ဗမာပြည် လွတ်လပ်ရေးရတဲ့အခါမှာ ပြန်လည်ထူထောင်ရေး စီမံကိန်းများကို အမျိုးမျိုးသော နည်းများဖြင့်လုပ်မှ၊ ခပ်ရိုင်းရိုင်း ဗမာစကားနှင့်ပြောရလျှင် အတော်ကို ပြဲအောင်ကြိုးစားလုပ်ကိုင်မှ အနှစ်နှစ်ဆယ်ကြာမှ ဗမာပြည် တော်ရုံရောက်မယ် မလုပ်လို့ရှိရင်ယိုးဒယားတောင်မှီမှာမဟုတ်ဘူး။ အခြားတိုင်းပြည်က ခြေတလှမ်းလှမ်းရင် ကိုယ်က ခြေ ၄-၅ လှမ်းလှမ်းနိုင်မှတော်ရုံကျမယ်။အဲဒီလို မလုပ်လျှင်၊ ဟိုလူလာလဲ မျက်နှာချိုသွေးရ ဒီလူလာလဲမျက်နှာချိုသွေးရနဲ့ ဖါသယ်နိုင်ငံဖြစ်မှာဘဲ"

"တည့်တည့်လင်းလင်းသတိပေးခဲ့မယ်။ ဗမာပြည်မှာ လူမျိုးအချင်းချင်းမကွဲဘို့ လူငယ်ပိုင်းဖြစ်သော လက်ဝဲသမား အချင်းချင်းမကွဲဘို့ သတိ

ပေးလိုတယ်"ဟု ဗိုလ်ချုပ်အောင်ဆန်းက နောက်ဆုံးအနေဖြင့် မိန့်ခွန်းမြွက်ကြားခဲ့သည်။

ဇူလိုင်လ၊ ၁၉-ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဖဆပလခေါင်းဆောင်ဝန်ကြီး ၆-ဦးသည်၊နယ်ချဲ့လုပ်ကြံမှုဖြင့် ကျဆုံးခဲ့ရပေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင် အချို့ ကျဆုံးခဲ့ရခြင်းနှင့်ပတ်သက်၍၊ ဗမာပြည်ကွန်မြူနစ်ပါတီသည်နယ်ချဲ့သမား၏ လုပ်ကြံမှုသာဖြစ်ကြောင်း တိုင်းပြည်သို့ဖေါ်ထုတ်တင်ပြခဲ့ပေသည်။

ဇူလိုင် ၁၉-ရက်နေ့မှစတင်ကာ ဖဆပလ ခေါင်းဆောင်များနှင့် ကွန်မြူနစ်ခေါင်းဆောင်များသည်။ ညီညွတ်ရေးအတွက် စကားကမ်းလှမ်းကာ စေ့စပ်ခြင်းပြုခဲ့ကြ၏။ ပြည်သူတို့သည် ဖဆပလ ကွန်မြူနစ် ညီညွတ်ရေးအောင်မြင်ပါစေဟူသော ကြီးစွာသော မျှော်လင့်ချက်ဖြင့် စောင့်စားခဲ့ကြသည်။

၁၉၄၆-ခု အောက်တိုဘာတွင် ဖဆပလနှင့် ကွန်မြူနစ်ကွဲခဲ့ရသည်ကို ပြည်သူတို့က မလိုလားခဲ့ကြပေ။ ပြန်လည်ညီညွတ်စေလိုခဲ့ကြ၏။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလခေါင်းဆောင်များ၁၉၄၇-ဇန်နဝါရီလအတွင်း၌အင်္ဂလိပ်သို့သွားရောက်အရေးဆိုကြစဉ်၊ ဗမာပြည်အနှံ့အပြားတွင်လွတ်လပ်ရေးဆန္ဒပြပွဲများ ကျင်းပခဲ့၏။ဖဆပလခေါင်းဆောင်တို့က ၎င်းဆန္ဒ ပြပွဲများတွင် ကွန်မြူနစ်များ ဝင်ရောက်ပူးပေါင်းဆောင်ရွက်ခြင်းကို မလိုလားကြစေကာမူ ကွန်မြူနစ်ပါတီသည် အား တက် သရော ပါဝင်ပြီး တမျိုးသားလုံး၏ အရေးဆိုချက် များကို အင်တိုက်အားတိုက်ထောက်ခံခဲ့၏။ ဤကဲ့သို့သောကွန်မြူနစ်ပါ၏တီ အပြုအမူကို ပြည်သူတို့က ဝမ်းမြောက်ဝမ်းသာကြိုဆို ထောက်ခံခဲ့ကြ၏။

တော်လှန်ရေးနေ့၊ မေဒေးနေ့စသော နယ်ချဲ့ဆန့်ကျင်ရေး အစည်းအဝေးများနှင့် အရေးကိစ္စများ၊ ပြည်သူလူထုအတွက် အကျိုး ရှိစေသည့်ကိစ္စတို့တွင်၊ ဖဆပလအဖွဲ့က ဆောင်ရွက်တိုင်း ကွန်မြူနစ်ပါတီက ပါဝင်ဆောင်ရွက်ခဲ့၏။ ထိုနည်းတူကွန်မြူနစ်ပါတီက ကြီးမှူးဆောင်ရွက်သောလူထု တိုက်ပွဲများတွင်လည်း၊ ဖဆပလ အင်အားစုများနှင့် အလုပ်တူပူးတွဲဆောင်ရွက်ရန် အထူးကြိုးစားခဲ့၏။

ဗိုလ်ချုပ်တို့ ကျဆုံးချိန်တွင် အင်္ဂလိပ် အလိုတော်ရိ ဂိုဏ်းက အာဏာကို ဝင်ယူရန်နှင့် ပြည်တွင်းစစ်မီး တောက်လောင်စေရန်နယ်ချဲ့သမား၏ အကြံအစည်ကို ကွန်မြူနစ်ပါတီက တားဆီး တိုက်ဖျက် နိုင်ခဲ့ပေသည်။

ဖဆပလ ကွန်မြူနစ် ညီညွတ်ရေးအတွက် ၂-ဦး ၂-ဖက် ကြိုးစားနေကြပြီဟူသော သတင်းကို ကြားကြရသော ပြည်သူတို့သည်၊ ဝမ်းသာအယ်လဲကြိုဆိုခဲ့ကြ၏။

သို့သော် ၄-လမျှ စေ့စပ်ခဲ့ပြီးသည့်နောက်၊ နိုဝင်ဘာလ၊ ၁၇-ရက်နေ့တွင်၊ ဖဆပလအဖွဲ့ကြီးက ဖဆပလ ညီညွတ်ရေးမဖြစ်နိုင် ဟု ကြေညာခဲ့သည်။ ညီညွတ်ရေး ဆန္ဒပြင်းပြ လျက်ရှိသော ပြည်သူတို့သည်၊ တုန်လှုပ်ခြောက်ခြားသွားခဲ့လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည်၊ ဖဆပလ ကွန်မြူနစ်ညီညွတ်ရေး စေ့စပ်ခဲ့ပုံများနှင့်ပတ်သက်သော အပြန်အလှန်ပေးစာများကို စာအုပ်ငယ်အဖြစ် ရိုက်နှိပ်၍ တိုင်းပြည်သို့တင်ပြတိုင်တည်ခဲ့၏။

ထိုအပြန်အလှန်ပေးစာများအရသာဆိုလျှင်ဖဆပလခေါင်းဆောင်တို့သည် နိုင်ငံရေးအရသဘောတူသည်ဟု ဆိုသော်လည်း၊ ညီညွတ်ရေးကိုမူ ပယ်ချလိုက်ကြောင်း အထင်အရှား တွေ့ရပေသည်။

“ဖဆပလနှင့် ကွန်မြူနစ်ယနေ့ညီညွတ်လျှင် ယနေ့ပင် နယ်ချဲ့သွားအား အပြုတ်တိုက်၍ နယ်ချဲ့သမားပိုင် သော့ချက် လုပ်ငန်းကြီးများကို သိမ်းယူ ခြင်းဖြင့် ဗမာပြည်အား ရွှေမိုး ငွေမိုး ရွာစေနိုင်မည်။ နက်ဖြန်ညီညွတ်လျှင်၊နက်ဖြန် အပြုတ်တိုက်၍၊ နက်ဖြန်သိမ်းယူခြင်းဖြင့်၊ နက်ဖြန် ရွှေမိုးငွေမိုးရွာစေနိုင်မည်”

“….သို့အတွက်ကြောင့် ဖဆပလ လက်ျာဂိုဏ်းခေါင်းဆောင်တို့က ဖဆပလ ကွန်မြူနစ်ညီညွတ်ရေးကို မည်ကဲ့သို့ တားဆီးစေကာမူ၊ မည်ကဲ့သို့ ဖျက်ဆီးစေကာမူ လူထုကြီး၏ အလိုကျ ဖြစ်သော၊ ဖဆပလ ကွန်မြူနစ် ညီညွတ်ရေးသည် အချိန်မကြာမီ မုချရမည်ဟု ငါတို့စွဲမြဲစွာ ယုံကြည်ပေသတည်း။

-ဟူ၍ ဗမာပြည် ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး သခင်သန်းထွန်းက ထိုအပြန်အလှန် ပေးစာ -ဟူသော စာအုပ် ငယ်တွင် ၂၂-၁၁-၄၇ ရက်စွဲဖြင့် နိဒါန်းရေးထားလေသည်။

ထိုကာလ မတိုင်မီ အတွင်းမှာပင် ဦးသိန်းဖေမြင့်အား ကွန်မြူနစ်ပါတီက အပြစ်ပေးခဲ့၏။ သူသည် ညီညွတ်ရေးဗိသုကာဟူသောကလောင်ဝှက်အမည်ဖြင့် ဆောင်းပါးတစောင်ကို ဗိုလ်ချုပ်တို့ကျဆုံးပြီး ၇-ရက်ခန့်အကြာတွင် မြန်မာ့အလင်းနှင့်ဟစ်တိုင်သတင်းစာတို့၌ရေးသားခဲ့၏။ပါတီဗဟိုကတိုက်ရိုက်ထိန်းကြောင်းခြင်းခံရသော သာမန် ကွန်မြူနစ်ပါတီဝင်တဦးအဖြစ်သို့ချထားခြင်းခံခဲ့ရ၏။လူထုအားဖြင့်၊ ပါတီဝင်များအားဖြင့်၊

မကူးစက်စေရန်မည်သည့်လူထု၊မည်သည့်ပါတီဝင်တို့အကြားတွင်မျှကလပ်စည်းဝင်အဖြစ်ဖြင့် မထားရဟုလည်း၊ သတ်မှတ်ထားခြင်း ခံခဲ့ရလေသည်။

ထိုသို့ဖြစ်ခဲ့ရခြင်းနှင့် ပတ်သက်၍နောက်ကြောင်းပြန်ရသော်-ဦးသိန်းဖေမြင့်အနေဖြင့် ကွန်မြူနစ်တဦးအဖြစ် မလုပ်ကောင်းသော အလုပ်တို့ကို လုပ်ခဲ့ကြောင်းကို တွေ့ရပေသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံကြရသည့် ဇူလိုင်လ ၁၉-ရက်နေ့ ညနေ ၄ နာရီတွင် ထိုစဉ်က ဖဆပလ ဒုတိယ ဥက္ကဋ္ဌဖြစ်သူ သခင်နုထံသို့ ဦးသိန်းဖေမြင့်က စာတစောင် ပေးပို့ခဲ့၏။

ထိုစာထဲတွင် လုပ်ကြံသတ်ဖြတ်မှုသည်နယ်ချဲ့သမားနှင့်အလိုတော်ရိများ၏ အကြံဖြစ်ကြောင်းနယ်ချဲ့သမား၏ ထိုးစစ်ဖြစ်ကြောင်း၊ အမျိုးသားလှုပ်ရှားမှုအား နယ်ချဲ့သမားတို့က တိုက်စစ်ဆင်ခြင်းကို ဆိုရှယ်လစ် ကွန်မြူနစ်၊ ပြည်သူ့ရဲဘော်တို့ကိုအခြေခံကာ ယာယီ ပူးတွဲကော်မတီများဖွဲ့၍ ပြန်လှန်ခုခံတိုက်ခိုက်ရမည်ဖြစ်ကြောင်း။ ဖဆပလ လက်သို့လုံးဝ အာဏာပြောင်းပေးရန် တောင်းဆို သင့်ကြောင်း၊ အဆုံးသတ် အာဏာ သိမ်းရေးအတွက် တမျိုးသားလုံးအား လှုံ့ဆော်စည်းရုံးသင့်ကြောင်းများ ပါရှိလေသည်။

စာပါ အချက်အလက်များအနေနှင့် အပြစ်ဆိုးရာမဟုတ်စေကာမူ ဦးသိန်းဖေမြင့်သည် အရေးကြီးလှသော နိုင်ငံရေး သဘောထား တရပ်ကို မိမိသဘောအတိုင်း ရေးသားဖေါ်ထုတ်ခြင်းမှာ၊ ကွန်မြူနစ်တဦးအနေဖြင့် မိခင် ကွန်မြူနစ်ပါတီကိုဘေးချိတ်ခြင်း၊ပစ်ပယ်ခြင်း၊ အလေးမထား မထီမဲ့မြင်ပြုသည့်သဘော၊ ငါတကော-ကောသည့် သဘောမျိုးဖြင့်၊ ပြုကျင့်ရာရောက်ပေသည်။

သခင်နုက အစိုးရဖွဲ့ပြီးသည့်နောက် ၁-ရက် ၂-ရက် အတွင်းမှာပင်၊ သခင်နုနေအိမ်၌ ဖဆပလ ကွန်မြူနစ် ညီညွတ်ရေး ဆွေးနွေးကြရာ၊ ဗိုလ်လက်ျာ၊သခင်သန်းထွန်း၊ သခင် ဗသိန်းတင်၊ ရဲဘော်ဘတင်နှင့် ဆိုရှယ်လစ်ပါတီမှ ဦးကိုကိုကြီး စသော ဆိုရှယ်လစ်ခေါင်းဆောင်များအပြင်၊ ဦးသိန်းဖေမြင့်ပါ တက်ရောက်ခဲ့၏။ ဦးသိန်းဖေမြင့် အကြောင်းကို မသိ၍ ဗိုလ်လက်ျာက ဖိတ်သည့်တိုင်အောင်၊ အဖိတ်ခံရသူ ဦးသိန်းဖေမြင့်ကဲ့သို့သော ပုဂ္ဂိုလ်တဦးသည်၊ငြင်းဆိုသင့်ပေသည်။

အစည်းအဝေးတခုအတွင်း၌ ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်များနှင့် ကွန်မြူနစ်ပါတီကိုယ်စားလှယ်မဟုတ်သော ကွန်မြူနစ်တဦး ဘွားကနဲလာတွေ့ရပြီး၊ ဘုမသိ ဘမသိဖြစ်ရခြင်းကား၊ လုံးဝမဖြစ်သင့် မဖြစ်ထိုက်

သော ကိစ္စတရပ် ဖြစ်ပေသည်။ (ထိုစဉ်အခါက ဦးသိန်းဖေမြင့်မှာ သူနှင့် သဘောကွဲလွဲလျက်ရှိသော ပါတီ လမ်းစဉ်နှင့် ပတ်သက်၍ ပြန်လည် လေ့လာရန်အတွက်၊ ဗဟိုကော်မတီမှ ၆-လခွင့်ယူထားရသူ ဖြစ်ပေသည်။)

နောင်အခါတွင်၊ ၎င်း ဖဆပလ ကွန်မြူနစ်ညီညွတ်ရေးအစည်းအဝေးသို့ ဦးသိန်းဖေမြင့် တက်ခွင့်မရတော့ပေ။

ညီညွတ်ရေးပိသုကာ အမည်ကို ခံယူ၍ ဆောင်းပါး ရေးခဲ့ပုံနှင့် ပတ်သက်၍၊ "နိုင်ငံရေး အတွေ့အကြုံများ" စာအုပ်တွင်၊ ဦးသိန်းဖေမြင့်က အောက်ပါအတိုင်း ရေးသားထား၏။

"သိန်းဖေမှာ ပထမ ညီညွတ်ရေး အစည်းအဝေး အပြီး၊ သခင်သန်းထွန်းတို့က ကန့်ကွက်ခြင်းကြောင့်၊ ရှေ့ဆက်ဘာမျှ လုပ်စရာ မရှိတော့သလို ဖြစ်နေလေသည်။ ထို့ကြောင့် မကြေမနပ်ဖြစ်ကာ၊ ထင်မိထင်ရာ လုပ်လေတော့သည်။ ကွန်မြူနစ် တယောက် အနေနှင့် မလုပ်သင့်သော နည်းဖြင့်၊ သူ့လမ်းစဉ်ကို တင်ပြလေတော့သည်။

"မြန်မာ့အလင်းနှင့် ဟစ်တိုင် သတင်းစာ များတွင်၊ 'ညီညွတ်ရေး ပိသုကာ'ဆိုသော ကလောင်ဝှက် အမည်ဖြင့် အောက်ပါ ဆောင်းပါးကို ရေးသားခဲ့လေသည်" ဟူ၍ဖြစ်၏။

ဦးသိန်းဖေမြင့်သည် သူ့ဆောင်းပါးကို အောက်ပါအတိုင်း နိဂုံးချုပ်ထားလေသည်။

"ရဲဘော်ကွန်မြူနစ် အပေါင်းတို့ - ဤစာတမ်းကို ဆွေးနွေးကြ၊ လေ့လာကြ၊ လုပ်နိုင်သမျှဖြစ်သည့် မနေရာက ကောက်လုပ်ကြ။ ရဲဘော်တို့၊ အလံနီသော၊ ဘာသောညာသောဂိုဏ်းခွဲမနေကြနှင့်၊ ငါတင်ပြသောစာတမ်းဖြင့်သာ ငါတို့ပါတီသည် ဤအခက်အခဲမှ ကျော်လွှန် ကူးမြောက်နိုင်မည်။ ရဲဘော်တို့ ဗမာပြည် ကွန်မြူနစ်ပါတီ ကွန်ဂရက်ခေါ်၍၊ ဤစာတမ်းကို အတည်ပြုကြလော့" ဟူ၍ဖြစ်၏။

ဦးသိန်းဖေမြင့်၏ သဘောထားသည်ကွန်မြူနစ်ပါတီခေါင်းဆောင်များအထူးသဖြင့် သခင်သန်းထွန်းနှင့် သခင်ဘတင် (ဂိုရှယ်) မစ္စတာ ဂိုရှယ် တို့အပေါ်တွင်၊ အာဃာတသဘော မွေးမြူလာပြီ ဖြစ်ကြောင်း ထင်ရှားလာသည်။

ထို့ပြင် ဦးသိန်းဖေမြင့်၏ မနရှင်ပေါက်စပညာတတ် ညဉ့်ဖြစ်သော၊ သူ့ရဲကောင်းဆန်လိုသည့် သဘော တသီးတခြား လုပ်လိုသော၊ တဦးချင်းဆန်သောသဘောကိုလည်း၊ ထိုအချိန်မှစ၍ တွေ့ရပေတော့သည်။

ရှာလွှန်ရှက်တိုက်ရုံ- ထင်ရာစိုင်းရုံတွင် မကသေးဘဲ၊ ပါတီခွဲသည့် ရောဂါသည်၊ ထိုအချိန်မှစ၍၊ ဦးသိန်းဖေမြင့်တွင် စွဲကပ်စပြုလာခဲ့သည်ကို တွေ့ရပေတော့သည်။

ပါတီလမ်းစဉ်နှင့် သဘောချင်း မကိုက်ညီရာမှ မိမိ၏ လမ်းစဉ်ကို ပါတီတွင်း-ပါတီပ နည်းအမျိုးမျိုးဖြင့် တင်ပြလာခဲ့ရင်းပင်၊ ဦးသိန်းဖေမြင့်သည် အထက်ဖော်ပြပါအတိုင်း အာဃာတ တရားလက်ကိုင် ပြုလာသည်။ တဦးချင်းဆန်လာသည်။ ငါထင်ရာ ငါလုပ်မည် ဆိုသည့် သဘောများ ပြင်းထန်လာသည်။ ပါတီခွဲသည့် ရောဂါ စွဲကပ်လာသည်။ (၁၉၅၀-ခုအောက်တိုဘာတွင် အိန္ဒိယကွန်မြူနစ် ခေါင်းဆောင်တဦးဖြစ်သူ မစ္စတာ ဒန်ဂေးသို့ ပေးပို့သော ဦးသိန်းဖေမြင့်၏ စာထဲတွင်၊ "ဂျပန်ရှပ်သေးအစိုးရတွင် ဝန်ကြီးတဦးဖြစ်ခဲ့သူ၊ ၁၉၄၄- ခုနှစ်တွင်မှ ပါတီတွင်း ဝင်ရောက်ဆောင်ရွက်ခဲ့သူ ကျွန်ုပ်တို့အားလုံးကဲ့သို့ပင်၊ အလားတူပြုပြင်ရေးအမှားကို ပြုခဲ့သူ သန်းထွန်းသည် ပါတီအထွေထွေ အတွင်းရေးမှူးအဖြစ် ဆက်လက် အတည်ပြုခြင်းခံခဲ့ရသည်"-ဟုရေးသားထားခြင်းမှာ၊ ဦးသိန်းဖေမြင့်တွင်၊ အာဃာတရှိကြောင်း ထပ်မံထင်ရှားစေပေသည်။)

ဦးသိန်းဖေမြင့်၏ အာဃာတ တရား၊ တဦးချင်းဆန်မှုနှင့် ပါတီဖြိုခွဲလိုသည့်သဘော တို့သည်၊ လျော့ကျသွားခြင်းမရှိဘဲ၊ ပြင်းထန် သည်ထက်ပြင်းထန်လာခဲ့ပြီးလျှင် နောက်ဆုံးတွင်မူ ကွန်မြူနစ်ပါတီ အပါအဝင် တောတွင်းအင်အားစုတို့အား အပြုတ်တိုက်သည့်နည်း (ဝါ) လက်နက်ချ အညံ့ခံခိုင်းသည့် နည်းဖြင့် ပြည်တွင်းစစ်ကို အဆုံးသတ်ပစ်ရန် ဟူသော သဘောထားသည်၊ ဦးသိန်းဖေမြင့်အား ဝင်၍ ပူးကပ်ခြင်း ပြုလာတော့သည်။

၁၉၄၈-ခု မတ်လ ၂၈-ရက်နေ့တွင် ပြည်တွင်းစစ်ကြီး စတင် ဖြစ်ပေါ်လာသည်။

ပြည်တွင်းစစ်ဖြစ်လာခြင်းမှာ ဖဆပလအစိုးရနှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့ နိုင်ငံရေးသဘောထားကွဲပြားမှုကို အခြေခံ၍ ဒီမိုကရေစီအခွင့်အရေးများကို ဖိနှိပ်ခြိမ်းလာသောကြောင့်ဖြစ်ကြောင်းအားလုံးကသိကြပြီဖြစ်သည်။

ထို့ကြောင့်ပြည်တွင်းစစ်သည် နယ်ချဲ့သမားနှင့်စေ့စပ်လျက်ရှိသော အရင်းရှင်နှင့် အလုပ်သမားလူတန်းစားတို့၏နိုင်ငံရေးတိုက်ပွဲ (ဝါ) လူတန်းစားတိုက်ပွဲ မြေယာ ရယူလိုသော တောင်သူ လယ်သမား လူတန်းစားနှင့် မြေရှင်လူတန်းစားတို့၏ တိုက်ပွဲ (ဝါ) မြေယာတော်လှန်ရေးဖြစ်သည်။

သို့သော် ဦးသိန်းဖေမြင့်က ပြည်တွင်းစစ်ကို လူတန်းစား တိုက်ပွဲ
မြေယာတော်လှန်ရေးစစ်ပွဲဟုမမြင် အချင်းချင်းချနေသော ဗရုံးသုံးကား
တိုက်ပွဲဟုသာ မြင်လေသည်။

"ယနေ့ ဗမာပြည် နိုင်ငံရေးတိုက်ပွဲကား လူနှစ်ယောက်နဘမ်းလုံး
သကဲ့သို့မဟုတ် လေးငါးယောက် ထွေးလုံးရစ်ပတ် နဘမ်းလုံးနေသည်နှင့်
သာတူတော့သည်။

တဦးတည်းသော ရန်သူကို တမျိုးတည်းသော ရည်ရွယ် ချက် ဖြင့်
တိုက်ခိုက်ခြင်းမရှိ ဗရမ်းဗတာဖြစ်နေ၏။

....လက်ဝါးကြီးအုပ် နယ်ချဲ့သမားနှင့် မြေရှင် အလိုတော်ရိကြီး
များက တဘက် လက်ဝဲအင်အားစုဟု အများက နား လည် နေ ကြ သော
ကော်မြူနစ် ဆိုရှယ်လစ်နှင့် ပြည်သူ့ရဲဘော်နှင့် အခြားဒီမိုကရေစီအင်အား
စုကတဖက်၊ပြတ်သားသော တိုက်ခြင်းမျိုးကား မရှိတော့ပေ"- (နိုင်ငံရေး
အတွေ့အကြုံများ စာအုပ်-မှ)။

အထက်ပါ လူတန်းစားအမြင်၊ လူတန်းစား ရပ်တည်မှု ရှိသော
ဦးသိန်းဖေမြင့်၏ အယူအဆအရ ပြည်တွင်းစစ်ဖြစ်လာသည့် အချိန်မှစ၍
ယနေ့အထိ ဤလူတန်းစားတိုက်ပွဲကို မှားယွင်းသော တိုက်ပွဲဟု တောက်
လျှောက်ခံယူပြောဆိုလာသည်။ ဗမာပြည်ကွန်မြူနစ်ပါတီအား ပြည်တွင်း
စစ်တရားခံအဖြစ်သက်နက်ချအညွှံ့ခံစေရန် ယနေ့တောက်လျှောက် ကြွေးပမ်း
လာခဲ့ပေသည်။

ဤသို့ဖြင့် ကွန်မြူနစ်ပါတီ တောမခိုမီ ကလေးတွင်၊ ကွန်မြူနစ်
ပါတီမှ နုတ်ထွက်လိုက်သော ဦးသိန်းဖေမြင့်သည်၊ ၁၉၄၈-ခုနှစ် ဇွန်လ
တွင်ပေါ်ထွက်လာခဲ့သော န-မူ ကျေညာချက်အရ လက်နက်ချ အညွှံ့ခံ
ခိုင်းသည့်နည်းဖြင့် သူ့ကိုယ်သူ သရဖူဆောင်းလိုက်လေတော့သည်။

သို့သော် ဦးသိန်းဖေမြင့်၏ လက်နက်ချ အညွှံ့ခံခိုင်းနည်းသည်၊ ငုပ်
လိုသည့်အခါ ငုပ်နေတတ်ပြီး၊ ပေါ်ဆင့်သည့်အခါ ပေါ်လာတတ်သည်ကိုမူ
အစဉ်ဂရုပြုရမည်ဖြစ်သည်။

★ ★ ★

(၇)

နိုင်ငံရေးမျက်လှည့်ဆရာကြီး သိန်းဖေမြင့်

ဦးသိန်းဖေမြင့်သည် ကိုလိုနီပညာတတ်တဦး ဖြစ်ရုံသာမက စာရေး
ဆရာတဦးလည်းဖြစ်၏။ ထိုမျှသာမကသေး မာ့က်စ်ဝါဒအရေခြုံနိုင်ငံရေး
မျက်လှည့်ဝိဇ္ဇာတဦးလည်းဖြစ်ပေသည်။ ထို့ကြောင့် ဦးသိန်းဖေမြင့် သည်
မြန်မာနိုင်ငံရေးဇာတ်ခုံပေါ်သို့တက်၍ နိုင်ငံရေးမျက်လှည့်လိမ်များကိုပြသ
ရာ၌ ပဉ္စဝမျက်လှည့်ပွဲကဲ့သို့ လူစည်ကားအောင်လည်း စွမ်းဆောင်နိုင်ခဲ့ပေ
သည်။ ပြကွက်ဆန်း အမျိုးမျိုးကိုလည်း တီထွင်နိုင်ခဲ့လေသည်။ ဦးသိန်း
ဖေမြင့်သည် သူ၏ မျက်လှည့်စင်မြင့်ပေါ်၌ အမျိုးသားရေး နောက်ခံပိတ်
ကားနက်ကြီးကို တတ်ဆင်ထားပြီး မာ့က်စ်ဝါဒ အဝတ်နီကြီးကိုလည်း
လိုသလိုဖုံးအုပ်သုံးစွဲတတ်လေသည်။အာဏာရအရှင်သခင်များအား ကံတော့
ပွဲအမျိုးမျိုးပေးကာ နည်းမျိုးစုံဖြင့်လည်း လူထုကို ခြောက်လှန့်တတ်လေ
သည်။ မျက်လှည့်ပွဲဟူသည် လိမ်မှန်းသိလျက် အပျော်သက်သက် ကြည့်ရှု
သောပွဲသာဖြစ်၍ ပိယိသေသပ်စွာ လိမ် နိုင် သ လောက် လူကြိုက်များပြီး
အလိမ်ပေါ်သောတနေ့၌ ခဲမိုးရွာချကာ လူထု၏ ဝိုင်းပယ်မောင်းထုတ်ခြင်း
ကိုခံရမြဲ မွေတာဖြစ်ပေသည်။ ဦးသိန်းဖေမြင့်၏ နိုင်ငံရေးမျက်လှည့်ပွဲများ
မှာလည်း အလိမ်မပေါ်မီ ပထမပိုင်း၌ ပွဲကြည့်ပရိသတ်ကို လှည့်စားနိုင်ခဲ့
ပေသည်။ သူ၏ ရှုတ်ထွေးသော ပြကွက်ဆန်းများကြောင့် ဓါတ်သီအတွင်း
သိများအဖို့ မထူးဆန်းလှသော်လည်း သာမန်ပွဲကြည့်ပရိသတ်များ အဖို့
ကား အဆန်းတကျယ် အံ့သြဖွယ်များ ဖြစ် နေ ခဲ့ ရ ပေ သည်။ နိုင်ငံရေး
ပါတီများအတွင်း၌ "ရန်သူကို မိတ်ဆွေထင်အောင် မိတ်ဆွေကို ရန်သူ
ထင် အောင် လုပ် သည်။ ရန်သူနှင့် မိတ်ဆွေကို ပေါင်းခိုင်းပြီး မိတ်ဆွေ
အချင်းချင်းကို ခွဲ၍ တိုက်ပေးတတ်သည်" စသည်ဖြင့် ဦးသိန်းဖေမြင့်၏
ဖေါက်ပြန် သော လုပ် ရပ် များ က ဦးသိန်းဖေမြင့်အား တန်ပြန်ဂယက်
ရိုက်ခတ်စေပေတော့သည်၊ ပြည်သူလူထုအတွင်း၌ နိုင်ငံရေးအမြင်များကို

ရှုပ်ထွေးစေသကဲ့သို့ ဦးသိန်းဖေမြင့်အပေါ်၌လည်း အမြင်များ ရှုပ်ထွေးလာခဲ့ရသည်၊ ဦးသိန်းဖေမြင့်အား အချို့က "တသီးပုဂ္ဂလ ကွန်မြူနစ်ကြီး" ဟုထင်မှတ်၍အချို့ကလည်း "နယ်ချဲ့သူလျှိုကြီး" ဟူ၍ သမုတ်ခဲ့ကြသည်။ အချို့က 'အကြွင်းမဲ့ညီညွတ်ရေးသမားကြီး' ဟုမြှောက်ပင့်ခေါ်ဝေါ်ကြ၍ အချို့ကလည်း "အနုဝိဇ္ဇာကြီး" ဟူ၍စွပ်စွဲကြပြန်သည်၊ အချို့က "ငြိမ်းချမ်းရေးအဖျက်သမား" ဟု ဂုဏ်မှန်းတပ်လျှက် အချို့ကလည်း "တကယ့်ငြိမ်းချမ်းရေးသမားကြီး" ဟူ၍ ကာကွယ်နေကြပြန်သည်။ ကွန်မြူနစ်ပါတီက သစ္စာဖေါက်သတ်မှတ်ခါထုတ်ပယ်ခြင်းခံခဲ့ရပြီးနောက်မကြာမီပင် အစိုးရကလည်း ကွန်မြူနစ်သူလျှို အခါပေးဦးပုညဟု ဆိုခါ အတာမ်းအဆီးခံခဲ့ပြန်သည်။

တသီးပုဂ္ဂလကွန်မြူနစ်ကြီး လော–ကွန်မြူနစ်ဆန့်ကျင်ရေးသမားလော။

အကြွင်းမဲ့ညီညွတ်ရေးသမားလော–အနုဝိဇ္ဇာလော။
ပြည်သူ့ဘက်သားလော–ရန်သူ့ဘက်သားလော။
ငြိမ်းချမ်းရေးသမားလော–ငြိမ်းချမ်းရေးအဖျက်သမားလော။
ကွန်မြူနစ် သစ္စာဖေါက် အစိုးရသူလျှိုလော–အစိုးရ သစ္စာဖေါက် ကွန်မြူနစ်သူလျှိုလော။

ဤသို့လျှင် ပြည်သူလူထု၏အတွင်း၌ လင်းနို့လိုလို၊ ကြွက်လိုလို၊ မဝေခွဲနိုင်အောင် ဖြစ်ခဲ့ရသည့်ပြင်၊ တခါတရံ အစိုးရ မြင်ကွင်း၌ပင်လျှင် မရှင်းမရှင်းဖြစ်ခါ မျက်စေ့လည် ရှုပ်ထွေးအောင် တတ်နိုင်ခဲ့ပေသည်။

အမှန်စင်စစ်အားဖြင့် ဦးသိန်းဖေမြင့်အား အစိုးရက ဖမ်းဆီးလိုက်ခြင်းသည် အချက်မသိ၍သားမက်သူခိုးထင်ဟူသကဲ့သို့မှောင်ရိပ်ထဲ၌ အချင်းချင်း လူမှားရိုက်မိခြင်းမျိုးသာဖြစ်ပေသည်။

ဦးသိန်းဖေမြင့်သည် အရှင့်အမှုတော်ကိုဦးဆွေးဆံမြေ့ ထမ်းနေရင်းရာဇဝတ်ပြစ်ဒဏ် အသင့်ခံရသော ပဒေသရာဇ် ခေတ်ဟောင်း မင်းမှုထမ်း စာဆိုတဦးကဲ့သို့ အမျက်ဖြေရွှေနားတော်သွင်းများကိုတင်သွင်းငင်းအကျဉ်းထောင်မှ လွတ်မြောက် လာပြီးနောက် သစ္စာဖေါက်တဲ့ဗျား ဟူသော ဆောင်းပါးတစောင်ကို ရေးသားခဲ့လေသည်။ ကွန်မြူနစ် ပါတီကလည်း တွေ့ရသင်းချိုင်းဝါးမဆိုင်း အမိန့်ထုတ်ခါသစ္စာဖေါက်ဟုသတ်မှတ်ခြင်းခံခဲ့ရပြီး အစိုးရကလည်း ကွန်မြူနစ်သူလျှိုထင်မှတ်ခါ အတာမ်းခံခဲ့ရပုံတို့ကို ငြီးငြီးညူညူ တင်ပြထားလေသည်။

သိန်းဖေမြင့်နှင့်ပတ်သက်၍ ဦးနု၏ မှတ်ချက် ၂–ခု

ဦးသိန်းဖေမြင့် ထောင်မှ လွတ်လာပြီးနောက် တောင်ပြုံး မင်းညီနောင်ကဲ့သို့ ကျောင်းသားဘဝကစ၍ လည်ပင်းဖက်လက်တွဲ လာခဲ့သော ဝန်ကြီးချုပ်ဟောင်းဦးနုက ဦးသိန်းဖေမြင့်နှင့် ပတ်သက်၍ ဒုတိယအကြိမ်မှတ်ချက်ချခဲ့လေသည်။

ဦးနုက ဦးသိန်းဖေမြင့်နှင့်ပတ်သက်၍ ယနေ့အထိမှတ်ချက် ၂–ကြိမ်ချမှတ်ခဲ့ဘူးကြောင်းသိရှိရ၏။ ပဌမမှတ်ချက်မှာ ကျောင်းသားဘဝဦးနုနှင့် ကိုသိန်းဖေတို့ စတင်မိတ်ဖွဲ့ သိကျွမ်းစကာလကဖြစ်လေသည်၊

ကျောင်းသားကြီးကိုနု၏အခန်းသို့သူငယ်ချင်းသုံးယောက်မိတ်မွဲ့ရန် သွားကြလေသည်။မိတ်ဖွဲ့စကားပြောပြီး၍ပြန်လာကြသောအခါကိုကြီးနုက သုံးယောက်လုံးကို မှတ်ချက်ချခဲ့လေသည်။အသားညိုညိုနှုတ်ခမ်းထူထူလူမှာ လျှပ်ပေါလော်လီတတ်၍ ပိန်ခြောက် ခြောက်လူမှာ ရက်စက်ကောက်ကျစ်တတ်ပြီး မေးရိုးကားကားနှင့် မှုံတေတေလူမှာ တဇွတ်ထိုးထင်ရာလုပ်တတ်သည် ဟူ၍ဖြစ်၏။ထိုသုံးယောက်အနက် ပဌမလူမှာကိုသိန်းဖေဖြစ်၍ဒုတိယလူမှာ ကိုစကျော်ငြိမ်းဖြစ်ပြီး၊ တတိယလူမှာကိုအောင်ဆန်းဖြစ်လေသည်ဟူ၍ ဦးသိန်းဖေမြင့်ကိုယ်တိုင်ရေးသား တင်ပြခဲ့ဘူးလေသည် (သိန်းဖေမြင့်ရေး- ဦးနုနှင့်ကျွန်တော်)။

ဦးနု၏ ဒုတိယမှတ်ချက်ကား အောက်ပါအတိုင်းဖြစ်လေသည်။

ကိုသိန်းဖေသည် သူ့ကိုအငန်မရကြိုက်နေသော အပျိုကလေးကို မယူလိုဘဲ သူ့ကိုမကြိုက်ပါဘူး ဇွတ်ညင်းနေသူကိုမှ မရမက ပိုးပန်းနေသူဖြစ်၏ ဟူသောမှတ်ချက်နှင့်အတူ အများကလက်ခံနေသော စာရေးဆရာ အလုပ်ကိုသာ ဇောက်ချလုပ်ကိုင်၍ အများက လက်မခံ ဝိုင်းပယ်နေသော နိုင်ငံရေးသမားအလုပ်ကို လုံးဝစွန့်လွှတ်လိုက်ရန် တောင်းဆို မေတ္တာရပ်ခံခဲ့လေသည်။ သို့သော်ဦးသိန်းဖေမြင့်က နားမဝင် လက်မခံခဲ့ချေ။ ဦးနုအပေါ်၌နွဲ့ဆိုးဆိုးကာခါးခါးသီး ငြင်းဆန်ခဲ့လေသည်၊သူ၏လေ့လာ ပွါးများခဲ့သော နိုင်ငံရေးမျက်လှည့်အတတ်များ မခံချင်သောလူတန်းစားဥာဉ် (အထူးသဖြင့် ကွန်မြူနစ်ပါတီအပေါ်အခဲမကျေနိုင်သောဒေါသ အာဃာတများ) အလျှော့မပေးလိုသော ဘုတလင် အညာသား ဇွဲပုံက အပယ်ခံ နိုင်ငံရေးသမားကြီး ဦးသိန်းဖေမြင့်အား မရပ်မနားဘဲ ရှေ့သို့ ဆက်လက်ချီတက်ရန် လှုံ့ဆော်တွန်းထိုးပေးနေခဲ့လေသည်။

အမှန်တကယ်အားဖြင့် ဦးနုကမည်သို့ပင်စေတနာထား၍ မည်မျှပင်တားစေကာမူ ဦးသိန်းဖေမြင့်က မနားနိုင်ဘဲ ဇွဲကြီးနေရသော နိုင်ငံရေးသည်ကား အမာရွတ်စမ်းမိတိုင်း ယမ်းပုံမီးကျ ကြိတ်မနိုင်ခဲမရဖြစ်နေသော ကေဝဠ်ပုဏ္ဏားကဲ့သို့ ကွန်မြူနစ်ပါတီနှင့် သခင်သန်းထွန်းတို့အပေါ် အခဲမကျေနိုင်သော နိုင်ငံရေးသာလျှင်ဖြစ်ပေသည်။ ကွန်မြူနစ်ပါတီအပေါ် ဦးသိန်းဖေမြင့်၏ရန်ညှိုးသည် ဂေါတမဘုရားအလောင်းအပေါ်ရှိကုန်သည် ဘဝကစ တင်ခဲ့သော ဒေဝဒတ် အလောင်း၏ ရန်ညှိုးကဲ့သို့ ကမ္ဘာကျေသော်လည်း ဘယ်သောအခါမှ ပြေနိုင်တော့မည်မဟုတ်ပေရာ၊ အမြဲတမ်းအိပ်လဲသည်စိတ် စားလဲသည်စိတ်ဟူသကဲ့သို့ ဦးသိန်းဖေမြင့်၏ နိုင်ငံရေးသည် အရာရာ ကွန်မြူနစ်ပါတီဆန့်ကျင်ရေးအတွက်သာ အဓိကဖြစ်နေခဲ့လေသည်။ ကွန်မြူနစ်ပါတီမှအပယ်ခံခဲ့ရသည့်အချိန်ကစ၍ ဦးသိန်းဖေမြင့်သည် ကွန်မြူနစ်ပါတီအား နိုင်ငံရေးနယ်ပယ်မှနေ၍ လူစု၍လည်းတိုက်သည်၊စာရေးဆရာအနေဖြင့် တဦးချင်းလည်းကိုယ်စီတိုက်ပွဲဆင်သည်၊ဝတ္ထုရေးကာ ဇာတ်ကောင်များဖန်တီး၍လည်း တိုက်သည်။ သခင်တင် ဆောင်းပါးကို ရေး၍ သခင်တင်၏ပါးစပ်အငှားဖြင့်လည်းတိုက်သည်။ ကျော်ငြိမ်းစာအုပ်ကိုရေး၍ ဦးကျော်ငြိမ်းပါးစပ်အပြောဖြင့်လည်းတိုက်သည်၊ နေရာမရွေးအချိန်အခါမရွေးရသလိုဘက်စုံဖွင့်၍ တိုက်ခိုက်ခဲ့လေသည်။

ဦးသိန်းဖေမြင့်၏ နိုင်ငံရေး လှုပ်ရှားမှုများသည် လုပ်သက်လည်းရှည်ကြာ၍ လုပ်ငန်းပေါင်းများစွာရှိခဲ့သော်လည်းအချုပ်အားဖြင့်ရေတွက်လျှင် နှစ်မျိုးသာရှိခဲ့လေသည်။ ထိုနှစ်မျိုးသည်ကား (၁) ကွန်မြူနစ်ပါတီအားတိုက်ရန် ပြင်ဆင်လှုံ့ဆော်ကာလူစုနေခြင်းနှင့်(၂)ချသမျှအင်အားဖြင့်ချက်ကောင်း ရတိုင်းကွန်မြူနစ်ပါတီအားတိုက်ခိုက်ခြင်းတို့ပင်ဖြစ်ပေသည်။ ဦးသိန်းဖေမြင့်၏ နိုင်ငံရေးသည် ဂျာမန် သံလိုက် အမြောက်ကြီး ကဲ့သို့ ကွန်မြူနစ်ပါတီရှိရာ ဘက်သို့သာ လိုက်ပါချိန်ရွယ်ထားခဲ့ပေသည်။

တသီးပုဂ္ဂလကွန်မြူနစ်ကြီးလော-ကွန်မြူနစ် ဆန့်ကျင်ရေး သမားလော။

ဤပြဿနာနှင့်ပတ်သက်၍ အဖြေမှာလည်း အလိုလိုပင်ရှင်းလင်းနေတော့သည်။

ဦးသိန်းဖေမြင့်သည် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားတော်လှန်ရေးကာလတလျှောက်၌ အများနည်းတူပင် ယေဘူယျအားဖြင့် နယ်ချဲ့ဆန့်ကျင်ရေးသမားကြီးတဦးဖြစ်ခဲ့ရုံမက ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်တဦးလည်းဖြစ်ခဲ့ပေသည်။ အထူးသဖြင့် ဖက်ဆစ် ဆန့်ကျင်ရေး တိုက်ပွဲကာလအတွင်း၌ အိန္ဒိယပြည်သို့ထွက်ပြေးကာ ယာယီမဟာမိတ် ဗြိတိသျှနယ်ချဲ့သမား၏အကူအညီဖြင့် ဗမာ့ဖက်ဆစ်တော်လှန်ရေး လုပ်ငန်းကို ပြည်ပမှနေ၍တနည်းတလမ်းခေါင်းဆောင်ခဲ့သူတဦးလည်းဖြစ်ခဲ့ပေသည်။ဖက်ဆစ်တော်လှန်ရေးကြီး ပြီးဆုံးသွားသောအခါ ဖက်ဆစ်မှောင်ထုကြီးအောက်၌ကမ္ဘာနှင့်အဆက်ပြတ်နေခဲ့ရသော မြန်မာနိုင်ငံ၌ အိန္ဒိယပြန် တက်ဘုန်းကြီးသိန်းဖေ(သိန်းဖေမြင့်)သည် ကမ္ဘာ့နိုင်ငံရေး ဗဟုသုတ မီးရှူးတန်ဆောင်ကြီးသဖွယ်ဖြစ်ခဲ့ရလေသည်။ အသက်အရွယ် အားဖြင့် နုနယ်၍ ဖက်ဆစ်တော်လှန်ရေးကာလ အတွင်း၌ ပြည်တွင်းမြေရှင် အရင်းရှင်များနှင့်သာမက လိပ်-ကာန် နယ်ချဲ့သမားများနှင့်ပါ ယာယီလက်တွဲနေရသော ဗမာပြည်ကွန်မြူနစ်ပါတီအတွင်း၌ ဦးသိန်းဖေမြင့်၏ ဩဇာသည်လည်း အထိုက်အလျောက် လွှမ်းမိုးနိုင်ခဲ့ပေသည်၊ထို ဩဇာကိုအခွင့်ကောင်းယူ၍ ဦးသိန်းဖေမြင့်သည်လက်နက်ချအညံ့ခံရေးဘရောက်ဒါလမ်းစဉ်ဖြင့် ကွန်မြူနစ်ပါတီကိုညစ်နွမ်းစေခဲ့လေသည်။ထိုလမ်းစဉ်အမှားကြောင့်ပင်မီးခိုးကြွက်လျှောက်လိုက်ကာ ကွန်မြူနစ်ပါတီလည်း နှစ်ခြမ်းကွဲခဲ့ရသည့်ပြင် ဗမာ့ နိုင်ငံရေးအကွဲသံသရာသည်လည်း ထိုမှပင် စတင် ခဲ့လေ တော့သည်။

ဘရောက်ဒါ လမ်းစဉ်ဝင်ရောက်ခဲ့ရာ၌ "ယနေ့ ကမ္ဘာ့ အခြေအနေအရ ဆိုဗီယက်ယူနီယံ ခေါင်းဆောင်သော ဆိုရှယ်လစ်ဂိုဏ်းကြီးက အောင်ပွဲဆင်နိုင်ခဲ့သဖြင့်ဖက်ဆစ်စံနစ်ကျဆုံးသွားခဲ့ပြီး၊လိပ်-ကာန်နယ်ချဲ့ဂိုဏ်းလည်းအင်အားနည်းသွားပြီ၊ ထို့ကြောင့် နယ်ချဲ့ဂိုဏ်းကိုလက်နက်ဖြင့် တိုက်စရာမလိုတော့ အေးချမ်းသောနည်းဖြင့် အောင်ပွဲခံနိုင်ပြီး၊ လက်နက် များ ကို နယ်ချဲ့သမားထံ ပေးအပ်၍ ဥပဒေတွင်းနည်းဖြင့် လွတ်လပ်ရေးအရယူမည်" ဟူသော အခြေခံပေါ်တွင် မိမိ၏အင်အားကို ပိုမိုတွက်ခြင်း။ အောင်ပွဲမာန်ယစ်ခြင်း၊ ရန်သူ့ အင်အားကို လျှော့တွက်ခြင်း(တနည်းအားဖြင့်) မိမိ၏တောင်းဆိုချက်ကို အလွယ်တကူလိုက်လျောလာလိမ့်မည်ဟု ရန်သူ့အပေါ် မထားသင့်သည့် ယုံကြည်မြော်လင့်ချက်ထားရှိခြင်းတို့မှ ပေါက်ဖွါးလာသော စိတ်ကူးယဉ်ဝါဒသာ ဖြစ်လေသည်။ တိုက်ရိုက်အကျိုးဆက်အားဖြင့် လက်နက်ချအညံ့ခံရေး နယ်ချဲ့သမား အကျိုးရှိရေးသာ ဖြစ်စေခဲ့ပေသည်။

ထိုဘရောက်ဒါ လမ်းစဉ်ပြဿနာနှင့်ပတ်သက်လာတိုင်း ဦးသိန်းဖေမြင့်သည် မိမိတရားခံမဟုတ်ကြောင်း အမြဲတမ်းအလွတ်ရုန်း ရှောင်ထွက်လေ့ရှိခဲ့သည်။ အများနှင့်မည်သို့ပင် ဆန့်ကျင်နေနေ မိမိယုံကြည်ရာကို တဦးတည်း အခိုင်မာဆုံး၊ ရဲရဲကြီးနှင့် မြဲမြဲကြီး ရပ်တည်ရင်ဆိုင်ရဲသူဟု နာမည်ကြီးခဲ့သော ဦးသိန်းဖေမြင့်သည် ဤပြဿနာနှင့်ပတ်သက်၍ကား ဘယ်ခါမှ ဖြောင့်ချက်မပေးခဲ့ဘဲ အမြဲတမ်းသာ ဘူးကွယ်လာခဲ့ပေသည်။

အကယ်၍ ထုတ်ဖေါ် ဝန်ခံလိုက်လျှင်လည်း သူ့အပေါ် စွဲဆို ထားခဲ့သော နယ်ချဲ့သူလျှို့စွဲချက်သည် ခိုင်လုံသွားပေတော့မည်။ အပြစ်ကျူးလွန်မှုန်း သိလျက် တရားဝင်အပြစ်မပေးနိုင်ခဲ့ပေ။ သို့ရာတွင် အမှားကိုကြာရှည်ထိန်းသိမ်းထားပြီး အမှန်တရားကို ထာဝရဖုံးကွယ်မထားနိုင်ပါပေ။ ကရွှေးရှော့၏ငြိမ်းချမ်းစွာပြောင်းလဲရေး သဘောထား ပေါ်ပေါက်လာသော အခါ၌ ဦးသိန်းဖေမြင့်သည် လက်ခမောင်းခတ်ကာ ကြွားဝါဖေါ်ထုတ်လာပေတော့သည်။

"လက်နက်ကိုင်တိုက်ပွဲမပါဘဲ အေးချမ်းစွာသွားနိုင်ပြီဆိုတဲ့ အယူအဆကို ယနေ့ ကရွှေးရှော့က ပြောတယ်ဆိုတော့ တော်တော်များများ လက်ခံလာနိုင်ကြပြီထင်ပါတယ်။ ကျွန်တော့်ကိုယ်ကိုကျွန်တော် ကိုယ်ရည်သွေးပြီး ပြောရမယ်ဆိုရင်ကရွှေးရှော့က၊ ကနေ့မှပြောလာတာပါ၊သိန်းဖေပြောခဲ့တာက ဟိုလွန်ခဲ့တဲ့ ဒုတိယကမ္ဘာစစ်ကြီးပြီးစကထဲကဘဲ ပြောခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ သိန်းဖေ ပြောတယ်ဆိုတော့ လက်မခံချင်ကြဘူး။ ကနေ့ ကရွှေးရှော့ပြောတယ်ဆိုတော့ လက်ခံကြမှာပါဘဲ"။

ဦးသိန်းဖေမြင့်သည် ဆိုဗီယက် ယူနီယံ ကွန်မြူနစ်ပါတီ အကြိမ် (၂၀) မြောက် ပါတီ ကွန်ဂရက်ပြီးစ၌ ကျင်းပခဲ့သော ပြည်သူ့ ရဲဘော်ပါတီဗဟိုကော်မတီ အစည်းအဝေး၌ အထက်ပါအတိုင်း တင်ပြလာခဲ့ပေသည်။ အမြဲတမ်း ဘူးကွယ် ထိန်းသိမ်းလာခဲ့သော ပြစ်မှုကြီးကို ယခုမှပင် ဖြောင့်ချက်ပေးလာခဲ့ပေတော့သည်။ ဦးသိန်းဖေမြင့်သည် ကရွှေးရှော့၏ လမ်းစဉ်ထွက်ပေါ်လာခြင်းကို သူ့အတွက် လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေ တရပ်ပေါ်ထွက်လာခြင်းဟူ၍လည်း ထင်မှတ်ပုံရလေသည်။တနည်းအားဖြင့် ကရွှေးရှော့လမ်းစဉ်ဆိုသည်မှာ အတိတ်တော လွန်ခဲ့လ ပြီး သော စစ်ကြီးပြီးစ (၁၈)နှစ်ခန့်ကစ၍ သိန်းဖေ တင် ပြ ခဲ့ သော လမ်းစဉ် ဖြစ် သော ကြောင့် ကရွှေးရှော့သည် သိန်းဖေမြင့်၏ နောက်လိုက်တပည့် လက်သစ်တဦးသာ ဖြစ်သည်"ဟူ၍လည်း ကြွားဝါလိုဟန်တူပေသည်။

ဦးသိန်းဖေမြင့်သည် တွက်ကိန်းလွဲသွားခဲ့လေသည်။ ကရွှေးရှော့ လမ်းစဉ်သည် အကြွင်းမဲ့ အများကြိုက် လမ်းစဉ် မဟုတ်သေးယုံသာမက ထိုလမ်းစဉ်အရပင်လျှင်ဦးသိန်းဖေမြင့်၏ဘရောက်ဒါဝါဒသည်မသက်ဆိုင်ခဲ့ပါပေ။ ဦးသိန်းဖေမြင့် တင်ပြခဲ့သော စစ်ကြီးပြီးစ ကာလတုံးက ဆိုရှယ်လစ်ရေးကွက်ကြီးနှင့် ဆိုရှယ်လစ် ကမ္ဘာသစ်ကြီးသည် ယနေ့လို စုစည်းပြီး ဖြစ်မလာခဲ့သေးပေ။ ဆိုရှယ်လစ် ကမ္ဘာသစ်၏ အင်အားအကြီးဆုံး တရုပ်ပြည်ကြီးနှင့် ဗီယက်နမ်စသည်တို့မှာလည်း ဗမာပြည်ကဲ့သို့ပင်လက်နက်ကိုင်

တော်လှန်ရေးကြီးဖြစ်ပွါးနေဆဲ(ဒုတိယတပတ် ပြည်တွင်းစစ်ကြီးပြန်လည်ဖြစ်ပွါးစ) ကာလမျှသာ ဖြစ်ပေသေးသည်။ ထို့ပြင် ကရွှေးရှော့၏လမ်းစဉ်အရပင်လျှင် အေးချမ်းစွာ ပြောင်းလဲရေးသည် နေရာဒေသမရွေး မဟုတ်သေးဘဲ ရန်သူ၏ လက်နက်ကိုင်စစ်တပ် ပုလိပ်တပ်အပါအဝင်အုပ်ချုပ်ရေး ယန္တရားကြီး တခုလုံးကို ကွန်မြူနစ် ပါတီ များက ချုပ်ကိုင်ထားနိုင်ပြီး ဖေါက်ပြန်ရေးသြဇာများကို ဝိုင်းပယ်ကာ ကွန်မြူနစ် ပါတီများ၏ ပတ်လည်သို့ ပြည်သူတရပ်လုံးကိုသိမ်းသွင်းစည်းရုံးထားပြီးဖြစ်သော တိုင်းပြည်များအတွက်သာဖြစ်သည်ကို ဦးသိန်းဖေမြင့်က ဖုံးကွယ်ထားလိုဟန်တူပေသည်။

ထို့ကြောင့် ဦးသိန်းဖေမြင့်သည် ကရွှေးရှော့ လမ်းစဉ်အရလည်း အချိန်ကာလအန်မကျဖြစ်သောကြောင့် လွတ်ငြိမ်းချမ်းသာခွင့်မရနိုင်တော့ပါပေ၊ အမှန်အားဖြင့်၊ မစ္စတာ ကရွှေးရှော့ သည် ဦးသိန်းဖေမြင့်၏ တပည့်လက်သစ် တဦး ဖြစ်လာနိုင် မ လာ နိုင် သည် ကို တော့ အသေအချာ မသိ၊ ဦးသိန်းဖေမြင့်၏ပြစ်မှုကျူးလွန်ချက်ကို ကိုယ်တိုင်ဝန်ခံဖြောင့်ချက်ပေးလာအောင်စွမ်းဆောင် ကူညီပေးခဲ့ပေသည်၊ မစ္စတာ ကရွှေးရှော့အား မြန်မာပြည်သူတရပ်လုံးက အထူးပင်ကျေးဇူး ဥပကာရတင်ရှိကြောင်းလှိုက်လှဲစွာ ချီးကြူး မှတ်တမ်း တင်ရမည်သာ ဖြစ်ပေသည်။

ကွန်မြူနစ်ပါတီနှင့် သိန်းဖေမြင့် အကြောင်း၌ အကျယ်တင်ပြ ခဲ့သည့် အတိုင်း ကွန်မြူနစ်ပါတီနှင့် သိန်းဖေမြင့်တို့၏ တိုက်ပွဲသည် ဘရောက်ဒါပြဿနာမှစ၍ဖြစ်ပွါးပေါက်ကွဲ ကြီးထွား လာခဲ့ပြီးနောက် ဦးသိန်းဖေမြင့်သည် ကွန်မြူနစ်ပါတီအား စစ်ကျေညာရင်း ထွက်ခွာ ကန့်ခဲ့ လေသည်။ ပဋ္ဌာဝုဓမင်းသားကိုအားကျ၍ ရှိသမျှခွန်အား လက်နက်တို့ဖြင့် ကွန်မြူနစ်ပါတီအား အစွမ်းကုန် ပြန်လည်တိုက်ခိုက်ရန်လည်း အဓိဋ္ဌာန် ပြုခဲ့ဟန်တူပေသည်။

သို့သော် ဦးသိန်းဖေမြင့်သည် ကျွဲရိုင်းကဲ့သို့မျက်စေ့မှိတ်ပြီးတအားပြေးထိပ်ချင်းခတ်သည့် တိုက်နည်းမျိုးကိုကား သုံးခဲ့သူမဟုတ်၊ ဦးသိန်းဖေမြင့်သည် ဆင်ကဲ့သို့အမှတ်အသား ရန်ညှိုးကြီးပြီး ကျားကဲ့သို့ အတွင်းကြိတ်ရက်စက်၍ အပြင်ဘန်း တိုက်နည်း ပရိယာယ် ကြွယ်သူလည်း ဖြစ်ပေသည်။မြွေကျီးကန်းကဲ့သို့ ပါးနပ်လျှင်မြန်သူလည်းဖြစ်ပေသည်။

မြွေကျီးကန်း၏မျက်လုံးအစုံသည် အစာကိုတဖက်-ရန်သူကိုတဖက်ကြည့်ခါအမြဲတမ်းသတိရှိပြီး၊ရင်းအားပစ်ခတ်မောင်းနှင်ရာ၌ ခဲကောက်နေစဉ်မှာပင်အလျှင် ဦးအောင်အလွတ်ရှောင်တတ်သကဲ့သို့ ဦးသိန်းဖေမြင့်သည်

လည်း မိမိအား ဓမောင်းထုတ်ရန် ပြင်ဆင်မှန်းသိသည်နှင့်တပြိုင်နက် ကြို့တင်၍ ရှောင်တိမ်းကာ ထွက်ကန်ကန်တတ်လေသည်။

ဦးသိန်းဖေမြင့်သည် ကွန်မြူနစ်ပါတီမှထွက်ကန်ကန်ခဲ့သည့်အချိန်မှစ၍ ကွန်မြူနစ်စာရင်းဝင်အဖြစ်မှ အလိုလိုဖျက်သိမ်းပြီးဖြစ်ရုံမက သူ၏လုပ်ရပ်များကြောင့် ကွန်မြူနစ်ဆန့်ကျင်ရေး ဂိုဏ်းဝင် စာရင်း ထဲသို့ ပင်ပြောင်းလဲဝင်ရောက်သွားခဲ့ပြီဖြစ်လေသည်။

နယ်ချဲ့ခေတ်ဗစ္စည်းမဲ့ တော်လှန်ရေးနှင့်ပစ္စည်းမဲ့ ပါတီတည်ဆောက်ရေးကာလ၊ လီနင်ခေါင်းဆောင်သော ကမ္ဘာ့ကွန်မြူနစ် အဖွဲ့ချုပ် ကြီး၏ တတိယ ကွန်ဂရက်ကြီး နောက်ပိုင်းမှစ၍ တသီးပုဂ္ဂလကွန်မြူနစ်ဟူသော အမည်သည် မိန်းမမြုံ၏သားဟူသောစကားကဲ့သို့ အမည်သာရှိ၍တကယ်မရှိခဲ့ပေ၊ ကွန်မြူနစ်ဝါဒကို တကယ်ရိုးသားစွာလက်ခံနေသူတဦးဖြစ်စေဦးတော့ကွန်မြူနစ်ဝါဒကိုလေ့လာနေရုံ၊ လက်ခံသည်ဆိုရုံမျှဖြင့် ကွန်မြူနစ်တဦးဖြစ်နိုင်ဘို့ဝေးစွ၊ ကွန်မြူနစ်လောင်းလျာတဦးပင် မဖြစ်နိုင်သေးချေ၊ တဦးချင်းစာယောက်ချင်း ထင်ရာတွေးထင်းရာရှောက်လုပ်ကိုင် နေခြင်းဖြင့်လည်း ကွန်မြူနစ်ဝါဒသည် အကောင်အထည် ပေါ်လာမည်မဟုတ်ပေ၊ ကွန်မြူနစ်ပါတီဝင်ရောက်ခါပါတီ၏သံမဏိစည်းကမ်းဘောင်အတွင်း၌ဗဟိုကြိုးကိုင်စံနစ်ကို အတိကျလိုက်နာလုပ်ကိုင်လှုပ်ရှားနေနိုင်မှသာလျှင်ကာတယ့်ကွန်မြူနစ်တဦးဖြစ်လာနိုင်လေသည်၊ ကွန်မြူနစ်ဝါဒဟူသည်အလုပ်သမားလူတန်းစား၏ အခြေခံအဘိဓမ္မာလက်နက်ကောင်းတရပ်ဖြစ်၍ ကွန်မြူနစ်ပါတီဟူသည် ယင်းအလုပ်သမား လူတန်းစား၏ စုစည်း ညီညွတ်သော တိုက်ခိုက်ရေးတပ်ဦးဖြစ်ပြီး ကွန်မြူနစ်တဦးဆိုသည်မှာလည်း ကွန်မြူနစ်ဝါဒလက်နက်စွဲကိုင်ထားသောယင်း၏ တိုက်ခိုက်ရေးတပ်မတော်သားတဦးသာဖြစ်ပေသည်။ လက်ရှိလက်နက်ကိုင် ဗမာ့တပ်မတော်သို့စံနစ်တကျ ဝင်ရောက်ခြင်းမရှိသူ(သို့မဟုတ်)ဖြစ်မှုဖြင့် တပ်မတော်မှ ထုတ်ပယ်ခြင်းခံရသူတဦးကိုတပ်မတော်သားဟုမခေါ်ဆိုနိုင်ရုံမကအကယ်၍၎င်းယူနီဖေါင်းဝတ်ခါ စစ်သား-စစ်ဗိုလ်ဟန်ဆောင်ခဲ့ပါလျှင် အရေးယူခြင်းကိုပင် ခံရသကဲ့သို့ တသီးပုဂ္ဂလ ကွန်မြူနစ်ဟူသော လံကြုတ်တံဆိပ်တတ်၍ ကွန်မြူနစ်တုလုပ်နေလျှင် ကွန်မြူနစ်ဝါဒနှင့် ပါတီကို ထိခိုက်နစ်နာစေသောကြောင့် အလုပ်သမား လူတန်းစား အာဏာ ရထားသောတိုင်းပြည်သာဖြစ်ခဲ့သော် ကွန်မြူနစ် ဟန်ဆောင်မှုဖြင့် အရေးယူခြင်းကိုပင်ခံရပေလိမ့်မည်။

ထို့ကြောင့် ကွန်မြူနစ် ပါတီမှ ထုတ်ပယ်ခံခဲ့ရပြီးနောက်တသီးပုဂ္ဂလ ကွန်မြူနစ်အမည်ခံကာ ကွန်မြူနစ် ဆန့်ကျင်ရေး လုပ်ငန်းများကို

လုပ်ကိုင်နေသော ဦးသိန်းဖေမြင့်သည်လည်း ဟန်ဆောင် ကွန်မြူနစ်တု (ဝါ)ကွန်မြူနစ်ဆန့်ကျင်ရေး သမားတဦးသာဖြစ်ပေသည်၊

အကြွင်းမဲ့ ညီညွတ်ရေးသမားလော၊ အခွင့်ဝါဒလော။

ဤပြဿနာနှင့် ပတ်သက်၍ကား ဦးသိန်းဖေမြင့်သည် အကြွင်းမဲ့ ညီညွတ်ရေးသမားလည်းဟုတ်သည်၊ အခွင့်ဝါဒလည်းဖြစ်သည်။ နှစ်မျိုးလုံးပင်မှန်ကန်သည်ဟုပင် ဖြေဆိုရပေမည်။ အနှစ်သာရ အားဖြင့် အကြွင်းမဲ့ ညီညွတ်ရေးဝါဒဟူသည်မှာ လူတန်းစား ပူးပေါင်းရေး ဝါဒသာ ဖြစ်၍ နောက်ဆုံးကွဲပြဲခြင်းကိုသာ ဖြစ်ပွားစေသော ဝါဒဖြစ်ပေသည်။

မာ့က်စ်ဝါဒအရ ရုပ်ဝတ္ထုတိုင်းသည် ဆန့်ကျင်ဘက်နှစ်ခု၏ ယာယီပေါင်းစည်း ညီညွတ်နေမှုသာဖြစ်၍ အမှန်တကယ်အားဖြင့် ဆန့်ကျင်ဘက် နှစ် ခု သည် အ မြဲ တမ်း တိုက် ခိုက် လှုပ် ရှား တိုး တက် ပြောင်း လဲ ချုပ်ငြိမ်းလျက်ရှိလေသည် ထို့ကြောင့် ညီညွတ်မှု၊ မလှုပ်ရှားဘဲ တည်ငြိမ်နေမှုဟူသည် ပညတ်မျှသာဖြစ်၍ ပရမတ်အားဖြင့်ကား တကယ် မရှိပေ။ အမြဲတမ်း တည်ရှိနေ သည်မှာကား တည်ငြိမ်၍မနေ ထာဝရ တိုက်ခိုက်ပြောင်းလဲ နေခြင်းသာ ဖြစ်ပေသည်။ အရေအတွက် အားဖြင့် တိုက်ခိုက်ပြောင်းလဲနေခြင်း၊ အရည်အချင်းအဖြစ် ရုပ်ဝတ္ထု အသစ်တရပ် အဖြစ်သို့ ခုန်ကူးပြောင်းလဲနေခြင်းဟူ၍ အဆင့်အားဖြင့် နှစ်မျိုးသာ ရှိနေလေသည်။ အရေအတွက်တိုက်ပွဲဝင်နေဆဲကာလ (ဝါ) အရည်အချင်းအရ ရုပ်ဝတ္ထုအသစ်တခုအဖြစ်သို့ မကူးပြောင်းသေးမီကာလကိုပင် ပေါင်းစည်းညီညွတ်မှုဟု မညတ်အားဖြင့် ခေါ်ဆိုနေကြခြင်းဖြစ်သည်။

·ဤနေရာ၌ ပဋိပက္ခတို့၏ အတိုင်းအတာအလိုက်ပင် ခေ့စပ်၍ ရစကောင်းပဋိပက္ခ၊ ခေ့စပ်၍ မရနိုင်ဘဲ အပြတ်အသတ် တိုက်ပွဲဆင်နေသည့် ရန်ဘက်ပဋိပက္ခဟူ၍နှစ်မျိုးနှစ်စားရှိပြန်လေသည်။ ဤကဲ့သို့ပဋိပက္ခအမျိုးအစားကို အတိုင်းအတာအလိုက် မခွဲခြားဘဲ ပဋိပက္ခ မှန်သမျှကို အကုန်ခေ့စပ် ညီညွတ်စေလိုသူကိုပင် အကြွင်းမဲ့ညီညွတ်ရေးသမားဟုခေါ်ဆိုခြင်းဖြစ်ပေသည်။

သမင်နှင့်ကျား-မြွေနှင့်ဖါးစသော ခေ့စပ်၍ မရ စကောင်းသည့် ရန်ဘက် ပဋိပက္ခများကို ဇွတ်အတင်းခေ့စပ်၍ ပေါင်းစည်း ညီညွတ်စေလိုခြင်းသည် အပေါ်ရုံ စိတ်ကူးယဉ်ခြင်းသာဖြစ်၍ အကျိုးသက်ရောက်မှုအားဖြင့် အစားခံ သမင်နှင့် ဖါးတို့ကိုရန်သူကျားနှင့် မြွေတို့၏ ခံတွင်းသို့ သွတ်သွင်း ပို့ဆောင်ပေးခြင်းသာ ဖြစ်ပေသည်။ အလားတူပင် မခေ့စပ်

အပ်သော ရန်သူ နယ်ချဲ့ဆာမားနှင့် ကိုလိုနီပြည်သူများ၏ ပဋိပက္ခ၊ ပြည်တွင်း၌ လက်ငင်း အဓိကရန်သူဖြစ်နေသော နယ်ချဲ့နောက်လိုက် မြေရှင်များ၊ မြေရှင်များ နှင့် လုပ်သား ပြည်သူတို့၏ ပဋိပက္ခ၊ နေရှင် အချင်းချင်း ပဋိပက္ခ၊မြေရှင်နှင့် လယ်သမားတို့၏ပဋိပက္ခ၊နေရှင်နှင့် အလုပ်သမားတို့၏ ပဋိပက္ခစသည်တို့ကို ဇွတ်အတင်းစေ့စပ်ညှိနှိုင်း ပူးပေါင်းစေခြင်းသည် လည်း အဖိနှိပ်ခံပြည်သူများအားဖိနှိပ်စိုးမိုးသူတို့၏ သံခြေအောက်၌ မတွန်းကန် မလှုပ်ရှားဘဲ သေွးစုတ်ဖိနှိပ်မှုမှန်သမျှကို ထာဝရငြိမ်သက်စွာ ခံယူနေစေရန် နှောင်ကြိုးတည်းပေးနေခြင်းသာဖြစ်ပေသည်။

စေ့စပ်၍ မရစကောင်းသော လူတန်းစားများကို ဇွဲနဘဲကြီးစွာ စေ့စပ် ညှိနှိုင်းစေလိုသော ဦးသိန်းဖေမြင့်ကိုလည်း အကြွင်းမဲ့ ညှိနှိုင်းရေးသမားဟု ခေါ်ဆိုနေကြခြင်းဖြစ်၍၊ ဤကဲ့သို့ မမောနိုင် မပမ်းနိုင် ကြိုးပမ်းနေခြင်းမှာ ဘာကို မျှော်ကိုး၍ ဘယ်လူတန်းစား အကျိုးအတွက် ဖြစ်သည်ကို သိရှိနိုင်လောက်ပြီ ဖြစ်ပါသည်၊ ဦးသိန်းဖေမြင့် သည်ကား ကျား-ကျား-မီးယပ် လုပ်ခါ ပြည်သူတရပ်လုံး၏ အကျိုးအတွက် ဟုပင် ပြောဆိုနေဦးမည်သာဖြစ်ပါသည်။

အမှန်စင်စစ်အားဖြင့် စေ့စပ်၍ မရနိုင်သော ရန်ဘက် ပဋိပက္ခများကို လူတန်းစား ပဋိပက္ခများ ရှိနေသေးသ၍ မည်သည့်တန်ခိုးရှင်တဦးတယောက်ကမျှလည်း တားဆီးနိုင်လိမ့်မည် မဟုတ်ပါပေ၊ သူ့အခြေခံ သူ့အခြေအနေအလိုက် ဖြစ်ပွားနေသော လူတန်းစား ပဋိပက္ခများသည် ဦးသိန်းဖေမြင့်၏ တားမြစ် ကန့်ကွက် ချက်များကြောင့် ရပ်နားနေကြမည်လည်းမဟုတ်ပါပေ၊အရှိန်ပြင်းစွာခုတ်မောင်းလာသောမီးရထားကြီးကို ရှေ့ကဆီးကြို၍ တွန်းသကဲ့သို့ ဦးသိန်းဖေမြင့်သာလျှင် နင်းခြေခြင်းခံရပေလိမ့်မည်၊ "အရှိန်ပြင်းစွာ တက်လာသော ဒီရေကို တံမြက်စီးဖြင့် လှဲချ၍ မရနိုင်" ဟူသော သိုးဆောင်း စကားပုံကဲ့သို့ ဦးသိန်းဖေမြင့်သာလျှင် မျောပါ နစ်မြုပ်သွားပေလိမ့်မည်၊ မနေရှင်လူတန်းစားအား အကာအကွယ်ပေးရန် ဦးသိန်းဖေမြင့်၏ ကြိုးပမ်းချက် ဟူသမျှသည်လည်း မိုးကြိုးပစ်-ထန်းလက်ကာသကဲ့သို့ အကျိုးမဲ့ အချိး အနှီးသာဖြစ်ရုံသာမက၊ ဦးသိန်းဖေမြင့် ကိုသာလျှင်စက်ကွင်းမိစေပေလိမ့်မည်။

မတဲ့သော ယမ်းမေါ်တ်များကို ပေါင်းစပ်ညှိနှိုင်းအောင် လုပ်ထားခြင်းသည် နောက်ဆုံး ပေါက်ကွဲစေရန်အတွက်သာ ဖြစ်သကဲ့သို့ ဆန့်ကျင်ဘက် လူတန်းစားများကို စေ့စပ်ညှိနှိုင်းစေလိုခြင်းသည်လည်း နောက်ဆုံး အပြင်းအထန်ကွဲပြဲခြင်းကိုသာ ဖြစ်စေပေလိမ့်မည်၊ ထို့ကြောင့် ဦးသိန်း

ဖေမြင့်၏ လုပ်ရပ်တိုင်းသည် အကြွင်းမဲ့ ညှိနှိုင်းရေးဖြင့် နိဒါန်းချီခဲ့ပြီး၊ နောက်ဆုံးကွဲပြဲခြင်းဖြင့်သာ နိဂုံးချုပ်ခဲ့ရပေသည်၊ "အကြွင်းမဲ့ညှိနှိုင်းရေးသမားကြီး" ဘဝ ဖြင့် ပွဲဦး ထွက် လာ ခဲ့ သော ဦးသိန်းဖေမြင့် မှာလည်း "အခွဲဝိဇ္ဇာကြီး" အဖြစ်ဖြင့်သာအမြဲတမ်းဇာတ်သိမ်းခဲ့ရခြင်း ဖြစ်လေသည်။

အကြွင်းမဲ့ ညှိနှိုင်းရေးဝါဒကို လက်ကိုင်ထားနေသော ဦးသိန်းဖေမြင့်သည် မအောင်မြင်သော အောင်သွယ်တို့၏ မမွတာအရ ဒဏ်ခံနေရခြင်းလည်း မဟုတ်ဘဲ အခြေခံအားဖြင့်ပင် ဖေါက်ပြန် မှားယွင်းနေသော ကြောင့် ဘယ်သောအခါမှလည်း အောင်မြင်လိမ့်မည် မဟုတ်ပေ။

အကြွင်းမဲ့ ညှိနှိုင်းရေးဝါဒသည် မှန်ကန်မွန်မြတ်သော ဂိုဏ်းဂနဝါဒဖယ်ရှားရေးတရားလည်း မဟုတ်ပါပေ၊ ဂိုဏ်းဂဏဟူသည် ဘဝတူ-အကျိုးတူ လူတန်းစားအတွင်း အချင်းချင်း ကွဲပြဲခြင်းကိုသာ ခေါ်ဆို၍ ကျားနှင့်သမင်၊ဖါးနှင့်မြွေတို့တိုက်ပွဲသည် ဂိုဏ်းဂဏဝါဒလွှမ်းမိုးခြင်းမဟုတ်ဘဲ၊ ကျားနှင့်မြွေတို့၏ စားရန် အောက်မှ လွတ်မြောက်စေရန်သမင်နှင့်ဖါးတို့၏တရားသော ရုန်းကန်တိုက်ခိုက်ခြင်းသာဖြစ်၍ မှန်ကန်သော တော်လှန်ရေးသာဖြစ်လေသည်။ ဘဝတူအချင်းချင်း တိုက်ခိုက် ဖိနှိပ်နေခြင်းကို တော်လှန်ရေးဟုသမုတ်၍ ရန်သူလူတန်းစားအား တိုက်ခိုက်တော်လှန်နေခြင်းကို ဂိုဏ်းဂဏဝါဒဟု ဇောက်ထိုးပြောင်းပြန် စွပ်စွဲနေလျှင် တော်လှန်ရေးကို လွဲမှားအောင် လမ်းလွဲပေးပြီး ဖေါက်ပြန်ရေး သမားများအား ကာကွယ်နေခြင်းသာဖြစ်ပေသည်။ ကျားနှင့် သမင်တိုက်ပွဲကို ဂိုဏ်းဂဏဟု သမုတ်သူသည် ကျား၏ စားကြွင်း အရိုးအရင်းကို ကိုက်ရန် မျက်နှာချိသွေးအား ပေးနေသော မြေခွေးစဉ်းလဲသာဖြစ်ပေသည်။

ဦးသိန်းဖေမြင့်သည် အကြွင်းမဲ့ညှိနှိုင်းရေးဝါဒကိုထာဝရပရမတ်တရားအဖြစ် ဆုပ်ကိုင် လှုပ်ရှားခဲ့သောကြောင့် ဦးသိန်းဖေမြင့် ဝင်ရောက်ခဲ့သမျှပါတီအဖွဲ့အစည်းတိုင်းမှာလည်း အမြဲတမ်းအကွဲဒဏ်ခံခဲ့ရပြီး ဦးသိန်းဖေမြင့်မှာလည်း အခွဲသမားကြီးအဖြစ် နာမည်ကြီးလာရခြင်းဖြစ်ပေသည်။

(၁) ဦးသိန်းဖေမြင့်၏ ဘရောက်ဒါလမ်းစဉ်သွင်းမှုကြောင့်ကွန်မြူနစ်ပါတီနှစ်ခြမ်းကွဲခဲ့ရသည်။

(၂) ဦးသိန်းဖေမြင့် ရေးဆွဲ တင်ပြခဲ့သော နှုမူကြောင့် ပြည်သူ့ရဲဘော် အဖြူ-အဝါ ကွဲခဲ့ရပြန်သည်။ လက်ဝဲညှိနှိုင်းရေးနှင့် ပြည်တွင်းစစ်ရပ်စဲရေး-ပြည်တွင်းငြိမ်းချမ်းရေးကို မတည်ဆောက်ခဲ့နိုင်ရုံသာမက ပြည်သူ့ရဲဘော်နှင့် ဗမာ့တပ်မတော်များကိုပါ တောထဲသို့ မောင်းထုတ်ပေးခဲ့

ပြီး၊ ပြည်တွင်းစစ်မီးကြီးကို ပိုမို တောက်လောင်အောင် ဓါတ်ဆီ ထပ်၍ လောင်းပေးခြင်းသာ ဖြစ်ခဲ့ရပေသည်။

(၃) ဦးသိန်းဖေမြင့်ကြောင့်ပင် မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးမှာလည်း စာရေးဆရာ စာပေကလေါင်ပေါ်ပေါက်ကာ နှစ်ခြမ်းကွဲခဲ့ရပြန်သည်။

(၄) ဖဆပလ နှစ်ခြမ်းကွဲခဲ့ စဉ်ကလည်း ဦးသိန်းဖေမြင့်သည် အဓိကအခါးမှာ မပါဝင်ခဲ့စေကာမူ "ကျွန်ုပ်ဝယ်ရာ အဆစ်ပါ" ဟူသကဲ့သို့ ဦးသိန်းဖေမြင့် ပါဖြစ်အောင် ပါလိုက်ပါသေးသည်၊ (ဖဆပလ မကွဲမီ ဦးသိန်းဖေမြင့်သည် ဖဆပလသန့်ရှင်းရေး စီမံကိန်းကြီးတရပ်ကိုရေးဆွဲ၍ ဦးနုထံသို့ ပေးပို့ခဲ့သည်။)

(၅) မြေပေါ်သို့ရောက်လာစ ပြည်သူ့ရဲဘော် ပါတီမှာလည်း ဦးသိန်းဖေမြင့် ကြောင့်အကွဲကြီး မဟုတ်စေကာမူအပွဲအကြီးပွဲခဲ့ရပေသေးသည်။

(၆) တော်လှန်ရေးကောင်စီမှဖွဲ့စည်းမည့် မဆလပါတီသို့ဦးသိန်းဖေမြင့်ဝင်ရောက်မည်မဟုတ်၊ အပြင်မှနေ၍သာအစွမ်းကုန် ကူညီမည် ဖြစ်ကြောင်း သိရသောအခါ မဆလပါတီအဘို့ကံကောင်းသွားပေတော့သည် ဦးသိန်းဖေမြင့်သည်မြွေပွေးကို အလမ္ပါယ်မပြုဝန့်သည့်သဘောဖြင့်မဆလပါတီသို့ဝင်ရောက်ရန် တောင်းပန်ငြင်းပယ်ခဲ့သော်လည်းဦးသိန်းဖေမြင့်၏ သကြားအုပ်ထားသောကနခိုဆေးကို စားမိလျှင်ကား သက်သာ လှဦးမည် မဟုတ်ပါပေ။

ထို့ကြောင့် ဦးသိန်းဖေမြင့်နှင့်ပတ်သက်၍ တိုက်တွန်းအကြံပေးလိုသည်မှာ ဦးသိန်းဖေမြင့်အား ဤအမှားကြီးကို မစွန့်လွှတ်နိုင်သေးသ၍ကာလပတ်လုံး၊ နိုင်ငံရေးလုပ်ငန်းကိုလည်း ဝင်စွက်နေလိုသေးသမျှကာလ ကာပတ်လုံး၊ ဦးသိန်းဖေမြင့်လည်း လုပ်ငန်းမပျက်လုပ်ကိုင်နိုင်၍ တိုင်းပြည်အန္တရာယ်လည်းသက်သာသွားစေရန် ဦးသိန်းဖေမြင့်အား လူထုနှင့် လုံးဝအဆက်အသွယ်ဖြတ်တောက်စေပြီး၊ တိရစ္ဆာန်လောကအတူးစည်းရုံးရေးမှူးကြီးခန့်ထားပေးသင့်ပေသည်။ ကျွဲနှင့်ခင်ပုတ် ကျားနှင့်သမင်၊ ဖါးနှင့်မြွေစသည်တို့ကိုစေ့စပ်ရေး၊ တိရစ္ဆာန်လောက ညီညွတ်ရေး ကြီးတည်ဆောက်နိုင်ရေးအတွက် တိရစ္ဆာန်ဥယျာဉ်ကြီးအတွင်းသို့ ပို့ခါရုံးတလုံးသီးသန့်ဖွင့်ပေးသင့်ပေသည်။

ဤကဲ့သို့အကွဲအပြဲများဖြစ်ပေါ်ရာ၌ဦးသိန်းဖေမြင့်လိုပုဂ္ဂိုလ်တဦးတယောက်၏အခါးသည် မည်သို့မျှမသက်ဆိုင်ဘဲ သူ့အလိုအလျောက်ဖြစ်

နေကြသလော၊ (သို့မဟုတ်) မိမိတို့အတွင်းရှိ ဂိုဏ်း ဂနဝါဒ ကြောင့်ဖြစ်ရသလောဟူသည့် ပြဿနာ ဆက်စပ်ပေါ်ပေါက်လာခဲ့ပေသည်။

ရုပ်ဝတ္ထုတခုဖြစ်ပေါ်တိုးတက်လာရာ၌ အတွင်းပဋိပက္ခနှင့် ပြင်ပပယောဂ အကူအညီအကြောင်းနှစ်ရပ်ပေါင်း စပ်ပါဝင်လျက် ရှိနေပေရာ၊ အတွင်းပဋိပက္ခသည် အဓိကအခြေခံအကြောင်းရင်းဖြစ်၍ပြင်ပ ပယောဂသည်လည်း မပါလျှင်မပြီးသည့် အထောက်အကူ အကြောင်းတရပ်ဖြစ်ပေသည် (ရောဂါဖြစ်ပွါးရာ၌ ခန္ဓာကိုယ်အတွင်း ချို့ယွင်းအားနည်းခြင်းနှင့် ပြင်ပရောဂါပိုးတို့ကြောင့်ဖြစ်ရသကဲ့သို့ပင်)။

ထို့ပြင် ရုပ်ဝတ္ထုတိုင်းသည် သူ့အလိုအလျောက် ထင်သလိုဗရမ်းဗတာဖြစ်ချင်သလိုဖြစ်နေကြသည်လည်း မဟုတ်ပေ။ လူပုဂ္ဂိုလ်တို့၏ခေါင်းဆောင်မှုဖြင့် စံနစ်တကျ တိုးတက်အောင် ပဲ့ကိုင်ပြောင်းလဲ နေကြပေသည်၊ သို့သော်မရှိသောအရာဝတ္ထုတို့ကို စိတ်ကူးယဉ်လုပ်ကြံဖန်တီး၍မရနိုင်ဘဲရှိပြီး ရုပ်ဝတ္ထုများကိုသာ လိုသလိုအချိုးချပဲ့ကိုင်သွားနိုင်ပေသည်။

လူ၏ခေါင်းဆောင်မှုနှင့်ကင်း၍အလိုအလျောက်သူ့အလိုလိုဖြစ်နေသည်ဟူသော အယူအဆသည် လူတန်းစားတိုက်ပွဲ ပြင်းထန်နေသော လူ့လောက၌ တော်လှန်ရေးများကို ဆန့်ကျင်လိုသောဖေါက်ပြန်ရေးလက်ျာဆိုရှယ်ဒီမိုကရက်များ၏ အလိုလိုဖြစ်ပေါ်ရေး သဘောတရားသာ ဖြစ်လေသည်။

ထို့ကြောင့် ဦးသိန်းဖေမြင့်ပါဝင်ခဲ့သောအဖွဲ့အစည်းများ ပြိုကွဲခဲ့ရာ၌ ဦးသိန်းဖေမြင့်၏ ပယောဂမပါဟုဆိုလျှင်တက်တက်စင်အောင်ပင်မှားယွင်းသွားပေလိမ့်မည်။ သက်ဆိုင်ရာတို့၏ ပင်ကိုယ်အတွင်း အားနည်း ချက်များအပေါ်အခြေခံပြီး ဦးသိန်းဖေမြင့်သည် ရောဂါပိုးတကောင် အဖြစ်ပါဝင်ခဲ့ပေသည်။

ထို့ပြင် ဦးသိန်းဖေမြင့်သည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် ကွန်မြူနစ်ဆန့်ကျင်ရေးသဘောထားနှစ်ရပ်ကို ပေါင်းစပ်ပြီး နှစ်ဖက်သွား သံလျက်ဓါးသဘွယ်ကျင့်သုံးခဲ့သူဖြစ်၏။ ထိုသို့ကျင့်သုံးခဲ့ရာ၌ ဦးသိန်းဖေမြင့်သည် အာဏာရ ဓနရှင်လူတန်းစားများကဲ့သို့ ပြောင်အတိအလင်း ပြတ်သားစွာလည်းမဟုတ်ခဲ့ပေ။ ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်ငန်းကို ကွန်မြူနစ်အရေခြုံ၍လုပ်ကိုင်၏။တပြိုင်နက်ပင် ကမ္ဘာ့ ကွန်မြူနစ်ဆန့်ကျင်ရေးဂိုဏ်းကြီး၏ ခေါင်းဆောင်နယ်ချဲ့သမားများကိုလည်းဆန့်ကျင်၏။(သို့မဟုတ်)ဆန့်ကျင်ဟန်ပြုရ၏။ ကွန်မြူနစ်ဆန့်ကျင်ရေးအတွက် နယ်ချဲ့ကိုယ်စားလှယ်များနှင့်လည်း ပူးပေါင်းရလုပ်ကိုင်ရ၏။ ပြည်သူလူထုထောက်ခံမှုရရှိစေရန်အတွက်

ကွန်မြူနစ်ဝါဒကိုအရေခြုံထားရပြန်၏။ ကွန်မြူနစ်ဘက်သို့ ကလောင်ဦးလှည့်ထားချိန်၌ နယ်ချဲ့ဖက်သားဟုထင်ရ၍ နယ်ချဲ့ဖက်သို့ ကလောင်ဦးလှည့်ထားချိန်၌လည်း ကွန်မြူနစ်ဖက်သားဟု နယ်ချဲ့ဂိုဏ်းသား များ၏ ထင်မှတ်ခြင်းကို ခံရပြန်လေသည်။ နှစ်ဖက်လုံးကိုတိုက်သည့်အခါတိုက်သလို နှစ်ဖက်စလုံးကို ပေါင်းသည့်အခါလည်း ပေါင်း၏။

ဤကဲ့သို့ ဦးသိန်းဖေမြင့်သည် နှစ်ဖက်သွား သံလျက်ဓါးနိုင်ငံရေးကိုလုပ်ခဲ့သောကြောင့်လည်း လင်းနို့လိုလို-ကြွက်လိုလို ရှုတ်ထွေးနေခဲ့ရခြင်းလည်းဖြစ်ပေသည်၊ ဦးသိန်းဖေမြင့်သည် ဤကဲ့သို့သံလျက်ဓါး ဝါဒလေ့နှံနှစ်ဖက်နင်းနိုင်ငံရေးကို လုပ်ခဲ့သောကြောင့်ပင် မကြာခဏ ဂျွမ်းထိုးမှောက်ခုံလိမ့်ကျပြီး ဗြိတိသျှနှင့်နယ်ချဲ့သမားတို့၏ အကြား၌ နှစ်ဖက်စလုံး၏ဝိုင်းပယ်ခံခဲ့ရခြင်းဖြစ်လေသည်။ ဤကဲ့သို့ ဖြစ်နေရသည်မှာ ဦးသိန်းဖေမြင့်တဦးတည်းအတွက်သာမဟုတ်ဘဲ သူနှင့်ပတ်သက် စပ်ဆိုင်၍သူ၏ဩဇာလွှမ်းမိုးရာ နေရာတိုင်း၌ပင် ဖြစ်ခဲ့လေသည်။ ဥပမာ ဗိုလ်တထောင်သတင်းစာကိုကြည့်ပါ တော်လှန်ရေးကောင်စီမတက်မီက (ဝါ) ဦးသိန်းဖေမြင့် မာ့က်စ်ဝါဒ အရေကိုမခွံချတ်သေးမီအချိန် ဦးသိန်းဖေမြင့် ဦးစီးနေသော ဗိုလ်တထောင် သတင်းစာသည် ဤအတိုင်းပင် ဖြစ်ခဲ့လေသည်။ ဦးသိန်းဖေမြင့်သည် သံလျက်ဓါးဝါဒရှိသကဲ့သို့ ဗိုလ်တထောင်သတင်းစာ၏ ပေါ်လစီသည်လည်း လေ့နှံနှစ်ဖက်နင်းပေါ်လစီဖြစ်ခဲ့၏၊ ထို့ကြောင့် အုပ်စိုးသူများနှင့် နယ်ချဲ့အသိုင်းအဝိုင်းများဖက်မှ ဗိုလ်တထောင်အား ကွန်မြူနစ်သတင်းစာဟု စွပ်စွဲကြ၏။ တကယ့်လက်ဝဲအင်အားစုများနှင့် ပြည်သူများကလည်း အချောင်သမားသတင်းစာ ကိုယ့်ဖပ်ကိုယ်ပြန်နင်းနေသောသတင်းစာဟု အထင်ခံခဲ့ရ၏။ သတင်းစာ စောင်ရေသည် ဘယ်သောအခါမှသုံးထောင်မကျော်ခဲ့ရုံမက အိမ်စောင့်စစ်အစိုးရ လက်ထက်၌ချိပ်ပိတ်အရေးယူခြင်းခံခဲ့ရပြီး အယ်ဒီတာနှင့်ပုံနှိပ်ထုတ်ဝေသူများလည်းထောင်ကျခံခဲ့ရလေသည်။ ယောမင်းကြီး၏ ငွေရင်းများကိုလည်းပြုတ်လှုဘနန်းထိခိုက်ပျက်ပြားစေခဲ့ပေသည်။

မီးရထားခေါင်းတွဲနှစ်လုံးကို တပြိုင်နက် ရှေ့နောက် တပ်ဆင်ကာတဖက်စီခုတ်မောင်းစေခြင်းဖြင့်အလယ်တွဲများကိုကွဲပြတ် ကြေမွစေသကဲ့သို့ ထိုသံလျက်ဓါးဝါဒကို လက်ကိုင်ထားခဲ့သော ဦးသိန်းဖေမြင့်ဝင်ရောက်ခဲ့သမျှပါတီအဖွဲ့အစည်းတိုင်းလိုလိုပင် ထက်ပိုင်းပြတ် ပြိုကွဲခဲ့ရခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ဦးသိန်းဖေမြင့် (သို့မဟုတ်) အကြွင်းမဲ့ ညီညွတ်ရေးသမား (ဝါ) အခွဲဝိဇ္ဇာ ဟူသော ဘွဲ့တံဆိပ်သည် ဦးသိန်းဖေမြင့်အတွက် ထိုက်တန်သော ဂုဏ်ထူးပင်ဖြစ်ခဲ့ပေသည်။

ပြည်သူ့ဘက်သားလော-ရန်သူ့ဘက်သားလော

လူပုဂ္ဂိုလ်တဦး (သို့မဟုတ်) ပါတီ အဖွဲ့အစည်း တခုခုကို အကဲဖြတ်ရာ၌ ၎င်းတို့၏ပြောဆိုချက်ဂတိပေးချက်များ ထုတ်ပြန်ကြေညာချက်များကို မကြည့်ရ၊ ၎င်းတို့၏လက်တွေ့လုပ်ရပ်နှင့် နောက်ကွယ်လူတန်းစားကိုယ်စားပြုမှုကို သာအဓိကထား၍ အကဲဖြတ်ရမည် ဟူသော မာ့က်စ်ဝါဒအရ ဦးသိန်းဖေမြင့်ကိုလည်း၊ ဤအတိုင်းပင် နက်ရှိုင်းစွာ ဆန်းစစ်လေ့လာ၍ အကဲဖြတ်ရမည်ဖြစ်ပေသည်။

ဦးသိန်းဖေမြင့်၏ အခြေခံလူတန်းစားဇစ်မြစ်၊ လူ့ပ်ရှားပြောင်းလဲနေသောဘဝ၊ အခြေခံ နိုင်ငံရေးအယူအမြင်များနှင့် လက်တွေ့လုပ်ရပ်များစသည်တို့ဖြင့် အသေးစိပ် စစ်တမ်းထုတ် သတ်မှတ်ရမည်ဖြစ်လေလည်း။

အခြေခံလူတန်းစား ဇစ်မြစ်နှင့်ပြောင်းလဲမှု

ဦးသိန်းဖေမြင့်သည် အညာကျေးလက်၌မွေးဖွါးသော မြေစာရင်းလက်အောက် အမှုထမ်း တဦး၏သားဖြစ်၍ မူလ လူတန်းစားမှာ နေရှင်ပေါက်စ အလတ်တန်းစားပင်ဖြစ်သည်။ ဤအခြေခံအရ ဟောကိန်း ထုတ်လျှင် အောက်ပါအတိုင်းဖြစ်ပေလိမ့်မည်။

နေရှင်ပေါက်စ အလွှာ အမျိုးမျိုးရှိသည့်အနက် ဦးသိန်းဖေမြင့်သည် မြို့တပိုင်းတောတပိုင်း အစိုးရလက်အောက် အမှုထမ်းတဦး၏ သားဖြစ်သောကြောင့်ဦးသိန်းဖေမြင့်၏ အသိဉာဏ်ဝင်စနုနယ်သောဦးနှောက်အတွင်းသို့ ဘခင်ထံမှ ဗျူရိုကရေစီ ယန္တယား၏ အရိပ်များ ထင်ဟပ်ခြင်း ခံခဲ့ရပေလိမ့်မည်။ ဦးသိန်းဖေမြင့်၏ ဦးနှောက်တွင်း၌ အထက်လူကြီး (ဝါ) အထက်လွှာတို့ကို အထင်ကြီး ကြိုးနွံတတ်ခြင်း၊ အောက်လူ (ဝါ) အောက်အလွှာများအပေါ် အထင်သေးတတ်ခြင်း စိတ်ဓါတ်များစွဲမြဲပါရှိလာပေလိမ့်မည်။ ပတ်ဝန်းကျင် လယ်သမားထု၏ အရိပ်များဖြစ်သော အစွဲကြီးတတ်ခြင်း၊ ကျဉ်းမြောင်းစွာကြည့်တတ်ခြင်း၊ ကိုလိုနီလောင်းရိပ်များဖြစ်သော မဖြည့်စုံမှု၊ တရားခံရှာမရသည့် မကျေနပ်ချက်တို့ ကိန်းအောင်းပါလာခဲ့ပေလိမ့်မည်။ ထိုအခြေခံများအရပင် ကိုယ့်ဒူးကိုယ်ချွန်လိုစိတ်များခိုင်မာသော ဇွဲများကို ဖြစ်ပေါ်စေခဲ့ပြီး အရွယ်ရောက်၍ လူလား မြောက်လာလေသောအခါ ကိုလိုနီပညာတတ်တဦးအဖြစ်သို့ တက်လှမ်းရောက် ရှိလာခဲ့ခြင်းဖြစ်ပေသည်။ ဦးသိန်းဖေမြင့် ငယ်စဉ်က သူ့ဖခင်ထံ နယ်ဆင်း

လာခဲ့သော လယ်ဝန်မင်းကို အထင်ကြီးခဲ့ပြီး လယ်ဝန်မင်းယိုသွားသောမစင်များကိုပင် သူများထက်ထူးခြားနေလေမည်လားဟု သိုးသန့်မင်းအိမ်သာထဲဝင်၍ချောင်းကြည့်မိပုံတို့ကို "အမေ" ဆောင်းပါး၌ရေးသားခဲ့ဘူးပေသည်။

အရင်းရှင်စံနစ်ကို သတ်မည့်ရန်သူသည် ၎င်းကပင် မွေးထုတ်ပေးလိုက်သော အလုပ်သမားလူတန်းစားပင်ဖြစ်သကဲ့သို့ ကိုလိုနီ နယ်ချဲ့စံနစ်ကို သတ်မည့်ရန်သူသည်လည်း၊ ၎င်းကပင် မွေးထုတ်ပေးလိုက်သော ကိုလိုနီ ပညာတတ်များပင် ဖြစ်ပေရာ၊ ကိုလိုနီ ပညာတတ်များ စုဝေးရာ ရန်ကုန်တက္ကသိုလ်၌ ဦးသိန်းဖေမြင့်သည်လည်း အများနည်းတူပင်နယ်ချဲ့ဆန့်ကျင်ရေးသမားဖြစ်လာခဲ့ရပေသည်။ ငယ်ရွယ်စဉ်က ချည်ဝင်အူပေါက် မကျေမနပ်ဖြစ်နေသော လူတန်းစားစိတ်ဓါတ်က အသိဉာဏ်ရင့်သန်၍ တရားခံအစစ်အမှန်ကို ရှာတတ်လာသော ဦးသိန်းဖေမြင့်အား ကွန်မြူနစ်ပါတီဝင်တဦးအဖြစ်သို့တိုင် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်လေသည်။

သို့သော် ငယ်စဉ်က စွဲမြဲပါရှိလာခဲ့သော အထက်အလွှာအပေါ် အထင်ကြီးတတ်မှုစိတ်ဓါတ်မျိုးစေ့သည် ပျောက်မသွားခဲ့ရုံသာမက ကိုလိုနီ ပညာတတ်ကြီးတဦးအနေဖြင့် အထက်လွှာပိုင်းသို့ ကိုယ်တိုင် ဝင်ဆန့်လာသော အခါ အပင်ပေါက်ခါ၊ ကြာလေ ကြာလေ အညွှန့်ဝေလာခဲ့ဟန်တူပေသည်။ လူတန်းစား အဆိပ်မွေးရာပါဖြစ်ခဲ့သောဦးသိန်းဖေမြင့်သည် ကိုလိုနီ ပညာတတ်ကြီးတဦး ဖြစ်လာသောအခါ အစွယ်ပါပေါက်၍ မာနပါးပြင်းကြီးကိုပါ ထောင်တတ်လာသော မြွေဆိုးကြီး ဖြစ်လာပေလိမ့်မည်။

ထိုလူတန်းစားအဆိပ်နှင့် ကိုလိုနီပညာတတ်အစွယ် မာန ပါးပြင်းတို့ကြောင့်ပင် ဦးသိန်းဖေမြင့်သည် အထက်လွှာဘက်သို့သာ မျက်နှာမော့တတ်သောသွေဖီရေးသမားတဦးဖြစ်လာခဲ့ရပြီးအများနှင့်တိုက်ပွဲဆင်ကာ တိုက်ပွဲတိုင်းလည်း ရှုံးလာခဲ့ရခြင်းဖြစ်ပေသည်။

အခြေခံစီးပွါးရေးလုပ်ငန်း ပြောင်းလဲမှုအလိုက် လူတန်းစားဘဝသည် ထာဝရ တရားသေ တည်ငြိမ်နေသည်မဟုတ်ပေ၊ အထူးသဖြင့် နိုင်ငံရေးနယ်ပယ်သို့ ရောက်လာသူများ အခြေခံလူတန်းစားဇစ်မြစ်အနေအထားထက်သူ၏နိုင်ငံရေးကိုယ်စားပြုမှု(ဝါ)မည်သည့်လူတန်းစားအကျိုးအတွက် မည်သည့် လူတန်းစား ဘက်သားအဖြစ် နိုင်ငံရေး လုပ်နေသလဲဟူသော အချက်က အဓိကဆုံးဖြတ်လာခဲ့ပေသည်။ နိုင်ငံရေးဆိုသည်မှာလူတန်းစားတိုက်ပွဲပင် ဖြစ် ၍ လူ မှု ဘော် လှုန် ရေး ဝိ ဇ္ဇာ (ဝါ) သိပ္ပံ ဖြစ် သည်။ နိုင်ငံ ရေး သ မား (ဝါ) နိုင်ငံရေး ပါတီ ဆိုသည် မှာ လည်း လူတန်းစားတရပ်ရပ်၏ ကိုယ်စားလည်သာလျှင်ဖြစ်ပေသည်။ မူလလူတန်းစား အခြေခံ

အားဖြင့် ဆင်းရဲမွဲတေဖွတ်ဘိုးအောပင်ဖြစ်နေစေကာမူ မြေရှင်လူတန်းစား၏ ခေါင်းဆောင်မှုနောက်သို့ လိုက်ပါ၍ ၎င်း၏ အကျိုးကျေးဇူး အတွက်သာ ကြိုးပမ်းထမ်းဆောင်နေသူဖြစ်လျှင် မြေရှင်ကိုယ်စားလည်(ဝါ)မြေရှင်ပါတီပင်ဖြစ်၍ (ဘိလပ်လေဘာပါတီမျိုး)မူလက မြေရှင်လူတန်းစား မျိုးရိုးပင် ဖြစ်စေကာမူ မိမိ၏မူလဘဝကို ပြောင်းလဲခံယူပြီး အလုပ်သမား လူတန်းစားအတွက် နိုင်ငံရေးလုပ်လျှင် အလုပ်သမား လူတန်းစား ကိုယ်စားလည်ဖြစ်လာပေတော့သည်။ (ဥပမာ-အိမ်ဂျယ်လ်စ်)။

မူလ လူတန်းစားဘဝကို ပြောင်းလဲ ခံယူရန် သန္နိဋ္ဌာန်ချမှတ်ခါ အလုပ်သမား လူတန်းစား၏ တပ်ဦးပါတီဖြစ်သော ကွန်မြူနစ် ပါတီသို့ ဝင်ရောက်၍ ဒီမိုကရေစီ ဗဟိုကြိုးကိုင်စံနစ်ကို လိုက်နာ ကျင့်သုံးခဲ့သည့် အချိန်မှစ၍ဦးသိန်းဖေမြင့်သည်အလုပ်သမား လူတန်းစား၏နိုင်ငံရေးကိုယ်စားလှယ်ဖြစ်လာခဲ့ပေသည်။ ပါတီ၏ ဗဟိုကြိုးကိုင် စံနစ် အောက်၌ပင် မြေရှင်နှင့် စေ့စပ်ရေးအယူအဆများကို တင်ပြ၍ မြေရှင် လူတန်းစားနှင့် ပူးပေါင်းရေးကြိုးပမ်းလာချိန်မှစ၍ ဦးသိန်းဖေမြင့်၏ လူတန်းစားသည် အခြေခံအလုပ်သမားဘဝမှပြောင်းလဲမသွားသေးသော်လည်းအလုပ်သမား အထက်လွှာ (အခွင့်ထူးခံအလုပ်သမား)ဖြစ်လာခဲ့လေသည်။

ကွန်မြူနစ်ပါတီဝင်တဦးသည်ပါတီ၏ ဗဟိုကြိုးကိုင်စံနစ်ကိုဖေါက်ဖျက်ခါ ပါတီနှင့် သီးခြားကင်းကွာသွားခဲ့သည့်အချိန်မှစ၍အလုပ်သမားဘဝခံယူမှု(ဝါ)ကွန်မြူနစ်တဦး၏ဘဝသည် လုံးဝချုပ်ငြိမ်းသွားခဲ့ရပြီး၊ ကြွီးပြတ်သောစွန် (လေတံခွန်)ကဲ့သို့လွင့်ချင်ရာ လွင့်သွားလေတော့သည်။

အထက်ပါ ဥပမာသည် သာမန်ကွန်မြူနစ်ပါတီဝင်တဦး၏အလုပ်သမားလူတန်းစားဘဝလျှောကျလွင့်ကြွေရပုံသာ ဖြစ်၍ ဦးသိန်းဖေမြင့်နှင့်ကား တိုက်ရိုက်မဟပ်မိသေးပါ၊ ဦးသိန်းဖေမြင့်သည် ကြိုးပြတ်သောစွန်ကဲ့သို့ အလိုလို လွင့်ကျစုတ်ပြဲသွားခဲ့သည်လည်းမဟုတ်ပါ၊ဦးသိန်းဖေမြင့်သည်ကား လှောင်အိမ်ကြိုးကိုချိုးဖျက်ခါ ရှန်းကန်ထွက်ပြေးသောကျားနာကြီးနှင့် သာတူခဲ့ပေသည်။

ဦးသိန်းဖေမြင့်သည် ကွန်မြူနစ်ပါတီမှထွက်ပြီးသည်နှင့်တပြိုင်နက် မြေရှင်လူတန်းစားထံသို့အပြေးဝင်ရောက်ခါကွန်မြူနစ်ပါတီအားပြန်လည်တိုက်ခိုက်ခဲ့လေသည်၊ နု-မူခေါ် ပြည်တွင်းစစ်အပြုတ်တိုက်ရေး ကွန်မြူနစ်ပါတီအား ခြေမှုန်းရေးမူကိုရေးဆွဲပေးပြီး ဖဆပလအစိုးရအားအစွမ်းကုန် ကူညီခဲ့ပေသည်။

အထက်ပါလှုပ်ရှားမှုများအရ ဦးသိန်းဖေမြင့်၏ လူတန်းစားကိုယ်စား ပြုမှုသည် အလုပ်သမား လူတန်းစားဘဝမှနေရှင်ကိုယ်စားပေးသည်အဖြစ်သို့ ထိုအချိန်ကစ၍ပင် ကူးပြောင်းခဲ့ပြီဖြစ်လေသည်။

ဦးသိန်းဖေမြင့်၏ နိုင်ငံရေးအယူအမြင်များ

ဦးသိန်းဖေမြင့်သည် ဘုန်းကြီးလူထွက် ခရစ်ယန် ဓမ္မဆရာ ကဲ့သို့ ကွန်မြူနစ်လူထွက် ကွန်မြူနစ် ဆန့်ကျင်ရေး သမားတဦးဖြစ်ရုံမက၊ ကက်ဟောင်း တိုက်ဆွေး နိုင်ငံရေး ဝိဇ္ဇာတဦးလည်းဖြစ်ပေသည်။

ထို့ကြောင့် ဦးသိန်းဖေမြင့်၏နိုင်ငံရေးအမြင်နှင့်သဘောထား လုပ်ရပ်များသည်သာမန်လူပြိန်းတဦးအဘို့ ရှုတ်ထွေးသွားစေနိုင်ပြီး၊ မာ့က်စ်ဝါဒအခြေခံအနည်းအကျဉ်းရှိသူများကိုပင်ဦးကျော့က်ခြောက်သွားစေနိုင်ပေသည်။ ဦးသိန်းဖေမြင့်သည် သူ၏အယူအဆများကိုတင်ပြရာ၌အဆိပ်လုံးကိုသကြားဖုံး၍ကြွေးသကဲ့သို့ သူ၏စကားလုံးများကို မာ့က်စ်ဝါဒ ဖုံးအုပ်ထားတတ်လေသည်။ ဗမာ့ တော်လှန်ရေးသမိုင်းကိုတင်ပြရာ၌လည်း မနပ်တနပ်ထမင်းဟင်းများကို ခူးခပ်ကြွေးသကဲ့သို့ သူ၏တပိုင်းမမှန် တပိုင်းမှန် တင်ပြချက်များကို ထွေးပစ်ရအခက် မျိုချရအခက်ဖြစ်အောင်လုပ်တတ်လေသည်။

ဦးသိန်းဖေမြင့်၏ နိုင်ငံရေးအယူအဆများကို ကောက်ချက်ချရာ၌ သကြားကို ခွါ၍အဆိပ်ကိုဖေါ်ထုတ်သလိုဖေါ်ထုတ်ခါ၊ လက်တွေ့လုပ်ရပ်များဖြင့်ပေါင်းစပ်အကဲဖြတ်သွားရမည်ဖြစ်လေသည်။

ဦးသိန်းဖေမြင့်အား ကွန်မြူနစ်ပါတီမှ အပယ်ခံခဲ့ရပြီးနောက် တသီးပုဂ္ဂလ ကွန်မြူနစ်အသွင်ဖြင့်တမျိုး ကိုယ်ပိုင်ပါတီ တည်ထောင်၍ တဖုံ၊ အခြားပါတီအဖွဲ့အစည်းများသို့ ဝင်ရောက်၍တနည်း စသည်တို့ဖြင့် ၇-ထွေကကြိုးကို ကပြခဲ့သော်လည်း သူ၏အရေးကြီးသော အခြေခံနိုင်ငံရေး အယူအဆတခုမှာကား ဘယ်အခါမှ မပြောင်းလဲခဲ့ပေ၊ အခြေအနေ အချိန်အခါအလိုက်တင်ပြ လှုပ်ရှားပုံတို့မှာ ဆင်တူရိုးမှား ကွဲပြားမည်ဖြစ်သော်လည်း အဓိက ရေသောက်မြစ်မှာကား တခုတည်းသာရှိခဲ့လေသည်၊ ထိုအယူအဆကား-တရုပ်ပြည် ကွန်မြူနစ်ပါတီတွင်း၌ ပေါ်ပေါက်ခဲ့ဘူးသောသစ္စာဖေါက်ချန်တူရှူ၏အယူအဆမျိုးကဲ့သို့ "နေရှင်လူတန်းစားနှင့် ပူးပေါင်းရေးသဘောထား"ပင်ဖြစ်လေသည်။

ကွန်မြူနစ်ပါတီနှင့် နောက်ဆုံးလမ်းခွဲခဲ့ရသည်မှာ ဤအယူအဆပင်ဖြစ်၍ ယနေ့တိုင်မြန်မာ့နိုင်ငံရေးကြီးတခုလုံးကို မွှေနှောက် နေသည် မှာလည်း ဤအယူအဆပင်ဖြစ်ပေသည်။

ဦးသိန်းဖေမြင့်သည် အခြားပြဿနာများနှင့်ပတ်သက်၍လိုက်လျောပြောင်းလဲချက် အများအပြားရှိခဲ့သော်လည်း ဤနေရာ၌ကား တလက်မမျှအလျှော့မပေးခဲ့ပေ၊ ဦးသိန်းဖေမြင့်သည် အခြားပြဿနာများနှင့် ပတ်သက်၍ ရှူးလျှင်ပြူးနိုင်ခဲ့သည်ဟု ဆိုသော်လည်းသူ၏နေရှင်လူတန်းစားကို ထိပါးလာလျှင်ကား ဘယ်အခါမျှမပြူးနိုင်ခဲ့ပေ၊အနာပေါ်ဒုတ်ကျဖြစ်ခါ အသေအလဲ ခုခံကာကွယ်လေ့ရှိခဲ့ပေသည်။

ဦးသိန်းဖေမြင့်၏ နိုင်ငံရေးသဘောထားခံယူချက်များသည်ဆောင်းပါးများ ဝတ္ထုများနိုင်ငံရေး အတွေ့ကြုံစာအုပ်များ-ပါတီတွင်းတင်ပြချက်များ စသည်ဖြင့်များပြားစွာပင်ရှိနေခဲ့ပေသည်၊ သို့ရာတွင်အားလုံးပင်အခြေခံအားဖြင့် နေရှင်လူတန်းစားနှင့် စေ့စပ်ရေးသာဖြစ်၍အနှစ်သာရ အတူတူချည့်လိုလိုပင်ဖြစ်ခဲ့ပေသည်။

ဦးသိန်းဖေမြင့်၏ အယူအဆတင်ပြချက်များမှာ များပြားလှသဖြင့် မှုရင်းအတိုင်းစာမကူးတော့ဘဲ တင်ပြသမျှထဲမှလိုရင်းကောက်နုတ်ချက်များကိုသာအကျဉ်းချုပ်ဖေါ်ပြမည်ဖြစ်ပါသည်။ အထူးသဖြင့် ပြည်သူ့ညီညွတ်ရေးပါတီနှင့် ပြည်သူ့ရဲတော်ပါတီ အတွင်း၌ တင်ပြခဲ့သော ယနေ့အထိမှတ်တမ်းအပြည့်အစုံရှိသည့်တင်ပြချက်များကိုသာကိုးကားဖေါ်ထုတ်သွားမည်ဖြစ်ပေသည်။

ဦးသိန်းဖေမြင့် တင်ပြခဲ့သော နေရှင်လူတန်းစားအပေါ် သဘောထားတို့ကို အကျဉ်းချုပ်ကောက်နုတ်ချက်တင်ပြလျှင်အောက်ပါအတိုင်းဖြစ်ပေသည်။

(၁) မြန်မာနိုင်ငံ၌ ဖဆပလ ကွန်မြူနစ် ဆိုရှယ်လစ် အားလုံးပင် ဆိုရှယ်လစ်တည်ဆောက်ရေး ရည်မှန်းချက်ချင်းအတူတူပင်ဖြစ်၍ လုပ်နည်းသာကွဲပြားနေကြသည်။

(၂) ဗမာ့လွတ်လပ်ရေးသည် လုံးဝစစ်မှန်ပြည့်စုံသည်၊ ဖဆပလ အစိုးရသည် နယ်ချဲ့သမားနှင့် စေ့စပ်၍ လွတ်လပ်ရေး ယူခဲ့သည်ဆိုတာမဟုတ်။

(၃) မြန်မာထဲက ကွန်ပရာဒိုလူတန်းစာမရှိ၊ ရှိသမျှမှာ လည်း အငယ်စားအနည်းအကျဉ်းသာရှိသည်၊ အများအားဖြင့် တရုပ်- ကုလားများဖြစ်သည်။

သို့သော် စစ်တပ်၏(ဒီ-အက်စ်-အိုင်)လုပ်ငန်းမှာ ကွန်ပရာဒိုအလား အလာရှိသည်။

(၄) တိုင်းရင်းဓနရှင်လူတန်းစား၏ အခကျးသည်မကုန်းဆုံးသေး၊ ၎င်း၏ ခေါင်းဆောင်မှုအောက်၌ အလုပ်သမား လူတန်းစားက တွဲဖက်လုပ်ကိုင်သွားနိုင်သည်။

(၅) ယခု တော်လှန်ရေးသည် ဆိုရှယ်လစ် တော်လှန်ရေးလည်း မဟုတ်၊ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးလည်းမဟုတ်၊ ဒီမိုကရေစီသစ်ခေါ် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသား တော်လှန်ရေးဖြစ်သည် (ပြည်သူ့ဒီမိုကရေစီနှင့် ဒီမိုကရေစီသစ်ကို ခွဲခြားထားသည်၊ အမျိုးသား တော်လှန်ရေးလုပ်လိုခြင်းဖြစ်သည်၊ ဓနရှင်နှင့် ပေါင်းနိုင်ရန်ဖြစ်သည်။)

(၆) ဖဆပလ အစိုးရသည် ကြားနေရေး-ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းသည်၊ လက်ငင်း နိုင်ငံတော် အရင်းရှင်စီးပွားရေးကိုတည်ဆောက်နေသည်၊ ဆိုရှယ်လစ်စံနစ်သို့ ဦးတည်ဆောင်ရွက်နေသည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံနှင့် ပါလီမန်ရှိ၊ လူထုက ရွေးကောက်ထားသော အစိုးရဖြစ်သည်၊ ဒီမိုကရေစီရှိသည်။ ချို့ယွင်းချက် မအောင်မြင်ချက်များလည်းရှိသည်၊ ဤသို့ဖြစ်သည်မှာ အလုပ်သမားခေါင်းဆောင်မှုမပါခြင်း၊ ပြည်တွင်းစစ်ကြောင့်ဖြစ်သည်၊ အခြေခံအားဖြင့်မှန်ကန်၍ သွေဖီရေးသာ ရှိသည်။ (တနေရာ၌ ပြည်တွင်းစစ်ဖြစ်ရသည်မှာ ကွန်မြူနစ်ကြောင့်ဟု ဆိုထားသဖြင့် ဖဆပလမှားရတာ ကွန်မြူနစ်ကြောင့်ဟု တဆက်ထည်း အဓိပ္ပါယ် ရသွားသည်၊ အခြေခံအမှားမဟုတ်သဖြင့် ပြုပြင်သွားလျှင် ကိစ္စပြီးပြီဟုဆိုလိုသည်၊ ပြုပြင်ရေးဝါဒဖြစ်သည်။)

(၇) ဖဆပလ နှစ်ခြမ်းကွဲတာမှားသည်၊အမျိုးသားညီညွတ်ရေးကို ပြိုကွဲစေသည်၊ (ပြည်သူတို့၏တိုက်ပွဲကြောင့် ဓနရှင် လူတန်းစားအတွင်း ပြိုကွဲလာခြင်းကို ဝမ်းနည်းသူသည် ဦးသိန်းဖေမြင့် တဦးတည်းသာ ရှိမည်ဟုထင်သည်။)

(၈) ဖဆပလနှစ်ခြမ်းလုံးအတူတူပင်ဖြစ်သည်၊တည်မြဲလည်းကွန်ပရာဒိုမဟုတ်၊ (ဤနေရာ၌ ဒေါက်တာဘမော်၏သံပရာသီးနှစ်ခြမ်းသဘောထားနှင့် အတူတူပင်ဖြစ်သည်၊ သို့သော် ဒေါက်တာဘမော်၏ သံပရာသီးနှစ်ခြမ်းမှာ အကုန်မကောင်းဖြစ်၍ ဦးသိန်းဖေမြင့် သဘောထားမှာ အကုန်ကောင်းချည့်ဖြစ်သည်။)

(၉) ဖဆပလနှင့် ကွန်မြူနစ်ကွဲတာမှားသည်၊ ကွန်မြူနစ်ပါတီမှာ တာဝန်ရှိသည်၊ (ကွန်မြူနစ်ပါတီက ဖဆပလနှင့် ကွန်မြူနစ် ညီညွတ်ရေး

အတန်တန်ကြိုးစားပါလျက် ဖဆပလက ညာဏ်းပယ်ခြင်းဖြစ်သည်၊ တရုပ်ပြည်၌ ကွန်မြူနစ်ပါတီအား ကူအိုမင်တန်မှ အထုတ်ခံရခြင်း၊ အိန္ဒိယပြည်၌ ကွန်မြူနစ်ပါတီအား ကွန်ဂရက်မှ ထုတ်ပယ်ခြင်းတို့ကိုလည်း ကွန်မြူနစ်ပါတီတွင် တာဝန်ရှိသည်ဟု ဆိုဦးမည်လော။)

(၁၀) ဖဆပလနှင့် ကွန်မြူနစ် ပြည်တွင်းစစ်ဖြစ်ခဲ့သည်မှာ မှားသည်၊ နှစ်ဦးလုံးမှာ တာဝန်ရှိသည်၊ (တနေရာ၌ - ကွန်မြူနစ်ပါတီက ပြည်တွင်းစစ်ကိုမတားခဲ့၊ ဇွတ်တောခိုခဲ့သည်ဟုတင်ပြထားပြန်သဖြင့် ကွန်မြူနစ် တရားခံဟုသာဆိုလိုပေသည်။)

ဦးသိန်းဖေမြင့်သည် မျက်လှည့်လိမ်ကိုကြိုးစား၍ပြခဲ့သော်လည်း ပီပီသသအောင်မလိမ်နိုင်ခဲ့ပေ။

ကောက်ချက်အပိုဒ် (၂) အရ လွတ်လပ်ရေး စစ်မှန်ပြည့်စုံသည်ဆိုလျှင် ကောက်ချက် အပိုဒ် (၅) အရ နယ်ချဲ့ ဆန့်ကျင်ရေး အမျိုးသားတော်လှန်ရေးလုပ်ရမည်ဆိုသည့်မှာ မှန်နိုင်မည်လော၊ အဓိက ရန်သူ နယ်ချဲ့သမားထံမှ လုံးဝလွတ်လပ်ရေးအပြည့်အဝ ရရှိခဲ့ပြီဖြစ်၍ နယ်ချဲ့လွှမ်းမိုးမှုမရှိတော့ဟု အဓိပ္ပါယ်ရသဖြင့် နယ်ချဲ့ရန် ဘာလိုသေးသနည်း၊ အကယ်၍ နယ်ချဲ့လွှမ်းမိုးမှု ရှိနေဆဲဟု ဆိုပြန်လျှင်လည်း လွတ်လပ်ရေး စစ်မှန်သည်ဆိုခြင်းမှာ မှန်နိုင်ပါမည်လော၊ အကယ်၍ ပြည့်စုံသော လွတ်လပ်ရေးဖြစ်သည်ဆိုလျှင် ပြည်ပ အဓိက မဟုတ်တော့ဘဲ ပြည်တွင်းသာ အဓိကဖြစ်ရမည်မှာ ပို၍ မသေချာပါသလော၊ ဦးသိန်းဖေမြင့်၏ အလိုဆန္ဒအရ ဓနရှင်လူတန်းစားနှင့် ပူးပေါင်းစေလို၍ တော်လှန်ရေးအဆင့်ကို လျှော့ချလိုလျှင်လည်း "လွတ်လပ်ရေးရသည့်ဆိုတာ မဟုတ်၊ကိုလိုနီပုံစံအတိုင်းပင် ဖြစ်သည်။ နယ်ချဲ့သမား၏ လိန်လည် လှည့်စားချက်သာဖြစ်သည်"ဟုသုံးသပ်မှသာ အမျိုးသားတော်လှန်ရေးနှင့် ကိုက်ညီပေလိမ့်မည်၊ ရှေ့နောက် သုံးသပ်ချက် အန်ကျကွင်ကျဖြစ်ပေလိမ့်မည်။

ဦးသိန်းဖေမြင့်၏ လက်နက်ကိုင်တိုက်ပွဲမပါဘဲ အေးချမ်းစွာ သွားနိုင်ပြီဟူသော အယူအဆမှာလည်း လွတ်လပ်ရေးရပြီးမှ တင်ပြလာသော ခုမှပေါ်သည့်ရွှေကြာပင်မဟုတ်မူ၍၊ ဗြိတိသျှ ကက်စ်ဘီအစိုးရ လက်ထက်ကပင် စတင်ခဲ့သော အယူအဆဖြစ်၍ အထူးအဆန်းတခုမဟုတ်တော့ပါပေ။

အခြားအချက်အလက်များမှာလည်း လက်တွေ့ အဖြစ်အပျက်အရ သက်သေခံနေပြီဖြစ်၍ မည်သူမျှ လက်ခံနိုင်စရာမရှိပေ။

ဦးသိန်းဖေမြင့်သည် သူ၏နိုင်ငံရေးသဘောတရားအရ မြန်မာနိုင်ငံ၌ လက်တွေ့ဘိုက်စရာ ရန်သူရှာမရတော့ပေ၊ နောက်ဆုံး အောက်ပါ အတိုင်း ရန်သူရှာဖွေပေးခဲ့ပြန်လေသည်။

"ကျွန်တော့် အနေဖြင့် အဓိကပဋိပက္ခဟာ ပြည်ပနယ်ချဲ့သမားဟု ခံယူတယ်၊ ကွန်မြူနစ်ပါတီက ပြည်တွင်းဖေါက်ပြန်ရေး ဖဆဆိုရှယ် အစိုးရ လို့ သတ်မှတ်တယ် ကေအင်ဒီအိုနဲ့ ကေအမ်တီနယ်ချဲ့ကမြှောက်ပေးနေတယ် ဒါကိုဦးတည်ရမယ်လို့ မြင်တယ်၊ပဒစအစိုးရနဲ့ ကွန်မြူနစ် ပဋိပက္ခဆိုတာ ကတော့ အချင်းချင်း ပဋိပက္ခသာဖြစ်တယ်၊ ဖြစ်နိုင်တဲ့နည်းနဲ့ ဖြေရှင်းပစ် ရမယ်၊ ဖြေရှင်းနည်းကတော့ အချက် နှစ်ချက်နဲ့ ဝင်ရေးပါတဲ့။ (ပြည်သူ့ ညီညွှတ်ရေးပါတီဗဟိုကော်မီတီ အစီရင်ခံစာနှင့် ပြည်သူ့ရဲဘော်ပါတီဗဟို ကော်မီတီ-၃၀၊၅၊၆၁-နေ့ အစည်းအဝေးသို့ ဦးသိန်းဖေမြင့်၏ တင်ပြ ချက်မှ)

ဤမျှဖြင့် ဦးသိန်းဖေမြင့်၏ နိုင်ငံရေး သဘောတရားကို အကဲဖြတ် နိုင်လောက်ပြီ ဖြစ်ပါသည်။ အပေါ့မြင် အပင်သိရမည် ဟူသကဲ့သို့ဦးသိန်း ဖေမြင့်၏ လူတန်းစား ကိုယ်စား ပြုမှုကိုလည်း ရိပ်စားမိလောက်ပြီထင်ပါ သည်။

ဦးသိန်းဖေမြင့်သည် မာ့က်စ်ဝါဒကို မနေရှင် လူတန်းစား အကျိုး နှင့် ကိုက်ညီအောင် ပြင်ဆင်အသုံးချလျက် ပြဿနာတိုင်း မနေရှင် အမြင်ဖြင့် ကြည့်ခါ မနေရှင် လူတန်းစား ဘက်ကသာ အကာအကွယ် ပေးနေသော မနေရှင်ကိုယ်စားလည် နိုင်ငံရေးသမားတဦးသာဖြစ်သည်။ထူကိုယ်စားပြုနေ သောမနေရှင်လူတန်းစားက ပါလီမန်ဒီမိုကရေစီ မျက်နှာဖုံးကိုစွပ်ခါ ပြည်သူ လူထုအား မှိုင်းတိုက်စိုးမိုးနေချိန်ဝယ် ဦးသိန်းဖေမြင့်သည်လည်း မာ့က်စ် ဝါဒ မျက်နှာဖုံးကိုစွပ်ကာ ပြည်သူလူထုအားမျက်လှည့် လိန်ပြ၍ အကူ အညီပေးခဲ့လေသည်။

ထိုသို့ကူညီနေရာ၌သည်းရိုးရိုးမနေရှင်လူတန်းစားများကဲ့သို့ ဖဆပလ မနေရှင်အဖွဲ့အစည်းများသို့ မဝင်ရောက်ဘဲ။ မာ့က်စ်ဝါဒ လက်ဝဲအရေခြုံ သမားအဖြစ် ရပ်တည်ပြီး လက်ဝဲနယ်မြေ၌နေ၍မနေရှင်လူတန်းစား၏ တယ် ကြက်အဖြစ်တာဝန်ယူကူညီခဲ့ပေသည်။

ဖဆပလ နှစ်ခြမ်းကွဲပြီးစအချိန်၌ ဦးသိန်းဖေမြင့်သည်သန့်ရှင်းဖဆ ပလ သို့ခြေစုံပြစ်ဝင်ရောက်ရန် ကြိုးပမ်းခဲ့သေးသော်လည်း အကြောင်း အမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ပေ၊သန့်ရှင်းဖဆပလသည် ဦးသိန်းဖေမြင့် ၏ အခွဲ့ဝိဋ္ဌာဂုဏ်ထူးကို ကြောက်ရွံ့၍လက်မခံဝံ့ဘဲဖြစ်ခဲ့ ဟန်တူသည်။

ထိုအချိန်က သန့်ရှင်း ဖဆပလကသာ အလွယ်တကူလက်ခံခဲ့ပါလျှင် ဦးသိန်း ဖေမြင့်အဘို့လည်း နေရာမှန်သို့ ရောက်ရှိ၍ လက်ဝဲပါတီများ အဘို့လည်း ကမီးငြိမ်းသွားခဲ့ပေရာ၏။

ဦးသိန်းဖေမြင့်၏ ယနေ့အထိကြွင်းကျန်နေသေးသော နယ်ချဲ့ဆန့် ကျင်ရေးလက္ခဏာဟူသည်မှာလည်း မာ့က်စ်ဝါဒ သမားတဦး၏ ပြတ်သား သောအသွင်လက္ခဏာများ မဟုတ်ဘဲ၊ နေရှင်လူတန်းစား၏ တွေဝေသော နယ်ချဲ့ဆန့်ကျင်ရေးလက္ခဏာမျှသာဖြစ်လေသည်။

နယ်ချဲ့သမားက ပြည်တွင်းနေရှင်လူတန်းစား၏ အကျိုးကို ထိခိုက် စေသလောက်သာ ဆန့်ကျင်၍ အချို့နေရာ၌ပြန်လည်စေ့စပ်ထားပေသည် အာဏာရ ဂနေရှင်လူတန်းစားအား ထောက်ခံရေး၊ ပူးပေါင်းရေး အတွက် နယ်ချဲ့အန္တရာယ်တခုတည်းကိုသာလက်ညှိုးထိုးပြပြီး ပြည်တွင်း ဂနေရှင်ကာ ကွယ်ရေးကိုသာ ကြိုးပမ်းနေခဲ့ပေသည်၊ ပြည်တွင်းကွန်မြူနစ် ဆန့်ကျင် ရေးလုပ်ငန်းများ၌ရင်း၊ပြည်တွင်းနယ်ချဲ့ လက်ပါးစေ အုပ်စုနှင့် ပတ်သက် သော သဘောတရား၌ရင်း၊ နယ်ချဲ့သမားနှင့် တဆပ်ထည်းသဘော ထားခါ တိုက်ရိုက်သော်ရင်း၊ သွယ်ဝိုက်၍သော်ရင်းကူညီခဲ့ရုံမက၊ ကမ္ဘာအရပ်ရပ်က သံပုန်းတီးလှုတ်နေသော အမေရိကန်နယ်ချဲ့သမား၏ ငြိမ်းချမ်းရေး တပ်ဖွဲ့ များကိုပင် ဝါဒဖြန့် ကောင်း ချီး ပေး ခဲ့ ပေ သေး သည်။(သိန်းဖေမြင့်၏ အနောက်ကို လျှောက်ပါလို့ အရှေ့ကိုတဲ့မြော်လိုက်ရင်- အမေရိကန်ပြန် ဆောင်းပါး ။

ဦးသိန်းဖေမြင့်သည် ဂနေရှင် လူတန်းစား ဘက်၌သာ မယိုင်လဲတဲ့ ခိုင်မြဲစွာ ရပ်တည်ခဲ့သည် ဆိုသော်လည်း ထူးခြားချက် တခုကား ရှိနေပေ သည်။ထိုထူးခြားချက်ကားအာဏာမဲ့ဂနေရှင်ဘက် အာဏာရဂနေရှင်လူတန်း စားကိုသာ အချိန်အခါလိုက်ဦးစားပေးအကျိုးပြုလိုခြင်း ဖြစ်ပေသည်။

အချုပ်အားဖြင့် ဦးသိန်းဖေမြင့်သည် ဂနေရှင်ပြုပြင်ရေး ဝါဒသမား ဖြစ်၍ မာ့က်စ်ဝါဒ ငါးစာတပ်ထားသော ငါးမြှားချိပ် သာလျှင် ဖြစ် ပေသည်။

ငြိမ်းချမ်းရေးသမားလော၊ ငြိမ်းချမ်းရေးအဖျက်သမားလော။

"သိန်းဖေဟာ ငြိမ်းချမ်းရေးနှင့် ညီညွှတ်ရေးသမားဖြစ်ခဲ့ပါတယ်၊ အမြဲတမ်း ဒါကိုသာ တသမတ်တည်းကြွေးကြော် လာခဲ့သူဖြစ်ပါတယ်။" ဟူ၍ ပြည်သူ့ရဲဘော် ပါတီ တတိယ ကွန်ဂရက်၌ ဦးသိန်းဖေမြင့်သည်

ဝင့်ကြွားတင်ပြခဲ့လေသည်။ သခင်သန်းထွန်းလို စစ်မလိုလားခဲ့ပါဘူး ဟူ၍လည်း အဖြားခတ် တိုက်ခိုက်လိုက်သေးသည်။

ဦးသိန်းဖေမြင့်သည် အမှန်ပင် ငြိမ်းချမ်းရေးသမား ဖြစ်ပါသလော တကယ်ပင်ညီညွတ်ရေးသမား မှန်ကန်ပါသလော။

သူ၏ညီညွတ်ရေးဝါဒကိုအထက်၌အကျယ်ရှင်းလင်းခဲ့ပြီဖြစ်၍ထပ်မံရှင်းလင်းရန် မလိုအပ်တော့သဲ ဤ အခန်း၌ သူ၏ငြိမ်းချမ်းရေးဝါဒကိုသာ အဓိကထား၍ ရှင်းလင်းတင်ပြရမည်ဖြစ်ပေသည်။

ဦးသိန်းဖေမြင့်သည် ငြိမ်းချမ်းရေးကို ပါးစပ်က တဖွဖွကြွေးကြော်အော်ဟစ်ခဲ့သည်ကား အမှန်ပင် ဖြစ်ပါသည်၊သို့သော် သူ၏ အကြွင်းမဲ့ညီညွတ်ရေးသည် နောက်ဆုံးကျဲပြရေးအတွက်သာ ဖြစ်စေသကဲ့သို့ သူ၏ငြိမ်းချမ်းရေးဆိုသည်မှာလည်း အဆုံးသတ်အားဖြင့် ပြည်တွင်းစစ် အပြုတ်တိုက်ရေးအတွက်သာ ဖြစ်ခဲ့ပေသည်။

သူ၏ ညီညွတ်ရေးဝါဒနှင့် ငြိမ်းချမ်းရေးဝါဒတို့သည် တခုနှင့်တခု ဆက်စပ်နေပြီး၊ အမြဲတမ်း မနရှင် လူတန်းစားဘက်၌သာ တဘက်သတ် ရပ်တည်အခြေစိုက်ထားခဲ့ပေသည်။

ညီညွတ်ရေးပြဿနာကိုကိုင်တွယ်လိုလျှင်ပဋ္ဌမဆုံးပဋိပက္ခပြဿနာကို အသေးစိတ် ရှာဖွေလေ့လာရသကဲ့သို့၊ ငြိမ်းချမ်းရေး ပြဿနာကို ဖြေရှင်းရာ၌လည်း ပထဆုံးစစ်ပြဿနာကို အသေးစိတ်သဘောပေါက် ရှင်းလင်းပြီးဖြစ်ရပေလိမ့်မည်။ ထိုသို့ လေ့လာ သဘောပေါက်ပြီးနောက် "မည်သည့်အခြေခံပေါ်၌ စစ်ဖြစ်ပွါးရသည်။မည်သည့်ဘက်က တရားမှန်ကန်၍ မည်သည့်လူတန်းစားဘက်မှ ရပ်တည်မည်" ဟူသော အဆုံးအဖြတ်ကိုပြတ်သားစွာချမှတ် ရပေလိမ့်မည်။

ယနေ့ပြည်တွင်း ငြိမ်းချမ်းရေးပြဿနာနှင့်ပတ်သက်၍ပြည်သူလူထုအများစုနှင့် ဦးသိန်းဖေမြင့်တို့ သဘောကွဲလွဲနေရခြင်းမှာ ပြည်တွင်းစစ်ပြဿနာ၌ပင် သဘောထားခံယူပုံချင်း တောင်နှင့်မြောက်ပမာ ကွဲကွာခြားနားနေသောကြောင့်ဖြစ်ပေသည်။

"တမျိုးသားလုံး၏တိုက်ပွဲကြောင့် ဗြိတိသျှနယ်ချဲ့သမားသည် မလွဲမရှောင်သာသဖြင့် မြန်မာနိုင်ငံအားလွတ်လပ်ရေးပေးခဲ့ရသည်။သူ၏အကျိုးစီးပွါးများကို တတ်နိုင်သမျှ ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက်သူနှင့်နီးစပ်သော ပြည်တွင်း ဓနရှင်လူတန်းစား လက်သို့ စိတ်ချရလောက်အောင်ပြင်ဆင်လွှဲအပ်ခဲ့သည်။ ဓနရှင်လူတန်းစားသည် နယ်ချဲ့သမားနှင့်အပြတ်စာရင်းမရှင်းဘဲ နု-အက်တလီစာချုပ်ကို လက်ခံကာ ပေးသမျှကိုယူ၍ ပြန်

လည် စေ့စပ် ပူးပေါင်းခဲ့သည်။ နယ်ချဲ့လွှမ်းမိုးမှုလုံးဝ မကုန်ဆုံးသေးဘဲကျန်ရှိနေခဲ့ရသည်။ နယ်ချဲ့နှင့် ပြည်တွင်းဓနရှင် လူတန်းစား များသည် တကြိတ်ထည်းတကြံထည်း ဖြစ်သွားပြီးလျှင် မိမိတို့နှစ်ဦးလုံး၏ အကျိုးနှင့်ကိုက်ညီသော ပြည်တွင်းစစ်ကြီးကိုဖန်တီးရန်လက်ဝါးရိုက်ပြီးစီမံခဲ့ကြလေသည်။ အလုပ်သမားလူတန်းစားခေါင်းဆောင်မှု(ဝါ)ကွန်မြူနစ်ပါတီကို ဖယ်ရှားရေး၊ ပြည်တွင်းစစ်ဖန်တီးကာ ပြည်သူလူထု၏ဦးခေါင်းကို ဖြတ်တောက်ပစ်ရေးအတွက် နှစ်ဦးပေါင်းလုပ်ကြံခဲ့ကြသည်။ ကွန်မြူနစ် ပါတီကလည်း ပစ္စည်းမဲ့တပ်ဦးပီပီ တာဝန်ကျေပြွန်စွာ ခေါင်းငုံ့ အရှုံးမပေးအညံ့မခံ ဒူးမထောက်ဘဲပြန်လည် ခုခံခဲ့လေသည်။ ဖဆပလ အစိုးရက ပြည်တွင်းစစ် ဖန်တီးခြင်းသည် အလုပ်သမား လူတန်းစား၏ ခေါင်းဆောင်မှုကို လက်နက်ဖြင့် ဖယ်ရှားခြင်းဖြစ်၍၊ ကွန်မြူနစ်ပါတီက ပြန်လည် ခုခံခြင်းမှာလည်း အလုပ်သမား လူတန်းစား ခေါင်းဆောင်မှုကိုလက်နက်ကိုင်ခုခံတိုက်ပွဲဖြင့် ထူထောင်နေခြင်း ဖြစ်ပေသည်။

အထက်ပါ သဘောထားသည် အများစု နားလည် ခံယူချက်သာဖြစ်၍ ဦးသိန်းဖေမြင့်၏ သဘောထားနှင့်ကား ဆန့်ကျင်ဘက် ပြောင်းပြန်ဖြစ်နေလေသည်။

ပြည်တွင်းစစ်နှင့် ပတ်သက်သော အမြင်များသည် အထက်၌တင်ပြခဲ့သော သူ၏နိုင်ငံရေး အယူအဆများနှင့် ဆက်စပ်နေလေသည်။

"လွတ်လပ်ရေး စစ်မှန်ပြည့်စုံသည်၊ ဖဆပလအစိုးရက နယ်ချဲ့နှင့်ပူးပေါင်းသည်မဟုတ်၊ နယ်ချဲ့သမားက ပြည်တွင်းစစ်ကို ဖန်တီးလိုသည်၊ ဖဆပလ- ကွန်မြူနစ် အခြေခံတူသူ ကိုယ့်အချင်းချင်း ပူးပေါင်း၍ အဖြေရှာရမည့်အစား၊ အချင်းချင်း တိုက်ခိုက်နေကြသည်။ ဖဆပလက စစ်မဖြစ်ရေးအတွက် အကြိမ်ကြိမ်ကြိုးစားခဲ့သည်။ ကွန်မြူနစ်ပါတီက တားမရဘဲတော်အတင်းတောခိုသွားသည်။ပြည်တွင်းစစ်သည် နယ်ချဲ့အလိုကျဖြစ်သည်။ ပြည်တွင်းစစ်ကြောင့် ဖဆပလ အစိုးရအနေဖြင့် ဆိုရှယ်လစ် လမ်းကြောင်းသို့ ချီတက်ရာ၌ချွတ်ယွင်းချက်- မပြည့်စုံမှု - မအောင်မြင်မှုတွေ ဖြစ်နေရသည်။ဖဆပလအစိုးရသည် အပြုတ်တိုက်ရေးကို ဘယ်အခါမှ မလုပ်ခဲ့၊ ယခုလည်းမလုပ်၊ အပြုတ်တိုက်ရေး- အကုန်ချေမှုန်းပစ်ရေးသဘောထားလုံးဝမရှိ၊ ဗိုလ်ခင်မောင်ကလေး (ပြည်ထဲရေးဝန်ကြီး)ကိုယ်တိုင်ကွန်မြူနစ်များပြန်လာစေရန် အပြင်းအထန် ကြိုးစားခဲ့သေးသည်။ လက်နက်ချ အလင်းဝင်လာလျှင် အမြဲတမ်း တံခါးဖွင့်ထားခဲ့သည်။"

"စစ်ဆိုတာ နိုင်ငံရေးရဲ့အဆက်ဘဲ၊ ပြည်တွင်းစစ်လဲ နိုင်ငံရေးရဲ့ အဆက်ပါဘဲ၊ သို့သော် ၄၇-ခုနှစ် ပြည်တွင်းစစ်ကို ၄၇-ခုနှစ် မတိုင်မီ နိုင်ငံရေးနဲ့ဆက်စပ်ကြည့်မှ မှန်ကန်မယ်။ အခြေခံ ပဋိပက္ခဟာ နယ်ချဲ့နဲ့ ပြည်သူပဋိပက္ခဘဲဖြစ်တယ်။ယခုလဲဒီအခြေခံအတိုင်းဘဲ၊ဗမာပြည် ပြည်တွင်းစစ်ဟာ မဖြစ်သင့်သော စစ်ဖြစ်တယ်၊ ဒီလိုဖြစ်လာတာကိုက အမှားဘဲ၊ ကွန်မြူနစ် ပါတီဟာ ဒါကို တားနိုင်ရမယ်၊ ဒီလို မတားခဲ့တာ ကိုက အမှားဘဲ။"

ဤကား သိန်းဖေမြင့်၏ ပြည်တွင်းစစ် ပြဿနာအပေါ် သဘောထားခံယူပုံများ ဖြစ်လေသည်။ ပြည်သူ့ညီညွတ်ရေး ပါတီနှင့် ပြည်သူ့ရဲဘော်ပါတီတို့၌ ဦးသိန်းဖေမြင့် တင်ပြခဲ့သော အယူအဆများမှ ကောက်နုတ်ချက်များဖြစ်ပေသည်။

အထက်၌တင်ပြခဲ့သည့်အတိုင်း ပြည်တွင်းစစ်နှင့်ပတ်သက်၍ ဦးသိန်းဖေမြင့်၏ အမြင်နှင့်သဘောထားတို့သည် အာဏာရ အစိုးရခေါင်းဆောင် ဦးနု-ဦးဗဆွေ-ဦးကျော်ငြိမ်းတို့၏ အမြင်သဘောထားများနှင့် ဘယ်လိုများ ကွာခြားချက် ရှိပါသေးသနည်း။ ဦးနု- ဦးဗဆွေ -ဦးကျော်ငြိမ်း တို့က အစိုးရအနေဖြင့် ပြတ်ပြတ်သားသား ပွင့်ပွင့် လင်းလင်း ပြော၍၊ ဦးသိန်းဖေမြင့်က စကားလုံးများကို မာ့က်စ်ဝါဒ တန်ဆာဆင်ပြီး အတိုက်အခံစာ က်မှနေ၍ မပွင့်တပွင့်ပြောနေခြင်းသာ ကွာခြားပေသည်။

ဦးသိန်းဖေမြင့်၏ သဘောထား အမြင်များသည် စကားလုံးတိုင်းဝါကျတိုင်းပင် အာဏာရ နေရှင်လူတန်းစားဘက်က ကြည့်မြင်ထုံးသပ်ထားသော အမြင်များသာဖြစ်၍၊ ကွန်မြူနစ်ပါတီကိုသာ ရန်ငြိုးကြီးစွာဖြင့် တရားခံပုံချထားပေသည်။ တကယ့်သမိုင်း အဖြစ်အပျက်အရ ပြည်သူတရပ်လုံးက ဦးသိန်းဖေမြင့် သဘောထား မှားနေကြောင်း ဒိဋ္ဌကိုယ်တွေ့ဖြစ်ခဲ့ပေသည်။

ဦးသိန်းဖေမြင့်သည် နေရှင်လူတန်းစားအား ဘေးမရှိရန်မရှိ တည်ငြိမ်စွာ အုပ်စိုးနိုင်စေရန်လွတ်လပ်ရေး မရမီခေတ်ကကဲ့သို့အားလုံးပူးပေါင်းပြီး "နိုင်ငံ ဘိရှမာ အာနန်နာဂျီ" ဟူသကဲ့သို့၊ "ဖဆပလ-ကွန်မြူနစ် အာနန်နာဂျီ" လုပ်စေလိုပေသည်။ နယ်ချဲ့ဘမားကိုသာ ပေါင်းတိုက်ကြပါစို့-ဟူ၍ အမြဲတမ်း ကြွေးကြော်ကာ အသံကောင်း ဟစ်နေပေသည်။ သို့သော် လွတ်လပ်ရေး လုံးဝစစ်မှန်ပြည့်စုံသည် ဟူသော သူ၏ သုံးသပ်ချက်အရ လက်တွေ့တိုက်စရာ ရန်သူရှာမပြနိုင် ဖြစ်နေရပြန်သည်။ သူ့အလို

အရ-ဗမာ့နိုင်ငံရေး လုပ်ငန်းသည် အလုပ်သမား လူတန်းစား အာဏာရရေး၊ တကယ့်ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး မဟုတ်ဘဲ၊ ဖဆပလ နေရှင်အစိုးရနှင့် လူတန်းစား ပူးပေါင်းရေး၊ နေရှင် လူတန်းစား အစိုးရကို အမွန့်ရှည်စွာတည်တန့်အောင် ပြုပြင်ကျွေးကန် ပေးရေးသာဖြစ်နေပေတော့သည်။

ပြည်တွင်းစစ်သည် နိုင်ငံရေး၏ အဆက်ဟု ဆိုသော်လည်း ထိုနိုင်ငံရေးမှာ ၄၇-ခုနှစ်မတိုင်မီ လွတ်လပ်ရေးမရမီက နိုင်ငံရေးကိုသာ အသေဆုပ်ကိုင်ထားလိုပေသည်။ ၄၇-ခုနှစ် လွတ်လပ်ရေးနှင့် လူတန်းစား အကူးအပြောင်းကို ဇွတ်ဖုံးကွယ်ထားပြီး ဘုံရန်သူ နယ်ချဲ့သမားကိုသာတိုက်ရေး တဖွဖွအော်နေခဲ့ဖေသည်။ နိုင်ငံရေး ကွင်းဆက် တခုကိုဖြုတ်ကာ မျက်လှည့်လိန်ပြနေခြင်းသာဖြစ်လေသည်။

ပြည်တွင်းစစ်ဟာ နယ်ချဲ့သမား အလိုကျဖြစ်တယ်ဟုဆိုပြီး၊ နယ်ချဲ့အလိုကျစစ်ပြုသူ တရားခံကိုကား ပြောင်းပြန် လုပ်ထားပေသည်။ တကယ့်တရားခံကို ဖုံးကွယ်ထားလိုပေသည်။ အရာရာ ကွန်မြူနစ် တရားခံဟုသာ စွဲချက်တင်နေလေသည်၊ ဖဆပလ နှစ်ခြမ်းကွဲပြီးနောက် သန့်ရှင်း ဖြစ်လာခဲ့သော ဖဆပလ တခြမ်းကပင်လျှင် ပြည်တွင်းစစ် တရားခံ ဦးကျော်ငြိမ်းဟုဖေါ်ထုတ်လာသည့် တိုင်အောင်လည်း ဦးသိန်းဖေမြင့်ကား ကွန်မြူနစ်တရားခံ အော်ကောင်းတုန်းပင်ဖြစ်နေသည်။ အသက်ဆုံးသည့် အထိလည်း ပစင်းရင်ကွဲလိုအော်နေဦးမည်သာ ဖြစ်လေသည်။

ဦးသိန်းဖေမြင့်၏ အယူအဆအရ အာဏာရအစိုးရက ဖိနှိပ်ချုပ်ချယ်မှုမှန်သမျှလုပ်ကိုင်သမျှ အရာရာအားတရားမှန်ကန်ပြီး ပြန်လည်ခုခံမှုမှန်သမျှ မတရားဟုယူဆနေဟန်တူပေသည်။ ဦးသိန်းဖေမြင့်သည် နေရှင်လူတန်းစား အကျိုးပေါ်၌သာ ခိုင်မာစွာ ရပ်တည် ကြည့်ရှုတတ်ကြောင်း နေရာတိုင်းလိုပင်တွေ့မြင်ရပေသည်။ ဥပမာ ဘီ၊အို၊စီကို အစိုးရကထက်ဝက်ကျော်ဖက်စပ်လုပ်လာခြင်း ဦးဘငွေးတို့လို မြန်မာ အမျိုးသားတဦး မန်နေဂျာချုပ်ဖြစ်လာခြင်းတို့ကြောင့် အလုပ်သမားများအနေဖြင့် တိုက်ပွဲမဆင်သင့်အခွင့်အရေး အရမ်းမတောင်းသင့် စသည်ဖြင့် ဗိုလ်တထောင် သတင်းစာ၌ ဖေါ်ပြထားသော ဦးသိန်းဖေမြင့်၏ ရေးသားချက်များက သက်သေခံနေပေသည်။

ကွန်မြူနစ်ပါတီကစစ်ကိုရတဲ့နည်းဖြင့် တားရမည်ဟူသောသဘောထားအရလည်း မဟာထွဋ္ဌမဂဒ္ဒီနှင့်ကိုကြီးနုတို့၏ဝါဒအရ ခေါင်းငုံ့လည်စင်း

ပါးထိုးအပ်ပြီး တားရမည်လော။ (သို့မဟုတ်)ဂျာပန်နှင့် စစ်မဖြစ်စေရန် တိုင်းပြည်ကို ထိုးအပ်လိုက်သော ယိုးဒယား အစိုးရနှင့် ဖက်ဆစ် ဂျာမန် လက်သို့ပြင်သစ်ပြည်ကြီးကို ထိုးအပ်လက်နက်ချလိုက်သောမာရှယ်ပေတိန်း အစိုးရတို့ကဲ့သို့ စစ်တားဆီးရမည်လော မပြောတတ်ပေ။

ပြည်သူ့ရဲဘော် ပါတီတွင်း၌ ဦးသိန်းဖေမြင့်ရှိခဲ့စဉ်က လက်နက်ကိုင်တော်လှန်ရေး မှားယွင်းကြောင်းကို အကြိမ်ကြိမ် မဲဆွဲပန်းတိုက်ပွဲဝင်ခဲ့ရာ ပြည်သူ့ရဲဘော်ပါတီက လုံးဝ လက်မခံခဲ့သဖြင့် ပြည်သူ့ရဲဘော် တော်လှန်တာမှန်သည်ဟု ဖြစ်လာခဲ့ပြီး ကွန်မြူနစ် တော်လှန်တာကိုတော့ အမြဲတမ်းမှားပြီး တသက်လုံးလည်း မပြောင်းလဲနိုင်ဟု ရှေ့နောက်မညီ ငြင်းဆန်နေပေသည်။

အမှန်စင်စစ်အားဖြင့် ဦးသိန်းဖေမြင့်သည် ဘယ်သူမှန်၍ ဘယ်သူမှားကြောင်းအမြဲမှန်ကိုသိလျက်နှင့် တမင်လိမ်နေခြင်းသာဖြစ်လေသည်။ သူ၏ ကျော်ငြိမ်းစာအုပ်၌ ဦးကျော်ငြိမ်း ပါးစပ် အငှါးဖြင့် ကွန်မြူနစ်ပါတီအား နည်းမျိုးစုံ တိုက် ခဲ့ သော်လည်း "ကွန်မြူနစ် သစ္စာသားကို မမေ့ဖွါးမိ ဖျက်ချပစ်ခဲ့တာမှန်သည်" ဟူသော ဦးကျော်ငြိမ်း၏ အမှတ်တမဲ့ ပြောစကားအရ စစ်တရားခံကို အလိုလိုဝန်ခံ ဖေါ်ထုတ်ခဲ့ပြီးဖြစ်နေလေသည်။ ဤကဲ့သို့ အဖြစ်မှန်ကို သိလျက်နှင့် တမင်ဖုံးကွယ်နေခြင်းမှာ အကြောင်းထူးတခုတော့ရှိရပေမည်။ထိုထူးခြားသည့်အကြောင်းမှာအခြားမဟုတ်ဘဲ ထိုစဉ်က ဦးသိန်းဖေမြင့်ကိုယ်တိုင် ပြည်တွင်းစစ် ဖန်တီးခဲ့ရာ၌ ကြံရာပါဖြစ်နေခြင်းပင်တည်း။

ကွန်မြူနစ်ပါတီအား တိုက်ခိုက် ဖယ်ရှား ပစ်ရန် ဦးသိန်းဖေမြင့် ကိုယ်တိုင် ဖဆပလအစိုးရအား အစွမ်းကုန် ကူညီခဲ့ရုံမက ကွန်မြူနစ်ပါတီ ဗဟိုကော်မတီများအား တယောက်မကျန်မလွတ်တမ်း ဖမ်းဆီးရမိစေရန် ဦးကျော်ငြိမ်းနှင့် ဦးသိန်းဖေမြင့်တို့ ပူးပေါင်း ကြံ့ပမ်း လုပ်ကြံ ခဲ့ကြ ပုံကို ပြည်သူအများစုမသိသေးသော်လည်း ဒီဇ္ဇသိပုဂ္ဂိုလ်ကြီးအချို့ ရှိနေကြပေသည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက ထိုပြဿနာနှင့် ပတ်သက်၍ ပုဂ္ဂိုလ်ကြီးတဦးအိမ်၌ ဦးသိန်းဖေမြင့် နှင့် တိုင်းပြည်သိ နိုင်ငံရေးခေါင်းဆောင်တဦးတို့ဆုံ၍ကြိတ်ဝိုင်းရှင်းလင်းပွဲလုပ်ခဲ့ကြစဉ်က 'ကွန်မြူနစ်ခေါင်းဆောင်အားလုံးကိုမိအောင် ဖမ်းဖို့တော့မကူညီခဲ့ပါဘူး။ ဂိုရှယ်တယောက်အတွက်တော့ ကူညီခဲ့တာ အမှန်ပါဘဲ'ဟူ၍ ဦးသိန်းဖေမြင့် ကိုယ်တိုင် ဖြောင့်ကွယ် ကွယ်ခဲ့ကြောင်းသိရပေသည်။

ပြည်တွင်းစစ်နှင့်ပတ်သက်၍ ဦးသိန်းဖေမြင့်နှင့် သဘောထားတို့သည် ဖေါက်ပြန် မှားယွင်းလျှက်ရှိနေသောကြောင့် ပြည်တွင်း ငြိမ်းချမ်းရေးပြန်လည်တည်ဆောက်ရေးနှင့် ပတ်သက်သော အမြင်နှင့်သဘောထားတို့မှာလည်း မမှန်ကန်နိုင်တော့ပါပေ။

ဤစာအုပ်ပထမပိုင်း၌တင်ပြခဲ့သည့်အတိုင်းဦးသိန်းဖေမြင့်၏ ငြိမ်းချမ်းရေး သဘောထားသည် အခြေခံအားဖြင့် အပြုတ်တိုက်ရေးသာ တသမတ်တည်းဖြစ်နေခဲ့ပေသည်။

"လွတ်လပ်ရေးရပြီးစခေတ်၌ ဖဆပလအစိုးရတိုးတက်၍လက်နက်ကိုင်တော်လှန်ဘာမှားသည်။ အမှားဝန်ခံပြီး လက်နက်ချရမည်၊ သန့်ရှင်းအစိုးရလက်ထက်၌လည်း ကတိ (၆)ချက်ပေးခဲ့ပြီဖြစ်၍ လက်နက်ချဝင်ရမည်။ဗိုလ်ချုပ်နေဝင်း အိမ်စောင့်အစိုးရ လက်ထက်၌လည်း ဗိုလ်တထောင်သတင်းစာမှနေ၍ "ကွန်မြူနစ်များသည် ယနေ့တိုင် ကိုယ့်အမှားကိုမမြင်ကြသေးလျှင် ဘင်တိုထိုက်နှင့်သင်တိုက ဖြစ်သလို ခံ ကြ ပေ တော့" ဟူ၍ ပါလီမန်အမတ် တဦးအမည်ဖြင့် ဆောင်းပါးရေးခဲ့သည်။ ပထစ အစိုးရလက်ထက်၌လည်း "ယခုအစိုးရလို ဒီမိုကရေစီပြည့်ဝသော အစိုးရမျိုးကို နောင်ဘယ်ခါမှ ရနိုင်လိမ့်မည်မဟုတ်၊ အမြန်ဆုံး လက်နက်ချ မဝင်လျှင် မှားဖို့ဘာပြင်" ဟူသောသဘောထားကိုရေးခဲ့ပြန်သည်။ ယခုတော်လှန်ရေးအစိုးရလက်ထက်၌လည်း အားလုံးသိကြပြီးသည့်အတိုင်းပင် ဖြစ်ပါသည်။ ဤကဲ့သို့အစိုးရအဆက်ဆက် ပြောင်းလဲခဲ့သည့်တိုင်အောင်ဦးသိန်းဖေမြင့်၏ လက်နက်ချရေး အပြုတ်တိုက်ရေး သဘောထားသည်ကား ဘယ်အခါမှ မပြောင်းလဲခဲ့ပေ။

ဦးသိန်းဖေမြင့်၏ အလိုအရ တယောက်မကျန် သုတ်သင်ဖယ်ရှင်းပစ်လိုသောသဘောထားကိုသာ အပြုတ်တိုက်ရေး ဟု ခေါ် ဆို နိုင် သဖြင့် လက်နက်ချဝင်ရောက်ရေးသည် အပြုတ်တိုက်ရေးမဟုတ်၊ ဟူ၍ ဆင်ခြေပေးကောင်း ပေးပေလိမ့်မည်။ ဤပြဿနာနှင့်ပတ်သက်၍ ခံယူချက်သည် လူတန်းစားအခြေခံရပ်တည်မှုနှင့် တိုက်ရိုက်သက်ဆိုင်နေသော ကိစ္စဖြစ်နေပေသည်။

ပြည်တွင်းစစ် အပေါ် အမြင်နှင့်ငြိမ်းချမ်းရေးသဘောထားတို့သည် သက်ဆိုင်ရာလူတန်းစားအခြေခံအလိုက် မိမိ၏ လူတန်းစားအကျိုးဖြင့်သာ တွက်ချက်ခံယူကြပေသည်။ စိုးမိုးဖိနှိပ်သူ ခေနရှင် လူတန်းစား၏ သဘောထားမှာ လွတ်လပ်စွာစိုးမိုးနိုင်ရေး၊ ထာဝစဉ်အစွန့်ရှည်တည်တန့်ခိုင်မြဲရေး၊

လုပ်သားပြည်သူများက ငြိမ်ဝပ်ပိပြားစွာခေါင်းငုံ့ခံနေစေရေးဖြစ်၍ အဖိနှိပ်ခံ ပြည်သူများ၏ သဘောထားမှာလည်း ပြောင်းပြန်အားဖြင့်ပင် လက်ငင်းနယ်ချဲ့ပဒေသရာဇ် သွေးစုတ် ချယ်လှယ်မှုအောက်မှ လုံးဝလွတ်မြောက်ရေးသာဖြစ်ပေသည်။

ချယ်လှယ်သွေးစုတ်သူ နယ်ချဲ့မြေရှင်နှင့် ဓနရှင် လူတန်းစားများကထားရှိသော ငြိမ်းချမ်းရေး သဘောထား သည် အပြုတ်တိုက်ရေး မိမိခြေဖဝါးအောက်မှ မထွက်နိုင်အောင် ချုပ်ကိုင်ထားရေးသာဖြစ်၍ လုပ်သားပြည်သူများ၏ ငြိမ်းချမ်းရေး သဘောထားမှာလည်း ၎င်းတို့၏ တဝလွတ်မြောက်ရေးကို မထိခိုက်စေဘဲ၊ဆက်လက်ချီတက်ရန်အခွင့်အလမ်းသာစေသည့် စစ်မှန်သော ငြိမ်းချမ်းရေးမျိုးကိုသာ လိုချင်ကြပေသည်။

ထို့ကြောင့် အုပ်စိုးသူလူတန်းစားများ၏ငြိမ်ဝပ်ပိပြားရေးသဘောထားကို ရှေ့ပြည်အေးဝါဒဟုခေါ်၍ လုပ်သားပြည်သူများ၏လွတ်မြောက်ရေးအခြေခံပါသော(ဝါ)နယ်ချဲ့ဆန့်ကျင်ရေး၊ ပဒေသရာဇ် ဆန့်ကျင်ရေးတိုက်ပွဲ အထွက် အား ဖြစ် စေ သော ငြိမ်းချမ်းရေးမျိုးကိုသာ စစ်မှန်သည့် ငြိမ်းချမ်းရေးဟု ခေါ်ဆိုရပေသည်။

ဤအခြေခံ ကွဲလွဲချက်ကြောင့်ပင် ဓနရှင်အစိုးရ အဆက်ဆက် တို့သည် ငြိမ်ဝပ်ပိပြားရေးဟူသော ဝေါဟာရကိုသာသုံးစွဲပြီး "ရပ်ရွာအေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးသည် မူလပထမ"ဟူသော ဆောင်ပုဒ်ကိုအာထုတ်ခဲ့၍ ငြိမ်းချမ်းရေး ဝေါဟာရကိုပင် လက်မခံခဲ့ကြခြင်း ဖြစ်ပေသည်။ ပြည်သူတို့၏ ပြင်းထန်သော တိုက်ပွဲများကြောင့် ငြိမ်းချမ်းရေး ဟူသော ဝေါဟာရကို လက်ခံလာရသည့်တိုင်အောင်လည်း အပြုတ်တိုက်ရေးကိုသာ မြောင်အတိအလင်းဖြစ်စေ၊ လျှို့ဝှက်၍ ဖြစ်စေ၊ တသမတ်တည်းဆွဲကိုင်ခဲ့ကြခြင်းဖြစ်ပေသည်။

အုပ်စိုးသူလူတန်းစားအတွင်း၌လည်း နယ်ချဲ့နောက်လိုက်သက်သက်နှင့် အမျိုးသား ဟူ၍ ဓနရှင်နှစ်မျိုးနှစ်စား ကွဲပြားမှုအလိုက် ငြိမ်းချမ်းရေးသဘောထားနှင့် ပတ်သက်၍လည်း ရှေ့ပြည်အေး အခြေခံချင်း တူညီစေကာမူ တင်းမာမှု၊ပျော့ပျောင်းမှု လုပ်နည်းလုပ်ဟန်လက္ခဏာများမှာကား မတူညီကြပေ။

ဤမျှဖြင့် ဦးသိန်းဖေမြင့်၏ ငြိမ်း ချမ်း ရေး သဘော ထား သည် မည်သည့်လူတန်းစားကို ကိုယ်စားပြု၍ မည်သူ့အကျိုးအတွက် အခြေခံထားသည်ကို အလွယ်တကူသိရှိနိုင်လောက်ပြီဖြစ်ပါသည်။

အမှန်တကယ်အားဖြင့် ဦးသိန်းဖေမြင့်သည် ငြိမ်းချမ်းရေး သမားမဟုတ်၊ ငြိမ်းချမ်းရေး အဖျက်သမား (ဝါ) ရှေ့ပြည်အေး ဝါဒသမားသာဖြစ်ပေသည်။

ဦးသိန်းဖေမြင့်က သူ၏ ဗိုလ်တထောင် သတင်းစာမှ နေ၍ အလံနီသခင်စိုးကြီးအား "တောချောက်သူ"ဟူ၍စွပ်စွဲတိုက်ခိုက်ခဲ့၏။ယခုတလောသခင်စိုးအား ဖိ၍ မဲ၍ တိုက်နေခြင်းမှာလည်း ရဲနီ ကျော်ဝင်းတို့ မြို့ပေါ်လာစဉ်က "လက်နက်ချခြင်းဖြင့် ငြိမ်းချမ်းရေးမရနိုင်ကြောင်း"ကို တဖွဖွလှုံ့ဆော်ခဲ့သောကြောင့်ဖြစ်ပေသည်။

အမှန်စင်စစ်အားဖြင့် သခင်စိုးကြီးမှာ တောချောက်သူ မဟုတ်ဘဲ၊ ဦးသိန်းဖေမြင့်သာလျှင် လူမှုန်းခံကာ မြို့ချောက်နေသူ ဖြစ်လေသည်။

(၄)

ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစုံနှင့် သိန်းဖေမြင့်

ဦးသိန်းဖေမြင့်သည် ကွန်မြူနစ်ပါတီမှ အထုတ်ပယ်ခံခဲ့ရပြီးနောက် တသီးပုဂ္ဂလအနေဖြင့် မီးစဉ်ကြည့်ကရင်း ကွန်မြူနစ် အရေခြုံ၍ ကွန်မြူနစ် ဆန့်ကျင်ရေးလုပ်နေခဲ့ရာမှ ၁၉၅၁-ခု၊ ပါလီမန် ရွေးကောက်ပွဲ အတွင်း၌ ပြည်သူ့ငြိမ်းချမ်းရေး အဖွဲ့ပေါင်းစုံကို တည်ထောင်လိုက်ချိန်ဝယ် ဦးသိန်းဖေမြင့်လည်း အတိုက်အခံ နိုင်ငံရေးသမား တဦးအဖြစ် စင်မြင့်ပေါ်သို့ တက်လာပြန်လေသည်။ ပြည်သူ့ငြိမ်းချမ်းရေး အဖွဲ့ပေါင်းစုံ၏ ဥက္ကဋ္ဌမှာ ဦးအောင်သန်း(ဗိုလ်ချုပ်အောင်ဆန်းအစ်ကို)ဖြစ်၍အတွင်းရေးမှူးချုပ်မှာ တောင်ကြီး ဦးထွန်းမြင့်ဖြစ်ပြီး၊ ဦးသိန်းဖေမြင့်မှာ ခေါင်းဆောင်တဦး ဖြစ်လေသည်။

နောက်ဆုံး၌ ဥက္ကဋ္ဌကြီး ဦးအောင်သန်းနှင့် အိုးစား ကွဲခဲ့ရပြန်လေသည်။ ဦးအောင်သန်းကသူ၏ "၁၆-နှစ်ခရီး နိုင်ငံရေးအတွေ့အကြုံများ" စာအုပ်၌ ဦးသိန်းဖေမြင့်နှင့်ပတ်သက်၍အတွေ့အကြုံကိုအောက်ပါအတိုင်း ရေးသားထားလေသည်။

"ပြည်သူ့ညီညွတ်ရေးပါတီအတွက် ဝါဒလမ်းစဉ်များ ရေးဆွဲနေချိန်တွင် ကိုသိန်းဖေ နှင့် ကျွန်တော်တို့ ကွဲသွားပါသည်။ ကိုသိန်းဖေမှာ အလွန်အလုပ်လုပ်သူ ဖြစ်ပါသည် စာလည်းဖတ်ပါသည်။ ပါတီ ကေဒါ တယောက် အနေဖြင့်တာဝန်ကျေပါသည်။ နယ်သို့တာဝန်တခုခုဖြင့် စေလွှတ်လိုက်၍ ပြန်ရောက်လျှင် ရောက်ချင်း လူကိုယ်တိုင် လာ၍ သော်၎င်း၊ တယ်လီဖုံးဖြင့်သော်၎င်း၊ ကျွန်တော်ထံသတင်းပို့ပါသည်။ သို့သော်လည်း ကိုသိန်းဖေတွင်ချွတ်ယွင်းချက်တခုရှိပါသည်။ ထိုချွတ် ယွင်းချက်မှာမိမိလုပ်လိုရာကိုစွတ်လုပ်တတ်ခြင်းပင်ဖြစ်ပါသည်။အများ၏ဆန္ဒနှင့်ဆန့်ကျင်စေကာမူ မိမိ၏ယူဆချက်ကိုမစွန့်လွှတ်ဘဲ အခါအခွင့်ရတိုင်း စာ-နယ်-ဇင်း များမှ တဆင့်ဖြစ်စေ၊အခြားနည်းဖြင့်ဖြစ်စေ ထုတ်ဖေါ်ရေးသား ပြောဆိုလေ့ရှိပါသည်။ မိမိနှင့်သဘောမတူသူများကိုမထီတထိဖြင့် ကလိတတ်သည့်ဝါသနာလည်းရှိပါသည် ထို့ကြောင့်ပင် သူ့အား မည်သူကမျှမယုံပါ၊သဘော

တရားရေးရာတွင် ငြိမ်းချမ်းစွာ ဖြေရှင်းရေးမှုကို တရားသေ စွဲကိုင်ပါသည်၊ ကွန်မြူနစ်ဝါဒကို လက်ခံသည်ဆိုသော်လည်း တော်လှန်ရေး ဟူသမျှကို ဆန့်ကျင်ပါသည်။ ဤနေရာတွင် ကျွန်တော်နှင့် သဘောကွဲပါသည်။ နိုင်ငံရေးလမ်းစဉ်ဟူသည်တရားသေအစွဲကိုင်ထား၍မရဟု ကျွန်တော် ယုံကြည်ပါသည်။ အရင်းရှင်စံနစ်မှ ဆိုရှယ်လစ်စံနစ်သို့ကူးပြောင်း ရာ၌ငြိမ်းချမ်းစွာကူး ပြောင်းနိုင်ရန်ခဲယဉ်းပြီး တော်လှန်ရေးနည်းဖြင့် ကူးပြောင်းခြင်းက များသည်ကို ယနေ့ဆိုရှယ်လစ်ဖြစ်နေကြသည့် နိုင်ငံများ၏ရာဇဝင်က သက်သေခံနေပါသည်။ ယင်းသို့ဆိုခြင်းဖြင့် အရင်းရှင်စံနစ်မှ ဆိုရှယ်လစ် စံနစ်သို့ ငြိမ်းချမ်းစွာ မကူးပြောင်းနိုင်ဟုလည်းတထစ်ချမဆိုလိုပါ အခြေအနေပေးလျှင်ကူးပြောင်းနိုင်ပါသည်။ ငြိမ်းချမ်းစွာ ကူးပြောင်းနိုင်ရေး၊ မကူးပြောင်းနိုင်ရေးမှာ ဆိုရှယ်လစ် ကွန်မြူနစ်များအပေါ်တွင်မတည်ဘဲ မြေရှင်အရင်းရှင် လူတန်းစားများအပေါ်တည်ပါသည်။မြေရှင်အရင်းရှင် လူတန်းစားက ရိုးသားစွာ ငြိမ်းချမ်းစွာ ကူးပြောင်းရေးကို လက်ခံလျှင် (ဝါ) ဒီမိုကရေစီ အခွင့်အရေးများ တင်းပြည့်ကျပ်ပြည့်ပေးလျှင် လူများစုဖြစ်သော အလုပ်သမား လယ်သမားများကို စည်းရုံးထားသော ဆိုရှယ်လစ် ကွန်မြူနစ်များသည် ဆိုရှယ်လစ်စံနစ်သို့ ငြိမ်းချမ်းစွာ ကူးပြောင်းနိုင်လိမ့်မည် ဖြစ်ပါသည်။ သို့သော်လည်း၊မြေရှင်အရင်းရှင်လူတန်းစားက မိမိတို့လူတန်းစားကို မြေမြှုပ်သင်္ဂြိုဟ်မည့် ဆိုရှယ်လစ်စံနစ်ကို ကျေနပ်နှစ်သိမ့်စွာ လက်ခံ လိမ့်မည်ဟု ယုံကြည်လျှင် စိတ်ကူးယဉ်ခြင်းသာဖြစ်ပါသည်။ "အသား မစားရမနေနိုင်သော ကျားသတ္တဝါသည် မိမိ၏အစာဖြစ်သော သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်တို့ကို သနားကြင်နာသောအားဖြင့်မစားဘဲနေသည်ဟု မည်သည့်အခါကမျှ မရှိခဲ့ဘူးချေ။ အလားတူစွာ မြေရှင်အရင်းရှင် လူတန်းစားသည် မိမိ၏ လူတန်းစားအကျိုးကိုစွန့်လွှတ်ပြီးအလုပ်သမားလယ်သမား လူတန်းစားဘဝ လွှတ်မြောက်ရေးလုပ်ငန်းများကို ငြိမ်းချမ်းစွာ လက်ခံခဲ့သည်ဟုမရှိခဲ့ချေ။ အလုပ်သမားလူတန်းစားက အလွန် အင်အား ကောင်းနေပြီး အရင်းရှင် လူတန်းစား အလွန်အင်အားချိနဲ့နေလျှင် ဆိုရှယ်လစ် စံနစ်သို့ငြိမ်းချမ်းစွာကူးပြောင်းရေးကို အောင့်သက်သက်ဖြင့်လက်ခံကောင်း ခံပေလိမ့်မည်။ ထို့ကြောင့်ပင်လျှင် နိုင်ငံရေး လမ်းစဉ်ဟူသည် တရားသေ စွဲကိုင်ထား၍မရဟူ၍ ကျွန်တော် ဆိုခဲ့ခြင်းဖြစ်ပါသည်။ ကိုသိန်းဖေကား ငြိမ်းချမ်းစွာ ကူးပြောင်းရေးလမ်းစဉ်ကို တရားသေ စွဲကိုင်ထားသည့် ရွှေပြည်အေးပုဂ္ဂိုလ်ကြီးဖြစ်သည့်အတိုင်း ကျွန်တော်နှင့် သဘောကွဲကြ ပါတော့သည်။

ထို့ပြင်သူ၏လုပ်လိုရာစွက်လုပ်တတ်သည့်ဥာဉ်အတိုင်းအချင်းများရန်ကိစ္စတခုပေါ်လာပါသည်။ ထိုကိစ္စမှာ ပြည်သူ့ညီညွတ်ရေးပါတီဟု တရားဝင်မပေါ်သေးဘဲ ပါတီနာမည်သုံးကာအတည်မပြုရသေးသောပါတီအလံကိုသုံး၍ ရုံးပုံငွေအကောက်ခိုင်းခြင်းပင်ဖြစ်ပါသည်။ နဂိုကမှ ကိုသိန်းဖေကို မယုံကြည်ကြသော ကျွန်တော့လူများသည် ထိုကိစ္စဖြစ်ပေါ်လာသောအခါ ကျွန်တော့အား ကိုသိန်းဖေနှင့် လမ်းခွဲရန်တိုက်တွန်းကြပါသည်၊ကျွန်တော့မှာ တယောက်နှင့်အများ ဖြစ်နေရာ ဆရာကြီး သခင် ကိုယ်တော်မှိုင်း ၏ အဆုံးအဖြတ်ကိုခံယူရန်သွားပါသည်။ ကျွန်တော်လဲ ကွဲပြဲခြင်းကိုမလိုလားပါ၊ဆရာကြီးလည်း လူကြီးပီပီ ညီညွတ်ရေးကိုသာပေါပြောဆုံးမဩဝါဒပေးလိမ့်မည်ဟုမျှော်လင့်ခဲ့ပါသည်။သို့သော်လည်း၊ဆရာကြီးထံရောက်သွားသောအခါ ဆရာကြီးက "မင်း-သိန်းဖေနှင့်ပေါင်းရင်အဇာတသတ်ဖြစ်လိမ့်မယ်"ဟု ပြောပါသည်ကိုကျွန်တော်သည် အဇာတသတ်ဆိုသည်မှာ အဖေသတ်သောသားဟုသာသိထားသည့်အတိုင်း'ဆရာကြီးဘာကိုဆိုလိုပါသလဲ' ဟုမေးရပါတော့သည်။ဆရာကြီးက "အဇာတသတ်ဟာ နိဗ္ဗာန်သွားရမည့်အကောင်ကွ ဒေဝဒတ်နဲ့ပေါင်းတာနဲ့ အဝီစိသွားရတယ်"ဟု ပြန်ဖြေပါသည်။ ထိုအခါမှ ဆရာကြီး သခင်ကိုယ်တော်မှိုင်းလည်း ကိုသိန်းဖေအား မယုံသူများထဲပါကြောင်းသိရပါသည်။ ကျွန်တော့မှာ သံဃာအား ဘုရားမဆန်သာ ဆိုသည့်အတိုင်း အများဆန္ဒ လိုက်လျောပြီး ဝမ်းနည်း စွာဖြင့် ကိုသိန်းဖေနှင့် ခွဲခွာရပါတော့သည်။ ကိုသိန်းဖေနှင့် ကွဲသွားသော အခါ ကိုသိန်းဖေ၊ ကိုထွန်းမြင့်တို့က ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစုကို ဖျက်သိမ်း လိုက် ပြီဟု ကျေညာချက် ထုတ်ပါသည်။ ကျွန်တော် တို့ကလည်း သတင်းစာကွန်ဖရင့်လုပ်ပြီး "ပြည်သူ့ငြိမ်းရေးအဖွဲ့ပေါင်းစု ရှိသေးကြောင်း ကိုသိန်းဖေ၊ ကိုထွန်းမြင့်တို့ကိုသာ အဖွဲ့ပေါင်းစုမှ ထုတ်လိုက် ခြင်းဖြစ်ကြောင်းပြန်လှန်ကျေညာပါသည်။ ထို့နောက် ကိုသိန်းဖေတို့သည် မိမိတို့ချည့်ပြည်သူ့ညီညွတ်ရေးပါတီကိုတည်ထောင်ပါသည်" ဟူ၍ဖြစ်ပေသည်။

ဤအဖွဲ့၌လည်း ဦးသိန်းဖေမြင့်သည် ညီညွတ်ရေးဖြင့်စတင်ကာအကွဲဖြင့်အဆုံးသတ်ခဲ့ရပြီး ရွှေပြည်အေးဝါဒဖြင့်မွှေနှောက်ခဲ့သည်ကို တွေ့နိုင်ပေသည်။မြို့ကျီးကန်းပီပီ အလျှင်ဦးအောင် ထွက်ကာန့် ကန်ခဲ့သည်ကိုလည်း တွေ့မြင်နိုင်ပေသည်။

ပြည်သူ့ညီညွတ်ရေးပါတီနှင့် သိန်းဖေမြင့်

၁၉၅၂-ခု မတ်လ၊ ၂၇-ရက်နေ့၌ ဦးသိန်းဖေမြင့်သည် ပြည်သူ့ညီညွတ်ရေး ပါတီ(ဗမာပြည်)ကို တည်ထောင်ခဲ့လေသည်။ ဗိုလ်လရောင်

ဗိုလ်တွန်းစိန်(ဗြိတ်)တို့မှာ ဥက္ကဋ္ဌများဖြစ်ကြ၍ ဦးသိန်းဖေမြင့်မှာ အတွင်းရေးမှူးဖြစ်လေသည်။

"ပြည်သူ့ညီညွတ်ရေးပါတီ(ဗမာပြည်)သည် ပြည်တွင်းစစ် လမ်းစဉ်ကို ဆန့်ကျင်ခဲ့ကြသော ကွန်မြူနစ်နှင့် ပြည်သူ့ရဲဘော် ခေါင်းဆောင်အချို့၊ ပြည်တွင်းစစ်လမ်းစဉ်ကို လိုက်ခဲ့ကြပြီးနောက်ထိုလမ်းစဉ်ကို စွန့်ခွာ၍ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားညီညွတ်ရေးကိုဥပဒေနယ်တွင်းမှာ ဆက်လက်ဆောင်ရွက်လိုကြသောပြည်သူ့ရဲဘော်အချို့နှင့်အခြားတိုးတက်သည့် အယူအဆရှိသူ မျိုးချစ် အင်အားစုများ စုပေါင်း၍ တည်ထောင်ထားသောပါတီဖြစ်သည်"။ (ပြည်သူ့ညီညွတ်ရေးပါတီ ဗဟိုကော်မီတီသို့ ဦးသိန်းဖေမြင့် တင်သွင်းသော ပြည်သူ့ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး သဘောထားအစီရင်ခံစာ နိဒါန်းမှ)။

အထက်ပါ ဦးသိန်းဖေမြင့် ကိုယ်တိုင်ရေး နိဒါန်း ပထမ အပိုဒ်ကို ကြည့်ခြင်းအားဖြင့် ပြည်သူ့ ညီညွတ်ရေးပါတီကိုစုစည်းတည်ထောင်ရာ၌ ဦးသိန်းဖေမြင့်၏ ရည်ရွယ်ချက်မူရင်းသည် ဓါတ်သိများအဖို့ ပေါ်လွင်ထင်ရှားပြီးဖြစ်နေလေသည်။ ကွန်မြူနစ်ပါတီအား ဆန့်ကျင်ရေးအတွက် ကြောင်လက်သဲကဲ့သို့မဝှက်မူ၍ကျွဲချိုကဲ့သို့ ဖြောင်အတည့်အလင်းပင် ကားကားကြီးဝင့်ထောင်ဖော်ပြထားလေသည်။

"ပြည်သူ့ညီညွတ်ရေးပါတီသည် တည်ထောင်ပြီးသည်ကစ၍ယနေ့တိုင် အခြားလက်ဝဲပါတီများနှင့်သဘောတရားရေးတွင် မတူညီသော ခံယူချက် အများအပြားရှိနေလေရာ အခြား လက်ဝဲပါတီများက ပြည်သူ့ညီညွတ်ရေးပါတီအား ဝေဖန်ကြ၏။ တိုက်ခိုက်ကြ၏။ ပြည်သူ့ညီညွတ်ရေးပါတီကလည်း ပြန်လည်ဝေဖန်ရ၏၊ ခုခံရပေ၏"။

အထက်ပါနိဒါန်း တတိယအပိုဒ်အရလည်း ဦးသိန်းဖေမြင့် ဦးစီးနေသော ပြည်သူ့ညီညွတ်ရေးပါတီကိုတောဆင်အုပ်ကဲ့သို့အိမ်ဆင်တကောင် ရောက်သွားသည့် အလား ဝိုင်းအုံထိုးနှက်ခြင်း ခံနေရပုံများကိုလည်း တွေ့ရ၏။တတိယစာပိုဒ်အရ ပထမစာပိုဒ်၏အကျိုးဆက် အမွေးဆိုးကော်ကိုခံနေရသည်မှာလည်း ပေါ်လွင်နေ၏။

ပြည်သူ့ညီညွတ်ရေးပါတီ၏ ပမညတညီလာခံအားဝေဖန်ဆုံးဖြတ်ချက်စာတမ်းအရ၊ ပြည်သူ့ညီညွတ်ရေးပါတီနှင့် လက်ဝဲပါတီများ ပဋိပက္ခဖြစ်နေရသော ပြဿနာများအနက်၊ အရေးကြီးသော ပြဿနာ နှစ်ရပ်ကို တွေ့ရ၏။ ပထမ ပြဿနာမှာ-ပြည်သူ့ညီညွတ်ရေးပါတီက လက်ငင်းလူထု

၏ နေ့စဉ် ပြဿနာများကို လုပ်ကိုင်ရေး၊ ဖဆပလ အစိုးရ၏ ပြုပြင်ရေး လုပ်ငန်းများကို အသုံးချရေး (ပူးပေါင်းဝင်လုပ်ရေးကိုဆိုလိုသည်) တို့ကို တင်ပြ၏။ အခြားပါတီများက "ကျဉ်းမြောင်းသော ဂိုဏ်းဂဏဝါဒ လွှမ်းကာသက်ဝင်ကြွေးကြော်သံများ ပဲ တင်ထပ်နေသော ဖိနှိပ်မှု ရှုတ်ချကန့်ကွက်ပွဲများကိုသာ တဖက်သတ်လုပ်ရင်း လူထုနှင့်ကင်းကွာလိုကြ၏" ဟုဖော်ပြထား၏၊ ဒုတိယ ပြဿနာမှာ-ပြည်တွင်းစစ် ရပ်စဲရေးပြဿနာဖြစ်၏။

"ပြည်တွင်းစစ် ရပ်စဲရေးဆောင်ပုဒ်နှင့်ပတ်သက်၍လည်း ထိုဆောင်ပုဒ်ကို လူအများ ဆုံးလက်ခံ လာရေးအတွက် အလေးပေး၍ မစဉ်းစားကြပေ။ ပြည်တွင်းစစ်ကို ဖဆပလက စတင်၍ လုပ်ခဲ့ပါသည် ဟူသော စွပ်စွဲချက်နှင့် ပြည်တွင်းစစ်တရားခံဖော်ထုတ်ရေးကိုသာလျှင် သဲသဲမဲမဲ အလေးပေးကြသည်။ပမညတနှင့်မိမိတို့ပါတီ ကွဲပြားခြားနားမှုကို မေ့ကာမိမိတို့၏ အယူအဆကို မမညတ တခုလုံးက ထောက်ခံအောင်နည်း အမျိုးမျိုးဖြင့် ကြိုးစားခြင်းဖြင့်သာ ပမညတ၏ ညီညွတ်ရေးကို ဖြိုဖျက်ရန် အားထုတ်ခဲ့ကြသည်။" (၁၊၁၀၊၅၆-နေ့စွဲပါ၊ ပြည်သူ့ညီညွတ်ရေးပါတီ၏ ပမညတ ညီလာခံအား ဝေဖန် သုံးသပ်ချက်စာတမ်း၊စာမျက်နှာ-၁၂-မှ)။

အထက်ပါပမညတ ဝေဖန်ရေး စာတမ်းအရဤစာအုပ် ပထမ ပိုင်း၌ တင်ပြခဲ့သည့် ပမညတ အတွင်း၌ ဦးသိန်းဖေမြင့်သည် သူ၏ လက်နက်ချ ဝင်ရောက်ရေး လမ်းစဉ်ရှုံး၍ တွေ့ဆုံဆွေးနွေးရေး လမ်းစဉ်က အောင်မြင်သွားခဲ့သဖြင့် ထိုလမ်းစဉ်ကို မချစ်သော်လည်း အောင့်ကာ နမ်းခဲ့ရပုံတို့ကိုရင်း၊ ဖဆပလနှင့် ပူးပေါင်းလုပ်ကိုင်ရေးပါဆုံးရှုံးခဲ့ပြန်သောကြောင့် ပမညတအတွင်းရှိ အခြားပါတီများအပေါ် မကျေနိုင် မချမ်းနိုင်ဘဲ နိုင်ငံရေးအရ အမျိုးမျိုးကျိန်ဆဲနေပုံတို့ကိုရင်း တွေ့ရှိနိုင်ပေသည်။

သို့သော် ပါတီခေါင်းဆောင်စုနှင့်ကေဒါအများ စုသည်ကား၊ ဒုတ်ဆွဲရာနောက်သို့ လိုက်ပါနေရသော မျက်မမြင် ဒုက္ခိတများကဲ့သို့ ဦးသိန်းဖေမြင့် ခေါ်ဆောင်ရာနောက်သို့ မျက်စေ့မှိတ် လိုက်ပါ ခဲ့ကြသည်ကား မဟုတ်ပါပေ။

ပြည်သူ့ရဲဘော်ပါတီနှင့် သိန်းဖေမြင့်

၁၉၅၈-ခုနှစ်၌ ပြည်သူ့ရဲဘော်များ လက်နက်ချ ဝင်ရောက်လာသောအခါ စိတ်ရောကိုယ်ပါ အတက်ကြွဆုံး ကြိုဆိုခဲ့သူမှာ ဦးသိန်းဖေမြင့်ပင်ဖြစ်လေသည်။

ပြည်သူ့ရဲဘော်ပါတီ မြေပေါ်ရောက်လျှင်ရောက်ချင်းပင် ဦးသိန်းဖေမြင့်နှင့် တကွ ပြည်သူ့ညီညွတ်ရေးပါတီသည် ပါတီလိုက် ပုံအပ်ကာ ပြည်သူ့ရဲဘော် ပါတီတွင်းသို့ ခြေစုံပစ် ဝင်ရောက်ခဲ့ကြလေသည်။

ဦးသိန်းဖေမြင့်က "ပြည်သူ့ရဲဘော်ပါတီသည် အချက် နှစ်ချက်ဖြင့် လက်နက်ချဝင်ရောက်လာ ခဲ့ခြင်းအားဖြင့် မိမိ၏ လမ်းစဉ်နောက်သို့ လိုက်လာကြပြီ-ဟု တွက်ကိန်း ချထားဟန် တူလေသည်။ ပြည်သူ့ရဲဘော်ပါတီတွင်း၌ ထိပ်တန်း ခေါင်းဆောင်နေရာသို့ အလွယ်အကူ ရောက်ရှိ လိမ့်မည် မည်ဟူ၍လည်း မြော်လင့်ထားဟန် တူလေသည်။ ဦးသိန်းဖေမြင့်အဖို့ မှန်းချက်နှင့် နှမ်းထွက်သည် မကိုက်ညီခဲ့ပါပေ။ ပြည်သူ့ ရဲဘော်ပါတီသို့ ဝင်ရောက်ခဲ့သည့်အချိန်မှစ၍ အာပေါက် ဘနမ်း တင်ပြ ခဲ့ရသောမိမိ၏ အယူအဆများ၊လမ်းစဉ်များမှာ ဆဲထဲရေသွန်ဖြစ်နေရရုံ မကပါတီနှင့်တရားဝင်ကြာလေ ကွဲလေဖြစ်လာခဲ့ရပေသည်။

နှစ်လရှည်ကြာလာသောအခါ ဦးသိန်းဖေမြင့်၏ဇာတိရုပ်လုံးသည် မထိန်းသိမ်းနိုင်အောင် ပေါ်လွင်လာခဲ့ပေသည်၊ ပါတီမှလက်မခံဘဲပယ်ချခြင်းခံရသော မိမိ၏ အယူအဆများကို ကိုယ်ပိုင် ဗိုလ်တထောင်သတင်းစာမှ နေ၍ ရေးသား ဖြန့်ချိခြင်းပြုလာခဲ့ပေသည်။ ပါတီက အကြိမ်ကြိမ်သတိပေးလာသောအခါ ဆင်ခြေ အမျိုးမျိုးပေး၍ခုခံလာခဲ့သည်၊ နောက်ဆုံး၌ ပြည်သူ့ရဲဘော်ပါတီသို့ ဝင်ရောက်ပြီး နောက်ပိုင်းပြဿနာများနှင့် ပတ်သက်၍ ဒီမိုကရေစီဗဟိုကြိုးကိုင်စံနစ်ကို အတင်းအကျလိုက်နာပါမည်၊ရှေ့ပိုင်းပြဿနာများနှင့် ပတ်သက်၍ကား (အထူးသဖြင့်၊ ကွန်မြူနစ် ပါတီနှင့် သိန်းဖေမြင့်တို့၏ အတိတ်ပြဿနာများ) သီခြား ကင်းလွတ်ခွင့် ပေးရန် တောင်းဆိုလာလေသည်။

ပြည်သူ့ ရဲဘော်ပါတီသည် ယနေ့အထိ အချို့သော အားနည်းချက်ယွင်းချက်များရှိနေသေးသည် မှန်သော်လည်း ဆယ်နှစ်ကျော်လက်နက်ကိုင်တိုက်ပွဲကြား၌ တည်ဆောက်ခဲ့သော ပါတီဖြစ်၍ ဦးသိန်းဖေမြင့်သည် ကျောက်ခဲ ကျားမဝါးနိုင် ဆိုသလို ဖြစ်လာရပေသည်။ ဦးသိန်းဖေမြင့်၏ မြော်လင့်ချက်တောင်ကြီးသည် အက်၍အက်၍ပြိုကွဲသွားခဲ့ရလေပြီ။

ပြည်သူ့ရဲဘော်ပါတီက ဒီမိုကရေစီ ဗဟိုကြိုးကိုင် စံနစ်ကို မလိုက်နာသောဦးသိန်းဖေမြင့်အားပါတီမှ ထုတ်ပယ်ရန်ဆုံးဖြတ်ရပေတော့သည်။

ပြည်သူ့ရဲဘော်ပါတီနှင့်ဦးသိန်းဖေမြင့်တို့၏ပြဿနာသည်အောက်ပါ ပါတီပြန်တမ်းဖြင့် စာရင်းရှင်းခဲ့ပြီးဖြစ်ပေသည်။

"သိန်းဖေနှင့် သန်းထွန်းတို့အတိတ်ပြဿနာဟာ သီးခြား ရှင်းယူရမည့်ပြဿနာလည်းဖြစ်၊ ရေရှည်ရှင်းရမည့်ပြဿနာလဲဖြစ်ပါတယ်။ ဒီပြဿနာနဲ့ ပတ်သက်လို့ ကျွန်တော်ဘယ်အခါမှအလျှော့မပေးနိုင်ပါဘူး။ ဒီလိုအရှုံးမပေးချင်တဲ့အတွက် ပါတီကြီးတရပ်ဖြစ်တဲ့ ကွန်မြူနစ်ပါတီကိုပင်စွန့်ခွါခဲ့ပါသေးတယ်"။

ကန်တတ်သောမြင်းသည် ခွါမမေ့သကဲ့သို့ ဦးသိန်းဖေမြင့်ကနောက်ဆုံးတင်ပြသွားပေသေးသည်။

ပါတီပြန်တမ်း အမှတ်(၁၄/၆၂)။

ပြည်သူ့ရဲဘော်ပါတီနှင့် ပြည်သူ့ညီညွတ်ရေး ပါတီ ပူးပေါင်းစဉ်က ဤသို့သဘောတူညီခဲ့ကြပေသည်။ "ပြည်သူ့ညီညွတ်ရေး ပါတီအနေဖြင့် ပြည်သူ့ရဲဘော်ပါတီ၏ (၅၈) ခုနှစ် ဥပဒေတွင်းဝင်ရေးလမ်းစဉ်နှင့် ဆုံးဖြတ်ချက်များကို သဘောတူလက်ခံသည်။ သို့သော်(၅၈)ခုနှစ်မတိုင်မီက ပြဿနာများတွင် သဘောကွဲလွဲမှုများရှိသည်။ ထိုသဘောကွဲလွဲမှုများကို ပါတီတွင်း တိုက်ပွဲဆင်နွှဲသွားမည်"ဟု ဖြစ်သည်။

သို့သော် ဦးသိန်းဖေမြင့်သည် ဤသဘောတူညီချက်ကို ချိုးဖေါက်၍ ပါတီနှင့် ကွဲလွဲချက်များကို သတင်းစာမှနေပြီး အကြိမ်ကြိမ် ရေးသားခဲ့ရာ ပါတီဗဟိုကော်မတီကအကြိမ်ကြိမ်သတိပေးခဲ့ရသည်။

ဦးသိန်းဖေမြင့်၏ သဘောကွဲလွဲချက်မှာ လူတန်းစား အသီးသီးပေါ်ထားရှိသောသဘောထားကွဲလွဲမှုဖြစ်ရာ သေနင်္ဂဗျူဟာကွဲလွဲမှု ဖြစ်နေသည်(ဥပမာ–ပါတီမှ "တည်မြဲဖဆပလ"ကိုတိုက်ရမည့် ရန်သူဟု သဘောထားပြီး ဦးသိန်းဖေမြင့်ကပေါင်းတိုက်ရမည့်နေရှင်အလွှာဟု သဘောထားသည်။ ပါတီမှ "၄၈–ခုလက်နက်ကိုင်တိုက်ပွဲ"ကိုမှန်သည်ဟုသဘောထား၍ ဦးသိန်းဖေမြင့်က ပြည်သူ့ရဲဘော်မှန်သော်လည်းဗမာပြည်ကွန်မြူနစ်ပါတီမှားသည်ဟု သဘောထားသည်။ ထို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ လက်စဲသွေဖီရေးသမားကို လူထုထဲမှာ ဖွင့်ချတိုက်ခိုက်ရမည်ဟု ဦးသိန်းဖေမြင့်ကယူဆ၍လက်တွေ့လည်းဖွင့်ချတိုက်ခိုက်ခဲ့သည်)။ ဤသေနင်္ဂဗျူဟာကွဲလွဲမှုမှာ အတိတ်ကကွဲလွဲမှုဟု ဆိုသော်လည်း လက်ငင်းပြဿနာပင်ဖြစ်နေသည်။

ထို့ကြောင့် ပါတီမှ မူလ သဘော တူညီချက် အ တိုင်း ကွဲလွဲချက်များကို ပါတီတွင်း တိုက်ပွဲဆင်နွှဲရန်သာ အကြိမ်ကြိမ်ပြောခဲ့သည်။ ပါတီ

တွင်း တိုက်ပွဲကိုလည်း ဖွင့်ပေးခဲ့သည်။ သို့သော် ဦးသိန်းဖေမြင့်က မလိုက်နာခဲ့ပေ။

နောက်ဆုံး တတိယအကြိမ်မြောက် ဗဟို ကော်မတီ စုံညီ အစည်းအဝေးမှ ဦးသိန်းဖေမြင့်အား ပါတီ၏ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုကိုအပြည့်အဝလိုက်နာကျင့်သုံးရန် တောင်းဆိုခဲ့သည်။ ပါတီမှ တောင်းဆိုသည့်အတိုင်း ဦးသိန်းဖေမြင့်ကလိုက်နာကျင့်သုံးနိုင်ပါလျှင် ပါတီမှ ဦးသိန်းဖေမြင့်အား "နောက်ဆုံး သတိပေးခြင်း" အနေဖြင့်သာ အရေးယူရန်ဆုံးဖြတ်ခဲ့သည်။ အကယ်၍ မလိုက်နာနိုင်ပါက ပါတီမှထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့သည်။

အများစု၏ ဆုံးဖြတ်ချက်ကို အနည်းစုက လိုက်နာရမည် ဟူသောအချက်ကိုမှ မလိုက်နာနိုင်ပါလျှင် အလုပ်သမား လူတန်းစားပါတီ၌မဆိုထားဘိ ဂနရှင်ပါတီများမှာပင် ဝင်ရောက်လုပ်ကိုင်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့်ပင် ဗဟိုကော်မတီစုံညီ အစည်းအဝေးမှ အထက်ပါအတိုင်း ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ပေသည်။

ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ကို ဦးသိန်းဖေမြင့်အား ရှင်းလင်းတင်ပြသောအခါ ဦးသိန်းဖေမြင့်က ပါတီ၏ တောင်းဆိုချက်ကို မလိုက်လျှောနိုင်သဖြင့် ပါတီမှနုတ်ထွက်ခွင့်ပြုရန်ပြန်လည်တင်ပြခဲ့သည်။ နောက်ဆုံးဗဟိုကြီးကြပ်ရေးကော်မရှင်သို့ ဦးသိန်းဖေမြင့်က နုတ်ထွက်စာတင်ခဲ့သည်။ ၎င်း၏နုတ်ထွက်စာကို လက်ခံ၍ဦးသိန်းဖေမြင့်အားပါတီမှ နုတ်ထွက်ခွင့်ပြုကြောင်း(၈-၇-၆၂)နေ့စွဲပါ ဗဟိုကြီးကြပ်ရေးကော်မရှင်၏ပေးစာအရ သိရှိရသည်။

ထို့ကြောင့် ဗဟိုကော်မတီ ဦးသိန်းဖေမြင့်အား(၈-၇-၆၂)နေ့မှစ၍ပါတီမှ နုတ်ထွက်ခွင့်ပြုလိုက်ပြီဖြစ်ပါကြောင်း။

(ပုံ) ဆန်းမောင်
အထွေထွေ အတွင်းရေးမှူး
ပြည်သူ့ရဲဘော်ပါတီ။

တော်လှန်ရေးကောင်စီနှင့် သိန်းဖေမြင့်

အထက်၌ တင်ပြခဲ့သည့် အတိုင်းပြည်သူ့ရဲဘော်ပါတီနှင့် ဦးသိန်းဖေမြင့်တို့လမ်းခွဲခဲ့ရာ၌တော်လှန်ရေးကောင်စီနှင့်၎င်း မဆလပါတီပြဿနာနှင့်၎င်း၊လုံးဝပင် မသက်ဆိုင် မပတ်သက်ခဲ့ပါပေ။

ပြည်သူ့ရဲဘော်ပါတီအလံအောက်မှ ဦးသိန်းဖေမြင့်နောက်ဆုံးထွက်ခွါသွားသည့်အချိန်အထိ တော်လှန်ရေးကောင်စီအပေါ် ဦးသိန်းဖေမြင့်၏ သဘောထားသည် ပါတီနှင့် ယေဘုယျအားဖြင့်တူညီခဲ့ကြောင်း သိရှိရပေသည်။ တပ်မတော်မှ အာဏာသိမ်းစကာလ၌ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်ပါလီမန်ကိုဖျက်သိမ်းလိုက်ခြင်းအတွက် ဝမ်းနည်းရုံနည်းမနေဘဲ ကန့်ကွက်ရန်အထိ သူ၏သဘောထားကို တင်ပြခဲ့သည်ဟု ဆိုသည်။ မဆလပါတီသို့ ဝင်ရေးမဝင်ရေး၊ ပါတီဖျက်ရေးမဖျက်ရေးပြဿနာများနှင့် ပတ်သက်၍လည်း ဦးသိန်းဖေမြင့်သည် ပါတီမဖျက်ရေး၊တပ်ပေါင်းစုတည်ဆောက်ရေးသမားဖြစ်ကြောင်းသိခဲ့ရပေသည်။

ဦးသိန်းဖေမြင့်သည် တော်လှန်ရေးကောင်စီအပေါ် မာ့က်စ်ဝါဒအမြင်ဖြင့်ကြည့်လေသလော၊ ဖဆပလ၊ ပထစ ကြည့်နည်းဖြင့် ကြည့်လေသလောမပြောတတ်။ အဖြစ်မှန်ကတော့ ဤအတိုင်းပင်ဖြစ်ခဲ့သည်။

ပထစအစိုးရအား ဝေဖန်သုံးသပ်ရေးအခန်း၌ ဦးသိန်းဖေမြင့်တင်ပြချက်များအနက် "ဒီအက်စ်အိုင်ခေါ် စစ်တပ် စီးပွါးရေးလုပ်ငန်းသည် ကွန်ပရာဒိုအလားအလာရှိကြောင်း။ ပထစသည် ၎င်းကိုဆန့်ကျင်ကြောင်း။ ဒီအက်စ်အိုင်က တရုပ်ချေးငွေထဲမှကုဋေ ၂၀-ကိုတောင်းရာ ပထစအစိုးရကမလိုက်လျောခဲ့ကြောင်း" စသည်ဖြင့် ပထစအစိုးရအား ဟိမဝန္တာ ချီးမွမ်းစာပေမာ ချီးကျူး ထောက်ခံခဲ့စဉ်က အနာဂတ်အလားအလာ သဘောထားကိုပါ တင်ပြခဲ့လေသည်။

ထို့ပြင် ၁၉၆၁-ခုဒီဇင်တာလ ပြည်သူ့ရဲဘော်ပါတီ၏ တတိယ ကွန်ဂရက်ကျင်းပစဉ်ကလည်း ဦးသိန်းဖေမြင့်သည် ပါတီအား ပထစနှင့်ပူးပေါင်းရေး လမ်းစဉ်များကို တင်ပြရင်း အလားတူပင် ရှင်းလင်းခဲ့သည်။ ကွန်ဖရင့်ကိုယ်စားလှယ် ရဲဘော်တဦးက "ပါတီ ဗဟို ကော်မီတီသည် အခြေအနေစုံကို မငုံမိဘဲ ပထစအစိုးရနှင့် ပူးပေါင်းရေးကိုသာ ခေါင်းငုံ့ကြိုးပမ်းနေကြောင်း။ ဤကွန်ဂရက်ပြီးလျှင် ရဲဘော်တို့ ပူးပေါင်းလိုသည့် ပထစအစိုးရသည် ရှိမှရှိပါအုံးတော့မည်လား။ ဆိုသည်ကိုလည်း သတိပြုလေ့လာကြစေလိုကြောင်း။" တင်ပြသောအခါ ဦးသိန်းဖေမြင့်က "ဗမာပြည်မှာ နောက်ထပ် စစ်အာဏာတရပ် ပြန်လာနိုင်ရန် အခြေအနေမရှိတော့ကြောင်း။ ရှိခဲ့သမျှဟာလဲ လူထုကဆုံးမလိုက်တာရယ်၊ ကိုယ်တွေ့အမှားတွေကို သင်ခန်းစာရခဲ့တာရယ် တို့ကြောင့် လိမ္မာသွားပါပြီ။ အကယ်၍ ရဲဘော်တို့ တင်ပြသလိုသာ နောက်တကြိမ်လာခဲ့ရင် သိန်းဖေ အမြဲတမ်းတင်ပြလာခဲ့တဲ့ လက်နက်ကိုင်တော်လှန်ရေးမှားတယ်ဆိုတဲ့အယူအဆကိုရော၊

ပါလီမန်နည်းဖြင့် အေးချမ်းစွာသွားနိုင်တယ်ဆိုတဲ့ အယူအဆကိုပါစွန့်လွှတ်ပါမယ်" ဟူ၍ ရဲရဲကြီးအာမခံကတိပေးခဲ့လေသည်။

ထို့ကြောင့် ဦးသိန်းဖေမြင့်၏ အထက်ပါ သဘောထားများသည်လည်း ဟုတ်ပေလိမ့်မည် ဟူ၍သာ ထင်မှတ် ယုံကြည်မိခဲ့ပေသည်။

သို့သော်၊ ဦးသိန်းဖေမြင့်အား ပါတီမှ ထုတ်ပယ်ရန် ဆုံးဖြတ်ပြီးစအချိန်၌ပင် ဗိုလ်တထောင်သတင်းစာ၌ မာ့က်စ်ဝါဒ မျက်နှာဖုံးကို နောက်ဆုံးချွတ်ကာ တော်လှန်ရေးကောင်စီအား အကြွင်းမဲ့ထောက်ခံသည့်ဆောင်းပါးများကို တွေ့ရသဖြင့် ပါတီမှ လုချော့လွှာတောင်းခဲ့ရလေသည်။

ပါတီမှ ထွက်သွားပြီးနောက်ပိုင်း၌ကား ဦးသိန်းဖေမြင့်၏ တော်လှန်ရေးကောင်စီအပေါ် သဘောထားသည် အများသိကြပြီး ဖြစ်သည့်အတိုင်းပင် သူ့ထက်ကဲရှိနိုင်တော့မည်မထင်ပါ။ သူ၏ပါလီမန်ဒီမိုကရေစီလမ်းစဉ်ကို ခေတ္တသိုဝှက်ခေါက်သိမ်းထားလေသလော (သို့မဟုတ်) အမှိုက်ပုံးထဲသို့ ယတိပြတ်စွန့်ပစ်လိုက် လေ သ လား၊ မ သိ၊ ယခုအခြေအနေ၌ကား တော်လှန်ရေး ကောင်စီအား ခြေ, လက်, နဖူး, တဘောင်, ဒူးဟူသော ပဉ္စင်္ဂါးပါးလုံးကို ကြမ်းပေါ်စုပုံထိစပ်ကာ အပင့်ဆုံးအထောက်ခံဆုံးသူတဦးဖြစ်နေခဲ့ပေသည်။

နာမည်ကျော်စာရေးဆရာနှင့် သတင်းစာဆရာကြီးတဦးနှင့် တွေ့ဆုံစကားစပ်မိရင်းဦးသိန်းဖေမြင့်နှင့်ပတ်သက်၍မှတ်ချက်တခုကိုကြားနာလိုက်ရပေသည်။

ထိုမှတ်ချက်ကား "သိန်းဖေကို အကဲဖြတ်ရလွယ်ပါတယ်ဗျာ၊ ဘယ်အစိုးရတက်တက် ကွန်မြူနစ်ဆန့်ကျင်သူမှန်သမျှ သူ့မိတ်ဆွေချည့်ဘဲ၊ဗမာတပြည်လုံး ကွန်မြူနစ်ဖြစ်သွားတဲ့တနေ့မှာ နောက်ဆုံးကျန်နေခဲ့မှာကတော့ သိန်းဖေနဲ့ အမေရိကန်ဘဲ" ဟူ၍ပင်ဖြစ်ပါသည်။

ဆရာဇဝန၏ ရေးနည်းမျိုးဖြင့် ရေးရလျှင် ထိုဆရာကြီး၏မှတ်ချက်ကို အတော်ကြီး ကျွန်သွားမိခဲ့ပေသည်။

အပြုံးထဲက အမုန်းဆရာကြီး သိန်းဖေမြင့်။

ဦးသိန်းဖေမြင့်သည် တိုက်ပွဲတိုင်းလည်း ရှုံးခဲ့၏။ ရှုံးတိုင်းလည်း ပြုံးခဲ့၏၊ အရှုံးထဲက အပြုံးသမားကြီး ဟူ၍ နာမည်ကြီးခဲ့၏။ သို့သော်၊ အပြုံး၏နောက်ကွယ်၌ ရှိနေသော အမုန်းကိုကား လူတိုင်းမမြင်ခဲ့ကြပေ။ ဦးသိန်းဖေမြင့်၏ အပြုံးသည် အမုန်တကယ်အားဖြင့် ခွင့်လွှတ်သောအပြုံး

(၀၁)ခံနိုင်ရည်ရှိသော အပြုံးမဟုတ်ဘဲ။ မချိသွားဖြဲ အပြုံးသာဖြစ်ခဲ့ပေသည်။ ကွန်မြူနစ်ပါတီအပေါ် ကြီးမားစွာသော အာဃာတအမုန်းသည် အပြုံး၏နောက်ကွယ်၌ အမြဲတမ်းပုန်းအောင်းနေခဲ့လေသည်။

ထို့ကြောင့် ဦးသိန်းဖေမြင့်သည် "အရှုံးထဲက အပြုံးသမားကြီး" မဟုတ်ဘဲ "အပြုံးထဲက အမုန်းသမားကြီး" သာဖြစ်ပေသည်။ သူ၏ အပြုံးသည်သည်း ငြိမ်းခါနီး မီးတောက်ကဲ့သို့ ကျဆုံးခါနီး အပြုံးသာလျှင် ဖြစ်လေသည်။

ဦးသိန်း ဖေမြင့်သည် အတ္တနှင့် မာနစွဲ ကြီးမား လှသောကြောင့် အများ၏ ဆန္ဒကိုပင် လိုက်နာနိုင်သော အရည်အချင်း ခံနိုင်ရည် မရှိခဲ့ပေ။ ဦးသိန်းဖေမြင့်သည် နွားကြိုးအတင်းမခံဘဲ ကြိုးဖြတ်ကန်ကြောက်တတ်သော အလေ့ရှိ၏။ မိမိ၏ ကိုယ်ပေါ်သို့ သူများ၏ လက်တလုံး အတင် မခံလိုဘဲ သူတပါး၏ ဦးခေါင်း ပေါ်သို့သာ သူ၏ ခြေထောက်ကို တင်လိုသူဖြစ်လေသည်။

ဦးသိန်းဖေမြင့်၏ ကျော်ကြားသော ဂုဏ်ထူးတရပ်ဖြစ်သည့် အယူအဆအခိုင်မာဆုံးပုဂ္ဂိုလ်ဟူသည်မှာလည်း အမှန်တကယ်အားဖြင့် အာဏာရ ဓနရှင်လူတန်းစားဖက်၌သာ အမြဲတမ်းရပ်တည်ရေးနှင့် ကွန်မြူနစ်ဆန့်ကျင်ရေးဟူသော ဤနှစ်ချက်၌သာလျှင် တကယ်တမ်း ခိုင်မာသူဖြစ်၍ အခြားပြဿနာများနှင့်ပတ်သက်လျှင်ကားလူတိုင်းထဲက လူတဦးသာလျှင် ဖြစ်ပေသည်။

"မုန်ယိုနေသော မင်းစီးဆင်ကြီး" သိန်းဖေမြင့်

ဓနရှင် လူတန်းစားများသည် ပါလီမန်မျက်နှာဖုံးကို ချွတ်ခွါလိုက်သကဲ့သို့ ဦးသိန်းဖေမြင့်သည်လည်း မာ့က်စ်ဝါဒမျက်နှာဖုံးကို နောက်ဆုံးချွတ်ခွါလိုက်ပြီဖြစ်လေသည်။

ဦးသိန်းဖေမြင့်သည် အမျိုးသားစာပေ လှုပ်ရှားမှု တရပ်ဖြစ်သော ဦးပုညနေ့ကိုလည်း ဆန့်ကျင်တိုက်ခိုက်ခဲ့၏။ စာနယ်ဇင်း ကောင်စီကိုလည်း တိုက်ခိုက်ခဲ့၏။သူ၏နောက်ဆုံးခြေကုတ်စခန်းဖြစ်သည့် စာရေးဆရာအသင်းကြီး၏ ဥက္ကဋ္ဌအဖြစ်မှလည်း ဖြုတ်ချခြင်းခံလိုက်ရသည်။

သူကိုယ်စားပြုနေသော ဓနရှင်လူတန်းစားသည် ပြည်သူ လူထု၏ တိုက်ပွဲကြား၌ ပြိုကွဲကျဆုံးနေသကဲ့သို့၊ ဓနရှင် လူတန်းစား၏ ရှေ့နေကြီး ဦးသိန်းဖေမြင့်မှာလည်း ခေါင်းမဖော်နိုင်လောက်အောင် တပါတည်း ကျဆင်းလျက်ရှိနေလေသည်။

ယနေ့ ဦးသိန်းဖေမြင့်သည် မုန်ယိုနေသောမင်းစီးဆင်ကဲ့သို့ မဲမဲမြင်တိုင်းလိုက်လံ နင်းချေရမ်းကား နေပြီဖြစ်လေသည်။ လက်ငင်း အုတ်မြစ်ချဆောက်လုပ်နေသော ငြိမ်းချမ်းရေး ဗိမာန်ကြီးကို မဖျက်ဆီး နိုင်စေရေးအတွက် အစွမ်းကုန် ကာကွယ်ရန်မှာ ပြည်သူ တရပ်လုံး၏ ကြီးမားသော တာဝန်တရပ်ဖြစ်နေပေသတည်း။

★ ★ ★

(၅)

ဦးသိန်းဖေမြင့်၏ နိုင်ငံတကာ့ရေးရာ အမြင်များ

ရှေ့ပိုင်း၌ ဘကျယ်တင်ပြခဲ့သည့်အတိုင်း ဦးသိန်းဖေမြင့်သည် နေ့ရှင်လူတန်းစား ကိုယ်စားလှယ် နိုင်ငံရေးသမား တဦးသာ ဖြစ်လေသောကြောင့် ကမ္ဘာ့အရေးအခင်း ပြဿနာများနှင့်ပတ်သက်၍ ဦးသိန်းဖေမြင့်၏ အမြင်နှင့် သဘောထားတို့မှာလည်း ပြည်တွင်းရေး သဘောထားကဲ့သို့ပင် ဖေါက်ပြန် မှားယွင်းလျက်ရှိနေလေသည်။ နေ့ရှင်လူတန်းစားအကျိုးကိုသာ နည်းအမျိုးမျိုးဖြင့် ကာကွယ်ခဲ့လေသည်။

၁၉၆၁-ခုနှစ် ကုန်ခါနီး၌ မာ့က်စ်ဝါဒ မျက်နှာဖုံးကို ချွတ်ချွတ်ခွါစပြုလာသော ဦးသိန်းဖေမြင့်အား အမေရိကန်နယ်ချဲ့သမားသည်အမေရိကန်ပြည်သို့ ဖိတ်ခေါ်ခဲ့လေသည်။ ဦးသိန်းဖေမြင့်အား အမေရိကန် အစိုးရက ဖိတ်ခေါ်ခြင်းနှင့် ပတ်သက်၍ "အံ့ဩ မကုန်နိုင်ဘွယ်-ကဲ-မယုံချင်နေ" ဟူသကဲ့သို့ မြန်မာနိုင်ငံ လက်ဝဲလောက၌ အထူးပင် ဂယက်ရိုက်ခတ် သွားခဲ့လေသည်။

အမှန်စင်စစ်အားဖြင့် ဦးသိန်းဖေမြင့်၏ နောက်ဆုံး သွားရာလမ်းကို ကြိုတင်ခန့်မှန်းပြီးဖြစ်သော အတွင်းသိများအဖို့ကား ထူးဆန်းအံ့ဩဖွယ် မဟုတ်ခဲ့ပါပေ။ သို့ရာတွင် တပည့်မွေးရန် အချိန်ရွေးတတ်၍ မြန်မာနိုင်ငံရေးကို မျက်ခြည်မပြတ် ချောင်းမြောင်းနေသောအမေရိကန် နယ်ချဲ့သမားကိုကား အထူးပင်အံ့ဩ သတိရှိဖို့ လိုအပ်လာပေသည်။

ထိုစဉ်က လမ်းစဉ် သတင်းစာမှ "မောင်းသံ ကြားလျှင် ပြေးပေတော့" ဟူသော ဆောင်းပါးဖြင့် တိုင်းပြည်သို့တင်ပြ သတိပေးခဲ့ပေသည်။

ဦးသိန်းဖေမြင့်ကိုယ်တိုင်လည်း "အနောက်ကိုလျှောက်ပါလို့ အရှေ့ကိုတဲ့မျှော်လိုက်ရင်" ဆိုသော အမေရိကန်ပြည်သွား ဆောင်းပါးစာအုပ်၌ အောက်ပါအတိုင်း ရေးသားထားပေသည်။

"ကျွန်တော်တို့ အမေရိကန်သွားမည်ဆိုတော့ သူ့ကိုအမေရိကန်က လက်ခံတယ်ကိုး....ဟု အံ့ဩနေသူများရှိ၏။ သိန်းဖေမြင့် အမေရိကန် သွားတယ်ကိုး....ဟုတွေးရင်ကြီးဖြစ်နေသူများလည်းရှိ၏။ အမေရိကန် နယ်ချဲ့

သမားနှင့် စေ့စပ်ပြီး အမေရိကန် အလိုတော်ရိဖြစ်သွားလို့ အမေရိကန် အစိုးရက ဖိတ်ခြင်းဖြစ်သည်ဟု လမ်းစဉ်သတင်းစာတွင် ဆောင်းပါးရေးသူကရေး၏။"

"ကျွန်တော့အားစောင့်၍ကြည့်ပါ" ဟူ၍ရေးသားထားလေသည်။

ဦးသိန်းဖေမြင့် ပြောသလိုပင် သူ့ကိုစောင့်ကြည့် နေသောအခါ ဦးသိန်းဖေမြင့်သည် ပြည်တွင်းရေးမှာကဲ့သို့ပင် နိုင်ငံတကာ့ အရေး၌လည်း လူတန်းစားကွဲပြားမှုကို မကြည့်ဘဲ၊ အကြွင်းမဲ့ညီညွတ် ပူးပေါင်းရေးသမားသာဖြစ်ကြောင်းတွေ့ရပြန်လေတော့၏။

အမေရိကန် နယ်ချဲ့သမားသည် နိုင်ငံတကာတွင် ကိုလိုနီကျွန်လုပ်စံနစ်သစ်တရပ်ကို ကျူးလွန်နေသူဖြစ်လေသည်။ ၁၉၄၅-ခုနှစ်တွင် ဂျပန်ပြည်ပေါ်၌ အနုမြူဗုံးနှစ်လုံးချ၍ လူ ၃သိန်း ကျော်ကိုရက်ရက်စက်စက် သတ်ဖြတ်ပစ်ခဲ့သည်။

၁၉၅၀-ခုနှစ်မှာ ကိုရီးယားစစ်ပွဲတွင် ရောဂါပိုးဗုံးများ အဆိပ်ငွေ့ဗုံးများနှင့်စစ်ဆင်၍သုတ်သင်ခဲ့သည့်အတွက်ကိုရီးယားပြည်သူ ၃-သန်းမျှ ဆေးဆုံးစေခဲ့သည်။

ယခုတောင်ဗီယက်နမ်တွင်လည်းအဆိပ်များကြဲ၍စစ်ဆင် တိုက်ခိုက်နေသည်။ နေရာတကာမှာအနှံ့ စစ်စခန်းများတည်ဆောက်ခြင်း၊ ပြည်သူတွေထားသိး တောင်းဆိုနေလျက်ကအနုမြူဗုံးများကို အမျိုးမျိုးစမ်းခြင်း၊ နိုင်ငံခြားများသို့ အကူအညီဆိုသည်မှာလည်း နှောင်ကြိုးများဖြင့် စစ်ရေးအကူအညီသာများခြင်းစသည်တို့ကြောင့် ကမ္ဘာ့အလယ်တွင် သိက္ခာကျနေ၏။ ဤတွင် ဂုဏ်ပြန်ဆယ်မိစေရန် အမေရိကန်အစိုးရက ငြိမ်းချမ်းရေးတပ်ဖွဲ့ဆိုသည်ကို နိုင်ငံအများသို့ လွှတ်ပါမည် လက်ခံတော်မူကြပါဟု ဆွမ်းကြီးလောင်းနေသည်။အားလုံးကပင်၎ငြိမ်းချမ်းရေးတပ်ကိုလက်မခံလိုကြောင်းငြင်းဆိုကြသည်။

အမှန်က ထိုငြိမ်းချမ်းရေးတပ်ဖွဲ့အတွက် သုံးငွေမှာ ဒေါ်လာသန်း ၄၀-ကျော်ဖြစ်ပြီး အခြားစစ်ရေး အကူအညီ အမျိုးမျိုးမှာ ဒေါ်လာသန်း ၄၀၀၀-ကျော်ဖြစ်လေသည်။

"ထို့ကြောင့် ငြိမ်းချမ်းရေး ဝန်ထမ်းတပ်အတွက် ပေးသော အကူအညီမှာ နိုင်ငံခြား စစ်မက်ရေးရာ အကူအညီ၏ အပုံ ခြောက်ဆယ်ပုံ၊ တပုံတောင်ရှိမည် မဟုတ်" ဟု ဦးသိန်းဖေမြင့်က အထက်ပါ စာအုပ်တွင် ဆက်လက်ရေးထား၏။

ဤလိုတပ်ဖွဲ့မျိုးမှာဆင်ပါးစင်နှမ်းပက်သလိုသာမက–အမေရိကန်၏ သူလျှိုတပ်ဖွဲ့အဖြစ်လည်း ချက်ချင်း အသွင်ပြောင်းနိုင်သည့် တပ်ဖွဲ့မျိုးဖြစ်သည်။ ဤလို တပ်ဖွဲ့မျိုးကို နယ်ချဲ့စံနစ် ဆန့်ကျင်လိုသူ တိုင်းပြည် တိုင်းက 'ခါထုတ်'နေဆဲတွင်သူ့ကိုယ်သူစောင့်ကြည့်ရန်ပြောသောဦးသိန်းဖေမြင့်က ငြိမ်းချမ်းရေးတပ်ဖွဲ့ကို မြန်မာပြည်က လက်ခံသင့်ကြောင်း ထောက်ခံ လိုက်ခြင်းအားဖြင့် အမေရိကန် အစိုးရအဖို့ ဦးသိန်းဖေမြင့်အား ဖိတ်ရကျိုး နပ်ခဲ့ပေသည်။

"ကချို့ဗမာ သတင်းစာတွေက ငြိမ်းချမ်းရေး ဝန်ထမ်း တပ်ဖွဲ့ကို အမေရိကန် သူလျှိုအဖွဲ့လို့ ရေးလိုက်တာ တွေ့လိုက်ရတယ်။ ကျွန်တော်မကြိုက်ဘူး အမေရိကန်ဟာ ဒီလူငယ်တွေကို သူလျှို လုပ်ခိုင်းဖို့ မလိုပါဘူး၊ သူလျှို လုပ်ခိုင်းချင်ရင် ဗမာထဲမှာလဲ အများကြီးရနိုင်မှာပေါ့"ဟု ဦးသိန်းဖေမြင့်ကဆက်ရေးခဲ့၏။

ထိုစာပိုဒ်ထဲတွင် အမေရိကန်နယ်ချဲ့သမား၏ လစ်ရပ်ကို ဝေဖန်အပြစ်ဆိုသူများအား ဦးသိန်းဖေမြင့်က ပုတ်ခတ်တိုက်ခိုက်ပြီးငြိမ်းချမ်းရေးဝန်ထမ်းတပ်ကို အကာအကွယ်ပေးခဲ့လေသည်။

"အမြဲတမ်း အသားစားနေသော ကျားကို ယနေ့ သက်သတ်လွတ် စားအောင်လုပ်နိုင်ပါပြီ" ဟူသောဆောင်ပုဒ်ဖြင့်ဦးသိန်းဖေမြင့်သည်နယ်ချဲ့သမားအပါအဝင် ခေရှင် လူတန်းစားများကို သက်သတ်လွတ် စားနေပြီဖြစ်သော ကျားသူတော်စဉ်များ ဖြစ်လာမယောင် လုပ်ကြံ ဝါဒ ဖြန့်၍ လျက်နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများကိုနှောက်ယှက်တန့်တားရန်"ဆီးချုပ်ဝမ်းချုပ်ဆေး"သဘောတရားရေးကိုလည်း ပေါ်ပေါက်ခဲ့လေသည်။

"စစ်တားဆီးရေး၊ကမ္ဘာ့ငြိမ်းချမ်းရေး" သဘောထားနှင့်ပတ်သက်၍လည်း ဦးသိန်းဖေမြင့်သည် ပေါ်ကြီးမြေညို့ သကဲ့သို့ ကမ္ဘာ့ပြည်သူများအား မလှုပ်ရှားနိုင်အောင်လုပ်ကာ ရန်သူ၏ ခံတွင်းဝ၌ ဒူးထောက်အစားခံရေး သဘောထားကိုသာ အမြဲတမ်း တင်ပြခဲ့ပေသည်။

ဦးသိန်းဖေမြင့်သည် အနုမြူဆန့်ကျင်ရေး ကန့်ကွက်ပွဲများ၌ "ဆိုဗီယက်က ခွဲသည်ဖြစ်စေ၊ အမေရိကန်ကခွဲသည်ဖြစ်စေ ၂-ဖက်လုံးကို ရှုတ်ချကန့်ကွက် ရမည်" ဟူ၍ခေရှုး၏ သဘောထား အတိုင်း ထား ရှိထူ လည်းဖြစ်၏။ အမှန်အားဖြင့် အမေရိကန်၏ အနုမြူဗုံးသည် ကမ္ဘာစစ် ဖန်တီးရေး၊ ကျူးကျော်ရေးဖြစ်၍ ဆိုဗီယက်ယူနီယံ၏ အနုမြူဗုံးသည် စစ်တားဆီးရေး-နယ်ချဲ့ကျူးကျော်မှု ကာကွယ်ရေးဖြစ်ကြောင်းကို ဦးသိန်းဖေမြင့်

သည် နယ်ချဲ့နှင့် သူ၏ ခေရှင် လူတန်းစားအကျိုးအတွက် သိလျက်နှင့်တမင်ဖုံးကွယ်ထားလိုပေသည်။

၁၉၆၁–ခုၾသဂုတ် ကြားနေနိုင်ငံများ၏ကွန်ဖရင့်၌ ကျူဘား၊ အင်ဒိုနီးရှားစသောတည့်မတ်သည့်ကြားနေများနှင့်ခေရှုး–ဦးနုစသောယိမ်းယိုင်သည့် ကြားနေအင်အား စုများအယူအဆ ကွဲလွဲချက်များ ဖြစ်ခဲ့စဉ်ကလည်း ဦးသိန်းဖေမြင့်သည် ခေရှုး–ဦးနုတို့ဖက်မှ ထောက်ခံခဲ့လေသည်။

တည့်မတ်သော ကြားနေနိုင်ငံ ကိုယ်စားလှယ်များက "စစ်တားဆီးရေးကမ္ဘာ့ငြိမ်းချမ်းရေး"အတွက် နယ်ချဲ့ဆန့်ကျင်ရေး ကိုလိုနီလွတ်မြောက်ရေးတိုက်ပွဲများကို ထောက်ခံအားပေးရမည်ဟူ၍ တင်ပြလျက် ခေရှုးတို့က "အနုမြူပိတ်ပင်ရေး အဓိက"ဟု တင်ပြကာ ကွဲလွဲခဲ့ကြ၏။

ဦးသိန်းဖေမြင့်က သဘောထားနှစ်ရပ် ကွဲခဲ့ရာ၌လည်း ခေရှုးတို့က ပိုမို၍ အမြော်အမြင်ကြီးသည်ဟု ဆိုခဲ့လေသည်။

ဦးသိန်းဖေမြင့်သည်ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုများနှင့်ပတ်သက်၍ ခေရှင် လူ တန်း စား အ ကျိုး အတွက် လိုသလို အသုံးချနိုင်ရေး အတွက် "လက်နက်ဖျက်သိမ်းရေး ကောင်စီ" ခေါ် စင်ပြိုင်အဖွဲ့တခုကို ဖွဲ့စည်းရန် အားပေးခေါင်းဆောင်ခဲ့ပြီး၊ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ) အားဖြိုခွဲတိုက်ခိုက်ခဲ့သည်။

"တရုပ်အိန္ဒိယနယ်စပ် အရေးအခင်း"နှင့် ပတ်သက်သော ပြဿနာ၌လည်း၊ ဦးသိန်းဖေမြင့်၏ အမြင်နှင့် သဘောထားသည် အမေရိကန် နယ်ချဲ့သမား၏ အမြင်နှင့် ကွဲလွဲချက်မရှိ တထပ်တည်း တပုံစံတည်းပင် ဖြစ်နေပေသည်။

တရုပ် ဆိုဗီယက်နိုင်ငံရေး သဘောထား ကွဲလွဲမှုများနှင့် ကြုံကြိုက်လာသောအခါ ဦးသိန်းဖေမြင့်သည် နယ်ချဲ့ နောက်လိုက် တီတိုးကဲ့သို့ ထိုကွဲလွဲမှုကြီးကို ချက်ကောင်းယူကာ မစ္စတာကရှူးရှော့ကို အကာအကွယ်ယူ အသုံးချပြီးလျှင် မာ့က်စ်ဝါဒ ဖျက်ဆီးရေး–တရုပ်ဆန့်ကျင်ရေး လုပ်ငန်းများကို ကလောင်သွက်စွာ လှုံ့ဆော်ရေးသားလာခဲ့ပြန်လေသည်။

တရုပ်နှင့် ဆိုဗီယက် သဘောထား ကွဲလွဲမှုပြဿနာများ၌ ဦးသိန်းဖေမြင့်သည် မာရှယ် တီတိုးကဲ့သို့ပင် ကရှူးရှော့ဖက်မှ တက်ကြွစွာထောက်ခံသယောင်ပြုနေသော်လည်း အတွင်းကြိတ်အားဖြင့်ကား၊ မစ္စတာကရှူးရှော့ကို သူ၏ နောက်လိုက် တပည့်ကြီး ဘဝယ်သာ သဘောထားသူ ဖြစ်လေသည်။

ထို့ကြောင့် ဦးသိန်းဖေမြင့်သည် ပြည်တွင်းရေး၌သာမက ဗိုလ်တထောင် သတင်းစာကို လက်ကိုင်ထား၍ နိုင်ငံတကာ့ ရေးရာ ပြဿနာများကိုပါ ဝင်ရောက်ရှုတ်ထွေးအောင် ပြုနေသူဖြစ်လေသည်၊

နိုင်ငံတကာအရေးနှင့် ပြည်တွင်းရေးသည် ဆက်စပ်နေသည့်အတိုင်း ဦးသိန်းဖေမြင့်သည် ပြည်တွင်းရေး၌ ဗမာကွန်မြူနစ်များကို တိုက်ခိုက်ရင်း မနေရှင်လူတန်းစားများကို ကာကွယ်နေသကဲ့သို့၊ နိုင်ငံတကာ့ အရေး၌လည်း ကရုရှေ့ကို ထောက်ခံအယောင်ပြုကာ တရုတ်ကွန်မြူနစ်ပါတီကို ဆန့်ကျင်တိုက်ခိုက်ရင်း နယ်ချဲ့သမားများ (အထူးသဖြင့်အမေရိကန်နယ်ချဲ့သမား)ကို အကူအညီပေးနေသူဖြစ်လေသည်။

ယနေ့ မျက်မှောက်ကာလ၌ ဦးသိန်းဖေမြင့်သည် ပြည်တွင်းမနေရှင်လူတန်းစား၏ကိုယ်စားလှယ်သာမက၊ ကမ္ဘာ့နယ်ချဲ့ဂိုဏ်းကြီးကိုပါ တဖက်တည်း ကာကွယ်အကျိုးပြုနေသော ကမ္ဘာ့ပေါက်ပြန်ရေး ကိုယ်စားလှယ်တဦးဖြစ်နေလေပြီ။

(၁၂-၈-၆၃)နေ့ ဗိုလ်တထောင် သတင်းစာ "ပွင့်ပွင့်လင်းလင်း" အခန်း၌ ဦးသိန်းဖေမြင့်သည် သခင်စိုးအား "လူနေခြင်းကြား-စိတ်နေဘုံများ"ဟူ၍ ကလိရင်း သရော် ရေးသားခဲ့၏။ အမှန်အားဖြင့် ဦးသိန်းဖေမြင့်သာလျှင် ကောက် စ ကီး - တီတိုး တို့၏ အရိုက်အရာကို ဆက်ခံရန် စိတ်ကူးယဉ် မြော်မှန်းနေသူတဦး ဖြစ်ပေသည်တကား။

☆ ☆ ☆

လက်ရွေးစဉ် (၅)

ဖဆပလခြေလှမ်း

၉၊ ဂ၊ ၆၃ နေ့တွင် ပြည်တွင်းငြိမ်းရေး အလားအလာများ ကောင်းမွန်တိုးတက်လျက်ရှိသည်ကို ပျက်ပြားစေရန် အားထုတ်မှုကြောင့်၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းနှင့်တကွ ၁၁-ဦးအား ဖမ်းဆီးလိုက်သည်။ ဖေါက်ပြန်ရေး သမား များ၏ နောက်ထပ် လုပ်ကြံမှုတခုကို မဖန်တည်းနိုင်စေ အချိန်မီ တားဆီးလိုက်ခြင်း ဖြစ်သည်။ သမ်းစဉ်သတင်းစာ အယ်ဒီတာအဖွဲ့က ယင်းအန္တရာယ်ကို ကြိုတင်မြင်ကာ ၁၊ ဂ၊ ၆၃ နေ့ကပင်စတင်၍ နယ်ကိုယ်စာ လှယ်များသို့ စက်တင်ဘာလ ၁ ရက်နေ့တွင် ဖဆပလ ခြေလှမ်းအားလက်ရွေးစဉ် (၅) အဖြစ်ထုတ်ဝေမည်ဖြစ်ကြောင်း အကြောင်းကြားထားပြီးဖြစ်သည်။

ဖဆပလ အပါအဝင် နယ်ချဲ့သူလျှိုဖေါက်ပြန်ရေး ခေါင်းဆောင်များအား ဖမ်းဆီးချုံ့မှုဖြင့်မပြီး သေး၊ လူထုနည်းနှင့်ပါ ဝိုင်းပယ်နိုင်ရန်လိုသည်။ ၎င်းတို့၏ ၁၀-နှစ် ၁၀-မိုးစိုးပိုင်ခဲ့သူကိုရင်း၊ အမေရိကန် နယ်ချဲ့သမားနှင့် လျှို့ဝှက်စွာ ဆက်သွယ်၍ မြန်မာပြည်အတွင်းကွန်မြူနစ်ဆန့်ကျင်ရေး၊ မိုလ်ချုပ်အစိုးရ ဖယ်ရှားရေး၊ပါလီမန် ဒီမိုကရေစီပြန်လည်တောင်းရေး တို့အတွက် ပြင်ဆင်မှုများကိုဖွင့်အန်ဖေါ်ထုတ်ထားသည့် စာအုပ်ကောင်းတအုပ်ပြုစုလိုက်ခြင်းဖြစ်သည်။

လက်ရွေးစဉ် (၅)

ဖဆပလ ခြေလှမ်း

ထာဝရဖမ်းဆီးခဲ့သူများသာဖြစ်သည့်ဖဆပလများအဖမ်းခံရစဉ်က တပြည်လုံး လှုပ်လှုပ် ရှရှ ဖြစ်သွားသလို ဤစာအုပ် ထွက်လာလျှင် လည်း တပြည်လုံးလှုပ်လှုပ်ရှရှဖြစ်သွားစေမည်-

ကြိုတင် နယ်မှအမှာစာ မပို့ရသေးသူများမှာပေါ့။
စက်တင်ဘာလ ၁-ရက်နေ့ထွက်မည်။